Thiha Development Company Limited မှ တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ ကွင်းအမှတ် (၂၆)၊ ဦးပိုင်အမှတ်(၄၀)၊ မြေကွက်အမှတ် (၄၆/၄၈)ရှိ မြေဧရိယာ(၁.၄၁၁)ဧကတွင် Taunggyi Shopping Centre အမည်ဖြင့် ဈေးဆိုင်ခန်း၊ လူနေတိုက်ခန်းနှင့်ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရန် ကော်မရှင် အစည်းအဝေးသို့တင်ပြရန်ကြာချိန်

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့် နေ့စွဲ	ပြန်ကြားချက် ရရှိသည့် နေ့စွဲ	မှတ်ချက်
၁။	အဆိုပြုချက်လက်ခံရရှိခြင်း	၈-၂-၂၀၁၆	-	-
၂။	**သဘောထားမှတ်ချက်တောင်းခံခြင်း**			
	(က) ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး	၂၆-၂-၂၀၁၆	၂၉-၂-၂၀၁၆	
	(ခ) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန	၂၅-၂-၂၀၁၆	၁၁-၃-၂၀၁၆	
	(ဂ) ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီး ဌာန	၂၆-၂-၂၀၁၆	၇-၃-၂၀၁၆	
	(ဃ) မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း	၂၂-၃-၂၀၁၆	၂၉-၃-၂၀၁၆	
၃။	PATအစည်းအဝေး(၈/၂၀၁၆)(၂၃-၂-၂၀၁၆) သို့ တင်ပြခြင်း	၂၃-၂-၂၀၁၆		
၄။	PAT အစည်းအဝေး ဆုံးဖြတ်ချက် ကုမ္ပဏီသို့ ပြန်ကြားသည့် ရက်စွဲ	၁-၃-၂၀၁၆		
၅။	သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ သဘောထား မှတ်ချက်နှင့်အညီဆောင်ရွက်မည် ဖြစ်ကြောင်း ဝန်ခံကတိ ပေးပို့ခြင်း	၁၈ -၃-၂၀၁၆		
၆။	ကုမ္ပဏီမှအဆိုပြုလွှာ(၁၀)စုံ ပြန်လည်ပေးပို့ခြင်း PATအစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ ကုမ္ပဏီ မှ ပြင်ဆင်တင်ပြခြင်း	၁၁ -၃-၂၀၁၆		
၇။	ကော်မရှင် အစည်းအဝေးသို့ တင်ပြမည့် အကြိမ် / နေ့ရက်	၁၂/၂၀၁၆		
	စုစုပေါင်းကြာမြင့်ရက်	**(၁၂၃)ရက်**		

ကုမ္ပဏီအမည်	- Thiha Development Company Limited
အဖွဲ့အစည်းပုံသဏ္ဍာန်	- လီမိတက်ကုမ္ပဏီ(Private Company ဖြစ်ပါသည်။)
လုပ်ငန်းအမျိုးအစား	- ဈေးဆိုင်ခန်း၊ လူနေတိုက်ခန်းနှင့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း
တည်နေရာ	- ရှမ်းပြည်နယ်၊တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ ကွင်းအမှတ် (၂၆) ၊ ဦးပိုင်အမှတ်(၄၀)၊မြေကွက်အမှတ် (၄၆/၄၈)ရှိ မြေဧရိယာ (၁.၄၁၁) ဧက
စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	- ကျပ် ၃၁၅၇၈.၀၀ သန်း (US$ ၁၂.၆၈ သန်းအပါအဝင်)
လုပ်ငန်းသက်တမ်း	- နှစ် (၅၀)
အရင်းကြေကာလ	- (၅)နှစ် (၄)လ
IRR	- ၁၉ %

အထက်ပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ Cost & Benefit ကို အောက်ပါဇယားဖြင့် ပြုစုတင်ပြ အပ်ပါသည်-

စဉ်	အကြောင်းအရာ	Cost (ကျပ်သန်း)	Benefit (ကျပ်သန်း)
၁	နိုင်ငံ့ဝန်ထမ်းလစာ	၁.၈၀ (တစ်နှစ်)	-
၂	ကုမ္ပဏီမှတ်ပုံတင်ကြေး	-	၁.၁၆
၃	သွင်းကုန်ခွန်ကင်းလွတ်ခွင့်	၀.၇၉	-
၄	ကုန်သွယ်လုပ်ငန်းခွန်	-	၂၅၆၇.၇၁
၅	ဝင်ငွေခွန်	၅၃၂၀.၁၇	၃၅၉၇၀.၅၅
၆	CSR (၂ %)	-	၆၁၈.၉၄
၇	အလုပ်အကိုင်အခွင့်အလမ်း		ပြည်တွင်း ဝန်ထမ်း ၁၅၀ ဦး အလုပ်အကိုင် ရရှိမည်ဖြစ်၍ ဒေသ အလုပ် အကိုင် အခွင့် အလမ်းနှင့် ဒေသ စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုကို အထောက်အကူ ပြုစေပါ သည်။
၈	စုစုပေါင်း	ကျပ် ၅၅၃၀.၄၅ သန်း	ကျပ် ၃၉၁၅၈.၃၆ သန်း
၉	Cost : Benefit	၁:၇	

Thiha Development Company Limited မှ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ ကွင်းအမှတ် (၂၆)၊ ဦးပိုင်အမှတ်(၄၀)၊ မြေကွက်အမှတ် (၄၆/၄၈)ရှိ မြေဧရိယာ(၁.၄၁၁)ဧကတွင် Taunggyi Shopping Centre အမည်ဖြင့် ဈေးဆိုင်ခန်း၊ လူနေတိုက်ခန်းနှင့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအား လုပ်ကိုင် ဆောင်ရွက်ခွင့် နှင့် စပ်လျဉ်းသည့် အဓိကအချက်များ

၁။	ကုမ္ပဏီအမည် လုပ်ငန်းအဆိုပြုသူအမည် အဖွဲ့အစည်းပုံသဏ္ဍာန် အဆိုပြုလုပ်ငန်းအမျိုးအစား လုပ်ငန်းတည်နေရာ / မြေအကျယ်အဝန်း	- Thiha Development Company Limited - ဦးဇော်လင်း - လီမိတက်ကုမ္ပဏီ(Private Company ဖြစ်ပါသည်။) - Taunggyi Shopping Centre အမည်ဖြင့် ဈေးဆိုင်ခန်း၊ လူနေတိုက်ခန်းနှင့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း - ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီပိုင်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊တောင်ကြီးမြို့၊ကန်ရှေ့ရပ်ကွက် ၊ ကွင်းအမှတ် (၂၆) ၊ ဦးပိုင်အမှတ်(၄၀)၊ မြေကွက်အမှတ် (၄၆/၄၈)ရှိ မြေ ၁.၄၁၁ ဧက
၂။	တည်ဆောက်ရေးကာလ	- ၁ နှစ် နှင့် ၉ လ
၃။	တည်ဆောက်ရေးလုပ်ငန်းကို ခွဲဝေခံစားသည့် စနစ်ဖြင့် အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်း သဘောတူစာချုပ် (မူကြမ်း)ပါ အဓိက အချက်များ	ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက် နှင့် အညီ ရှမ်းပြည်နယ် စည်ပင်သာယာရေး ကော်မတီနှင့် Thiha Development Company Limited တို့ ၇-၁၀-၂၀၁၄ ရက်နေ့တွင် အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်း သဘောတူစာချုပ်အား ချုပ်ဆိုခဲ့ပြီး ၂၅-၃-၂၀၁၆ ရက်နေ့တွင် ပြင်ဆင် ချုပ်ဆိုခဲ့သည့် ပြင်ဆင်ချက် စာချုပ်ပါ အဓိကအချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်- (က)တည်ဆောက်မှု လုပ်ငန်းများ အားလုံးကို လုပ်ကိုင် ဆောင်ရွက်ရန် ခွင့်ပြုသည့် သက်တမ်းကာလသည် (၃)နှစ်ဖြစ်ပါသည်။ **[ပြင်ဆင်စာချုပ်အပိုဒ်-၇]** (ခ) အပိုင်း(၁) တည်ဆောက်ရေး လုပ်ငန်းများကို (၇-၁၀ ၂၀၁၄) ရက်နေ့မှ (၃၁-၃-၂၀၁၆) ရက်နေ့အပြီး ဆောင်ရွက်ရမည်။အပိုင်း(၂)တည်ဆောက်ရေး လုပ်ငန်းကို(၁-၄-၂၀၁၆) ရက်နေ့မှ (၇-၁၀-၂၀၁၇) ရက်နေ့ အတွင်းပြီးစီးအောင်ဆောင်ရွက်ရမည်။ **[ပြင်ဆင်စာချုပ်အပိုဒ်-၇]** (ဂ) အကျိုးတူရင်းနှီးမြှုပ်နှံသူမှ လုပ်ငန်း အာမခံငွေကျပ် ၅၀ သန်းကို စာချုပ်ချုပ် ဆိုသည့်နေ့တွင် တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန၏ ငွေစာရင်းတွင် အာမခံအပ်ငွေအဖြစ်ပေးသွင်းရမည်။ **[မူလစာချုပ်အပိုဒ်-၈]**

		(ဃ) "အကျိုးတူပူးပေါင်းဆောင်ရွက်သူ"သည်ရှမ်းပြည်နယ် အစိုးရ ဘဏ္ဍာ ရန်ပုံငွေ (ဘတ်ဂျက်)သို့ ပေးသွင်းရမည့် ၅%ငွေကျပ် ၃၆၀.၉၃သန်းအားအပိုင်း(၁) တည်ဆောက်ရေးကာလ စေ့ရောက်သည့်နေ့မှ နောက် ၃ လ အတွင်း ပေးသွင်းရမည်။ **[ပြင်ဆင်စာချုပ်အပိုဒ်-၈]** (င) အပိုင်း(၂)တည်ဆောက်ရေးလုပ်ငန်းတွင် ရှမ်းပြည်နယ် အစိုးရ ဘဏ္ဍာရန်ပုံငွေ (ဘတ်ဂျက်) သို့ ပေးသွင်းရန် ၅% ငွေကျပ် ၂၁၇.၅၅၈၇၅ သန်း အား "အကျိုးတူ ပူးပေါင်းဆောင်ရွက်သူ"နှင့် "အကျိုးတူ ရင်းနှီးမြှုပ်နှံသူ"တို့မှ၅၀%စီကိုအပိုင်း(၂) တည်ဆောက်ရေးကာလ စေ့ရောက်သည့်နေ့ မှ နောက်၃ လအတွင်း ပေးသွင်းရမည်။**[ပြင်ဆင်စာချုပ်အပိုဒ်-၉]** (စ) အပိုင်း(၂) တည်ဆောက်ရေး လုပ်ငန်းတွင် ရှမ်းပြည် နယ်အစိုးရ ဘဏ္ဍာရန်ပုံငွေ (ဘတ်ဂျက်)သို့ ပေးသွင်း ရမည့် ၅% ငွေ ကျပ် ၂၁၇.၅၅၈၇၅ သန်း အား "အကျိုးတူ ပူးပေါင်း ဆောင်ရွက်သူ" နှင့် "အကျိုးတူ ရင်းနှီးမြှုပ်နှံသူ"တို့မှ ၅၀% စီကို သီးခြား အစီအစဉ်ဖြင့် ပေးသွင်းရမည်ဖြစ်ပါသည်။**[ပြင်ဆင်စာချုပ်အပိုဒ်-၁၀]** (ဆ) အကျိုးတူ ရင်းနှီးမြှုပ်နှံသူမှ အကျိုးအမြတ်ခွဲဝေ ရရှိ သည့် ဧရိယာများအား ဟိုတယ်လုပ်ငန်း၊ ကုန်တိုက် လုပ်ငန်း၊ ရုပ်ရှင်ရုံစသည့် လုပ်ငန်းများ ဆောင် ရွက် ခြင်းအတွက် ကုန်ခြောက်သားငါးဈေး မြေဧရိယာ (၁.၄၁၁)ဧကပေါ်တွင် တစ်နှစ် မြေငှားရမ်းခ ကျပ် ၁၈.၄၃၉ သန်းကို အကျိုးတူ ပူးပေါင်း ဆောင်ရွက် သူထံ နှစ်စဉ် ဧပြီလအတွင်း ပေးသွင်းရမည်။ **[ပြင်ဆင်စာချုပ်အပိုဒ်-၁၁]** (ဇ) စီမံကိန်းဧရိယာအတွင်း ဈေးဟောင်း ဖျက်သိမ်းခြင်း လုပ်ငန်း၊ အကြိုအင်ဂျင်နီယာ လုပ်ငန်းများနှင့် မြေကြီး တူးဖော်ခြင်း လုပ်ငန်းများအား (၁၅-၂-၂၀၁၄) ရက် နေ့မှစတင် ဆောင်ရွက်ရန်နှင့် MoU လက်မှတ် ရေးထိုးသည့် (၁၁-၄-၂၀၁၄)ရက်နေ့မှ စတင်၍ ၃ လ အတွင်း အကြိုအင်ဂျင်နီယာလုပ်ငန်းများ ပြီးစီးရန် ဖြစ် သော်လည်း သဘာဝဘေး အန္တရာယ်ရေး တည် ဆောက်ရေးလုပ်ငန်းများ ပြီးစီးရမည့် ကာလကို

		အတိုင်ပင်ခံ အင်ဂျင်နီယာများ၏ လမ်းညွှန်ချက်နှင့်အညီ တည်ဆောက်ရေးကာလ သတ်မှတ်ချက် (Schedule)အတိုင်း လိုက်နာ ဆောင်ရွက်သွားရန်နှင့် ယခု စာချုပ် ချုပ်ဆိုသည့်(၇-၁၀-၂၀၁၄)ရက်နေ့အား လုပ်ငန်းကာလ စတင်ရက်အဖြစ် သတ်မှတ်ရန် သဘောတူပါသည်။ **[မူလစာချုပ်အပိုဒ်-၂၅]** (ဈ) လုပ်ငန်းစတင်သည့် ရက်မှ အပိုင်း(၁) တည်ဆောက်ရေးလုပ်ငန်း (၁) နှစ် (၅) လ (၂၄) ရက် တာ ကာလ (၇-၁၀-၂၀၁၄) ရက်နေ့မှ (၃၁-၃-၂၀၁၆) ရက်နေ့အထိ၊ အပိုင်း(၂) တည်ဆောက်ရေး လုပ်ငန်း (၁)နှစ် (၆)လ (၆)ရက်တာ ကာလ (၁-၄-၂၀၁၆) ရက်နေ့မှ (၇-၁၀-၂၀၁၇)ရက်နေ့အထိ စုစုပေါင်း (၃)နှစ်အတွင်း အဆောက်အဦများ အားလုံး ဆောက်လုပ် ပြီးစီးစေရမည်။ **[ပြင်ဆင်စာချုပ်အပိုဒ်-၂၆]** (ည) ဤစာချုပ်ပါ လုပ်ငန်းများကို ခိုင်လုံသော အကြောင်းပြချက်ဖြင့် "အကျိုးတူ ပူးပေါင်း ဆောင်ရွက်သူ" (သို့မဟုတ်) "အကျိုးတူ ရင်းနှီးမြှုပ်နှံသူ"က ဆက်လက်မဆောင်ရွက်လိုလျှင် (၁)လ ကြိုတင်၍ စာဖြင့် အကြောင်းကြားပြီး နှစ်ဦးနှစ်ဖက် သဘောတူညီချက်ဖြင့် စာချုပ်ကို ရပ်စဲလိုသည့်အခါ စာချုပ် ရပ်စဲခွင့်ရှိသည်။ **[မူလစာချုပ်အပိုဒ်-၃၉(င)]**
၄။	**မတည်ငွေရင်းပမာဏ**	- **ကျပ် ၃၁၅၇၈.၀၀ သန်း** (US$ ၁၂.၆၈ သန်း အပါအဝင်)
	- ငွေသား	- ကျပ် ၃၀၀၀.၀၀ သန်း
	- စက်ပစ္စည်း	- ကျပ် ၄၇၈၅.၀၀ သန်း (US$ ၂.၈၀သန်း အပါအဝင်)
	- ပရိဘောဂနှင့် လုပ်ငန်းသုံးပစ္စည်းများ	- ကျပ် ၁၉.၀၀ သန်း
	- အဆောက်အဦများ	- ကျပ် ၂၃၇၇၄.၀၀ သန်း (US$ ၉.၈၈သန်း အပါအဝင်)
၅။	ဝန်ဆောင်မှု(၆)နှစ်မြောက်	**ဈေးဆိုင်ခန်းငှားရမ်းခြင်း**

စဉ်	အကြောင်းအရာ	အကျယ်အဝန်း (စတုရန်းပေ)	(ပထမထပ်မှ တတိယထပ်အထိ တစ်လလျှင် တစ်စတုရန်းပေ ငှားရမ်းခနှုန်း)
(က)	ပထမထပ်	၂၉၆၂၉.၅	၁၀၀၀
(ခ)	ဒုတိယထပ်	၃၂၈၆၉.၅	၈၀၀
(ဂ)	တတိယထပ်	၂၉၈၈၁.၄	၅၀၀

ရုပ်ရှင်ရုံ၊ကလေးကစားကွင်းနှင့်စားသောက်ဆိုင်များငှားရမ်းခြင်း (စတုတ္ထထပ်)

အကြောင်းအရာ	ငှားရမ်းမည့် ဧရိယာ (စတုရန်းပေ)	တစ်လလျှင် တစ်စတုရန်းပေ ငှားရမ်းခ နှုန်း(ကျပ်)
- ရုပ်ရှင်ရုံ၊ကလေးကစားကွင်း နှင့် စားသောက်ဆိုင်	၃၀၇၀၄	၈၀၀

အစည်းအဝေးခန်းမ၊ စားသောက်ဆိုင်၊ ရေကူးကန်နှင့် အားကစားရုံများ ငှားရမ်းခြင်း(ပဉ္စမထပ်)

အကြောင်းအရာ	ငှားရမ်းမည့် ဧရိယာ(Sq ft)	တစ်စတုရန်းပေ ငှားရမ်းခ နှုန်း(ကျပ်)
- ငှားရမ်းမည့် ဧရိယာ	၂၂၃၈၂.၂၄	၇၀၀

ဟိုတယ် (၆-ထပ်မှ ၁၁- ထပ်အထိ)

အမျိုးအစား	အခန်း အရေ အတွက်	ဝန်ဆောင်ခနှုန်း	
		US$	ကျပ်
- Standard Room	၁၄၅	၅၅	၅၅,၀၀၀

Apartment Rental (၆-ထပ်မှ ၁၁- ထပ်အထိ)

အကြောင်းအရာ	ငှားရမ်းမည့် လူနေ အိမ်ခန်း	တစ်လ ငှားရမ်းခ နှုန်း (ကျပ်)
- အဆင့်မြင့်လူနေအိမ်ခန်း	၄၉	၅၀၀,၀၀၀

၆။	ဝင်ငွေ အသားတင်အမြတ်(၆ နှစ်မြောက်)	- US$ ၂.၉၁ သန်း ၊ ကျပ် ၄၉၆၅.၁၂ သန်း - ကျပ် ၄၄၁၆.၅၂ သန်း
၇။	နိုင်ငံတော်မှ ရရှိမည့်အကျိုးအမြတ် (၆နှစ်မြောက်) ဝင်ငွေခွန် ကုန်သွယ်လုပ်ငန်းခွန်	 - ကျပ် ၁၄၇၂.၁၇ သန်း - ကျပ် ၂၄၈.၂၆ သန်း၊ US$ ၀.၁၅ သန်း
၈။	အရင်းကြေကာလ	- (၅)နှစ် (၄)လ
၉။	အရင်းအနှီးအပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR)	- ၁၉ %

၁၀။	လုပ်သားအင်အား ပြည်တွင်း ပြည်ပ	- ၁၅၀ ဦး - အနိမ့်ဆုံး ဝန်ထမ်းတစ်ဦး၏ လစာမှာ ကျပ် ၁၁၀,၀၀၀ ဖြစ် ပြီး အမြင့်ဆုံး ဝန်ထမ်းတစ်ဦး၏ လစာမှာ ကျပ် ၃၀၀,၀၀၀ ဖြစ်ပါသည်။ - မရှိပါ။
၁၁။	ကုမ္ပဏီမှ ဆောင်ရွက်မည့် CSR	- ကုမ္ပဏီမှCSR(Corporate Social Responsibility) အတွက် Net Profit ၏ ၂ % ကို ပညာရေးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများ၊ ကျန်းမာရေးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများ၊ လူမှုရေးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများအတွက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တင်ပြထားပါသည်။
၁၂။	မီးဘေးကာကွယ်ထားရှိမှု အစီအစဉ်	- မီးဘေးအန္တရာယ် မဖြစ်ပွားစေရန်အတွက် ကြိုတင် ကာကွယ်တားဆီးမှု အစီအမံများ တင်ပြထားပါသည်။
၁၃။	လျှပ်စစ်ဓါတ်အား	- နိုင်ငံတော်အစိုးရမှ ဖြန့်ဖြူးသော လျှပ်စစ်ဓါတ်အားကို အဓိက ရယူသုံးစွဲမည် ဖြစ်သော်လည်း လျှပ်စစ်ဓါတ်အား လုံလောက်မှု မရှိပါက ကိုယ်ပိုင်မီးစက် (၂၀၀၀ KVA) ဖြင့် အသုံးပြုသွားမည်ဖြစ်ကြောင်း တင်ပြထားပါသည်။
၁၄။	ငွေကြေးအထောက်အထား	- ကျပ်ငွေအထောက်အထားအဖြစ် Thiha Development Co., Ltd.အမည်ဖြင့် KBZ BANK LIMITED (Taunggyi-1 Branch) တွင် (၄-၁၂-၂၀၁၅) ရက်စွဲဖြင့် ငွေလက်ကျန် ကျပ် ၂၇၇,၉၄၄,၃၅၁.၄၆ နှင့် ဦးဇော်လင်း အမည်ဖြင့် KBZ Bank (Taunggyi-1Branch)တွင် (၄-၁၂-၂၀၁၅) ရက်စွဲဖြင့် ငွေလက်ကျန် ကျပ် ၉၁၇,၂၂၅,၃၀၁.၉၃ ရှိ ကြောင်း ဖော်ပြထားပါသည်။
၁၅။	စိစစ်တင်ပြချက်	(က) မြေပိုင်ဆိုင်မှု အထောက်အထားအဖြစ် ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီမှ ပိုင်ဆိုင်ကြောင်း တင်ပြထားပါသည်။ (ခ) မြေအောက်ထပ် Basement-1, Basement-2 တွင် မော်တော်ယာဉ်(၁၅၀)စီးရပ်နားနိုင်မည့် Car parking ဆောင်ရွက်ထားရှိမည်ဖြစ်ကြောင်း တင်ပြထားပါသည်။ (ဂ) Ground Floor မှ Third Floor အထိ ဆိုင်ခန်းများ ဖွင့်လှစ်မည် ဖြစ်ကြောင်း တင်ပြထားပါသည်။ (ဃ) Fourth Floorတွင် ရုပ်ရှင်ရုံ(၁)ရုံ ၊ ကလေးကစားကွင်း နှင့် စားသောက်ဆိုင်များ ထားရှိမည်ဖြစ်ကြောင်း တင်ပြထားပါသည်။

		(င) Fifth Floor တွင် အစည်းအဝေးခန်းမ၊ စားသောက်ဆိုင်၊ ရေကူးကန်နှင့်အားကစားရုံများထားရှိမည် ဖြစ်ကြောင်း တင်ပြထားပါသည်။ (စ) Sixth Floor မှ Eleventh Floor အထိ အခန်း (၁၄၅)ခန်း ပါရှိသော ဟိုတယ်(၁)လုံးနှင့် ကွန်ဒိုတိုက်ခန်း (၄၉)ခန်း ထားရှိမည် ဖြစ်ကြောင်း တင်ပြထားပါသည်။ (ဆ) ကုမ္ပဏီနှင့် ရှမ်းပြည်နယ် စည်ပင်သာယာရေး ကော်မတီတို့ ပြည်ထောင်စုရွှေ့နေချုပ်ရုံး သဘောထား မှတ်ချက် နှင့် PPP စနစ်ဖြင့် အကျိုးတူ ပူးပေါင်း ဆောင်ရွက်ခြင်း သဘောတူ စာချုပ်အား ၇-၁၀-၂၀၁၄ ရက်နေ့တွင် ချုပ်ဆိုခဲ့ပြီး ၂၅-၃-၂၀၁၆ ရက်နေ့တွင် ပြင်ဆင်ခဲ့သည့် ပြင်ဆင်ချက် စာချုပ်အား ချုပ်ဆိုခဲ့ပြီး ဖြစ်ပါသည်။ (ဇ) ငှားရမ်းခ နှုန်းထားများကို တွက်ချက်မှု ဇယားတွင် တစ်လစာ နှုန်းဖြင့် တွက်ချက်ထားပြီး နှစ်စဉ်(၅) ရာခိုင်နှုန်း တိုးမြှင့် တွက်ချက်ထားကြောင်း ဖော်ပြပါရှိပါသည်။ (ဈ) တည်ဆောက်ရေးကာလ အပိုင်း(၁)တွင် အကျိုးအမြတ် ခွဲဝေခြင်းနှင့်စပ်လျဉ်း၍ အကျိုးတူပူးပေါင်း ဆောင်ရွက်သူ မှ ၄၀% နှင့် အကျိုးတူ ရင်းနှီးမြှုပ်နှံသူမှ ၆၀% ခွဲဝေ မည်ဖြစ်ပြီးအပိုင်း(၂)တွင်အကျိုးတူပူးပေါင်းဆောင်ရွက်သူ မှ ၂၀% နှင့် အကျိုးတူ ရင်းနှီးမြှုပ်နှံသူ မှ ၈၀% ခွဲဝေမည် ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ မရက- ၄/မ-၁၅၃၂/၂၀၁၆(၇၀၃)
ရက်စွဲ၊ ၂၀၁၆ ခုနှစ် ဇွန် လ ၁၄ ရက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ တင်ပြသည့်

အမှာစာ

အကြောင်းအရာ။ **Thiha Development Company Limited မှ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ ကွင်းအမှတ် (၂၆) ၊ ဦးပိုင်အမှတ်(၄၀)၊ မြေကွက်အမှတ် (၄၆/၄၈)ရှိ မြေဧရိယာ(၁.၄၁၁)ဧကတွင် Taunggyi Shopping Centre အမည်ဖြင့် ဈေးဆိုင်ခန်း၊ လူနေတိုက်ခန်းနှင့် ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်း ဆောင်ရွက် ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်းကိစ္စ**

၁။ Thiha Development Co., Ltd.မှ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ ကွင်းအမှတ် (၂၆) ၊ ဦးပိုင်အမှတ်(၄၀)၊ မြေကွက်အမှတ် (၄၆/၄၈)ရှိ မြေဧရိယာ (၁.၄၁၁) ဧကတွင် Taunggyi Shopping Centre အမည်ဖြင့် ၁၂ ထပ် အဆောက်အဦ တည်ဆောက်၍ ဈေးဆိုင်ခန်း၊ လူနေ တိုက်ခန်းနှင့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အညီ ဆောင်ရွက်ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးဇော်လင်းမှ ရှမ်းပြည်နယ်စည်ပင်သာယာရေး ကော်မတီမှတစ်ဆင့် အဆိုပြုချက် တင်ပြလာခြင်းအား ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ကျင်းပသည့် အဆိုပြုချက် စိစစ်ရေးအဖွဲ့၏ (၈/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပြီး ဖြစ်ပါသည်။

၂။ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး၊ ရှမ်းပြည်နယ် စည်ပင်သာယာရေး ကော်မတီနှင့် Thiha Development Company Limited တို့ ၇-၁၀-၂၀၁၄ ရက်နေ့တွင် အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်း သဘောတူ စာချုပ်အားချုပ်ဆိုခဲ့ပြီး ၂၅-၃-၂၀၁၆ ရက်နေ့တွင် ပြင်ဆင် ချုပ်ဆိုခဲ့သည့် ပြင်ဆင်ချက် စာချုပ်ပါအဓိကအချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က)တည်ဆောက်မှု လုပ်ငန်းများ အားလုံးကို လုပ်ကိုင်ဆောင်ရွက်ရန် ခွင့်ပြုသည့် သက်တမ်း ကာလသည်(၃)နှစ်ဖြစ်ပါသည်။ **[ပြင်ဆင်စာချုပ်အပိုဒ်-၇]**

(ခ) အပိုင်း(၁) တည်ဆောက်ရေး လုပ်ငန်းများကို (၇-၁၀ ၂၀၁၄) ရက်နေ့မှ (၃၁-၃-၂၀၁၆) ရက်နေ့အပြီး ဆောင်ရွက်ရမည်။အပိုင်း(၂)တည်ဆောက်ရေး လုပ်ငန်းကို (၁-၄-၂၀၁၆) ရက်နေ့မှ(၇-၁၀-၂၀၁၇)ရက်နေ့အတွင်းပြီးစီးအောင်ဆောင်ရွက်ရမည်။ **[ပြင်ဆင်စာချုပ်အပိုဒ်-၇]**

(ဂ) အကျိုးတူရင်းနှီးမြှုပ်နှံသူမှ လုပ်ငန်း အာမခံငွေကျပ် ၅၀ သိန်းကို စာချုပ် ချုပ်ဆိုသည့်နေ့တွင် တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန၏ ငွေစာရင်းတွင် အာမခံအပ်ငွေအဖြစ် ပေးသွင်းရမည်။ **[မူလစာချုပ်အပိုဒ်-၈]**

(ဃ) "အကျိုးတူပူးပေါင်းဆောင်ရွက်သူ"သည် ရှမ်းပြည်နယ်အစိုးရ ဘဏ္ဍာရန်ပုံငွေ (ဘတ်ဂျက်) သို့ ပေးသွင်းရမည့် ၅% ငွေကျပ် ၃၆၀.၉၃သိန်းအား အပိုင်း(၁) တည်ဆောက်ရေး ကာလစေ့ရောက်သည့်နေ့မှ နောက် ၃ လ အတွင်း ပေးသွင်းရမည်။
[ပြင်ဆင်စာချုပ်အပိုဒ်-၈]

(င) အပိုင်း(၂)တည်ဆောက်ရေးလုပ်ငန်းတွင် ရှမ်းပြည်နယ်အစိုးရဘဏ္ဍာရန်ပုံငွေ(ဘတ်ဂျက်) သို့ ပေးသွင်းရန် ၅% ငွေကျပ် ၂၁၇.၅၅၈၇၅ သန်း အား "အကျိုးတူ ပူးပေါင်းဆောင်ရွက်သူ" နှင့် "အကျိုးတူရင်းနှီးမြှုပ်နှံသူ"တို့မှ ၅၀% စီကို အပိုင်း(၂)တည်ဆောက်ရေးကာလစေ့ရောက်သည့်နေ့မှ နောက်၃လအတွင်း ပေးသွင်းရမည်။ **[ပြင်ဆင်စာချုပ်အပိုဒ်-၉]**

(စ) အပိုင်း(၂) တည်ဆောက်ရေးလုပ်ငန်းတွင် ရှမ်းပြည်နယ်အစိုးရ ဘဏ္ဍာရန်ပုံငွေ (ဘတ်ဂျက်) သို့ပေးသွင်းရမည့် ၅% ငွေကျပ် ၂၁၇.၅၅၈၇၅ သန်းအား "အကျိုးတူ ပူးပေါင်း ဆောင်ရွက်သူ" နှင့် "အကျိုးတူ ရင်းနှီးမြှုပ်နှံသူ"တို့မှ ၅၀% စီကို သီးခြား အစီအစဉ်ဖြင့် ပေးသွင်းရမည် ဖြစ်ပါသည်။ **[ပြင်ဆင်စာချုပ်အပိုဒ်-၁၀]**

(ဆ) အကျိုးတူ ရင်းနှီးမြှုပ်နှံသူ မှ အကျိုးအမြတ်ခွဲဝေ ရရှိသည့် ဧရိယာများအား ဟိုတယ်လုပ်ငန်း၊ ကုန်တိုက်လုပ်ငန်း၊ ရုပ်ရှင်ရုံစသည့် လုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ကုန်ခြောက်သားငါးဈေး မြေဧရိယာ(၁.၄၁၁)ဧကပေါ်တွင် တစ်နှစ် မြေငှားရမ်းခ ကျပ် ၁၈.၄၃၉ သန်းကို အကျိုးတူ ပူးပေါင်းဆောင်ရွက်သူထံ နှစ်စဉ် ဧပြီလအတွင်း ပေးသွင်းရမည်။ **[ပြင်ဆင်စာချုပ်အပိုဒ်-၁၁]**

(ဇ) စီမံကိန်း ဧရိယာအတွင်း ဈေးဟောင်း ဖျက်သိမ်းခြင်း လုပ်ငန်း၊ အကြို အင်ဂျင်နီယာလုပ်ငန်းများ နှင့် မြေကြီး တူးဖော်ခြင်း လုပ်ငန်းများအား (၁၅-၂-၂၀၁၄) ရက် နေ့မှ စတင်ဆောင်ရွက်ရန်နှင့် MoU လက်မှတ် ရေးထိုးသည့်(၁၁-၄-၂၀၁၄) ရက်နေ့မှ စတင်၍ ၃ လ အတွင်း အကြိုအင်ဂျင်နီယာ လုပ်ငန်းများ ပြီးစီးရန်ဖြစ်သော်လည်း သဘာဝဘေးအန္တရာယ်ရေး တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးရမည့် ကာလကို အတိုင်ပင်ခံ အင်ဂျင်နီယာများ၏ လမ်းညွှန်ချက်နှင့်အညီ တည်ဆောက်ရေးကာလ သတ်မှတ်ချက် (Schedule) အတိုင်းလိုက်နာ ဆောင်ရွက်သွားရန် နှင့် ယခု စာချုပ် ချုပ်ဆိုသည့်(၇-၁၀-၂၀၁၄)နေ့အား လုပ်ငန်းကာလ စတင်ရက်အဖြစ် သတ်မှတ်ရန် သဘောတူပါသည်။ **[မူလစာချုပ်အပိုဒ်-၂၅]**

(ဈ) လုပ်ငန်းစတင်သည့် ရက်မှ အပိုင်း(၁) တည်ဆောက် ရေးလုပ်ငန်း (၁) နှစ် (၅) လ (၂၄) ရက်တာ ကာလ(၇-၁၀-၂၀၁၄) ရက်နေ့မှ (၃၁-၃-၂၀၁၆) ရက်နေ့အထိ၊ အပိုင်း(၂) တည်ဆောက်ရေး လုပ်ငန်း (၁)နှစ် (၆)လ (၆)ရက်တာ ကာလ (၁-၄-၂၀၁၆) ရက်နေ့မှ (၇-၁၀- ၂၀၁၇) ရက်နေ့အထိ၊ စုစုပေါင်း(၃)နှစ်တာ အတွင်း အဆောက်အဦများ အားလုံး ဆောက်လုပ်ပြီးစီးစေရမည်။ **[ပြင်ဆင်စာချုပ်အပိုဒ်-၂၀]**

(ည) ဤစာချုပ်ပါ လုပ်ငန်းများကို ခိုင်လုံသော အကြောင်း ပြချက်ဖြင့် "အကျိုးတူ ပူးပေါင်းဆောင်ရွက်သူ" (သို့မဟုတ်) "အကျိုးတူ ရင်းနှီးမြှုပ်နှံသူ "က ဆက်လက် မဆောင်ရွက်လိုလျှင် (၁) လ ကြိုတင်၍ စာဖြင့် အကြောင်းကြားပြီး နှစ်ဦးနှစ်ဖက် သဘောတူညီချက်ဖြင့် စာချုပ်ကို ရပ်စဲလိုသည့်အခါ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ခွင့်ပြုချက်ဖြင့် စာချုပ် ရပ်စဲခွင့်ရှိသည်။ **[မူလစာချုပ်အပိုဒ်-၃၉(စ)]**

၃။ လုပ်ငန်း၏ မတည်ငွေရင်း ပမာဏမှာ စုစုပေါင်း ကျပ် **၃၁၅၇၈.၀၀** သန်း ဖြစ်ပါသည်။ အဆိုပြု လုပ်ငန်းအတွက် လိုအပ်သော စက်ပစ္စည်းများကို ပြည်ပမှ ဝယ်ယူမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

မတည်ငွေရင်းပမာဏ	ကျပ်	**၃၁၅၇၈.၀၀**	**သန်း** (US$ ၁၂.၆၈သန်းအပါအဝင်)
(က) ငွေပမာဏ	ကျပ်	၃၀၀၀.၀၀	သန်း
(ခ) စက်ပစ္စည်း	ကျပ်	၄၇၈၅.၀၀	သန်း (US$ ၂.၈၀ သန်း အပါအဝင်)
(ဂ) ပရိဘောဂနှင့် လုပ်ငန်းသုံး ပစ္စည်း	ကျပ်	၁၉.၀၀	သန်း
(ဃ) အဆောက်အဦ	ကျပ်	၂၃၇၇၄.၀၀	သန်း (US$ ၉.၈၈ သန်း အပါအဝင်)

၄။ လုပ်ငန်း ဆောင်ရွက်ရန် ပြည်တွင်းမှ ဝန်ထမ်း (၁၅၀)ဦး ခန့်ထားမည်ဖြစ်ကြောင်း တင်ပြထားပါသည်။ ပြည်တွင်း ဝန်ထမ်း(၁)ဦး၏ အနိမ့်ဆုံးလစာမှာ ကျပ် ၁၁၀,၀၀၀ ဖြစ်ပြီး အမြင့်ဆုံး ဝန်ထမ်း(၁)ဦး၏ လစာမှာ ကျပ် ၃၀၀,၀၀၀ ဖြစ်ပါသည်။

၅။ အဆိုပြုလုပ်ငန်း၏ (၆)နှစ်မြောက်တွင် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ဈေးဆိုင်ခန်းငှားရမ်းခြင်း

စဉ်	အကြောင်းအရာ	အကျယ်အဝန်း (စတုရန်းပေ)	(ပထမထပ်မှ တတိယထပ်အထိ တစ်လလျှင်တစ်စတုရန်းပေ ငှားရမ်းခနှုန်း)
(က)	ပထမထပ်	၂၉၆၂၉.၅၀	၁၀၀၀
(ခ)	ဒုတိယထပ်	၃၂၈၆၉.၅၀	၈၀၀
(ဂ)	တတိယထပ်	၂၉၈၈၁.၄၀	၅၀၀

ရုပ်ရှင်ရုံ၊ ကလေးကစားကွင်းနှင့် စားသောက်ဆိုင်များ ငှားရမ်းခြင်း (စတုတ္ထထပ်)

အကြောင်းအရာ	ရေတွက်ပုံ (Sqft)	(တစ်လလျှင် တစ်စတုရန်းပေ ငှားရမ်းခနှုန်း)
- ရုပ်ရှင်ရုံ၊ကလေးကစားကွင်းနှင့် စားသောက်ဆိုင်များ	၃၀၇၀၄	၈၀၀

အစည်းအဝေးခန်းမ၊ စားသောက်ဆိုင်၊ ရေကူးကန်နှင့် အားကစားရုံများ (ပဉ္စမထပ်)

အကြောင်းအရာ	ရေတွက်ပုံ (Sqft)	(တစ်စတုရန်း ပေ ငှားရမ်းခနှုန်း)
- ငှားရမ်းမည့် ဧရိယာ	၂၂၃၈၂.၂၄	၇၀၀

ဟိုတယ်(၆-ထပ်မှ ၁၁-ထပ်အထိ)

အမျိုးအစား	အခန်း အရေ အတွက်	ဝန်ဆောင်ခနှုန်း	
		US$	ကျပ်
- Standard Room	၁၄၅	၅၅	၅၅,၀၀၀

Apartment Rental (၆-ထပ်မှ ၁၁-ထပ်အထိ)

အကြောင်းအရာ	ငှားရမ်းမည့် လူနေအိမ်ခန်း	တစ်လငှားရမ်းခနှုန်း (ကျပ်)
- အဆင့်မြင့်လူနေအိမ်ခန်း	၄၉	၅၀၀,၀၀၀

၆။ လုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ် (၆ နှစ်မြောက်)တွင် ရရှိမည့် ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

အမေရိကန်တစ်ဒေါ်လာ= ၁၂၀၀ ကျပ်

စဉ်	အကြောင်းအရာ	ကျပ် (သန်း)	US$ (သန်း)	ညီမျှသော ကျပ်(သန်း)	စုစုပေါင်းကျပ် (သန်း)
(က)	ဝင်ငွေ	၄၉၆၅.၁၂	၂.၉၁	၃၄၉၂.၀၀	၈၄၅၇.၁၂
(ခ)	အသုံးစရိတ်	၂၃၉၃.၂၃	၀.၁၅	၁၈၀.၀၀	၄၀၄၀.၆၀
(ဂ)	အသားတင်အမြတ်	၂၅၇၁.၈၉	၂.၇၆	၃၃၁၂.၀၀	၄၄၁၆.၅၂

၇။ နိုင်ငံတော်မှ ပုံမှန်နှစ် (၆ နှစ်မြောက်)တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ ဝင်ငွေခွန် ကျပ် ၁၄၇၂.၁၇ သန်း နှင့် ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၂၄၈.၂၆ သန်း၊ US$ ၀.၁၅ သန်း ရရှိမည်ဖြစ်ပါသည်။ လုပ်ငန်း၏ အရင်းကြေကာလမှာ (၅)နှစ် (၄)လ ဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ်ပြန်ပေါ်နှုန်း (IRR) မှာ ၁၉ ရာခိုင်နှုန်း ဖြစ်ပါသည်။

၈။ ယင်းအဆိုပြုလုပ်ငန်း နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ သဘောထား များတောင်းခံခဲ့ရာ အောက်ပါအတိုင်း ပြန်ကြားလာပါသည်-

(က) **ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး** **(နောက်ဆက်တွဲ-က)**

(၁) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် မြေနေရာသည် နောင်ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိ မြို့ပြ စီမံကိန်းကို ထိခိုက်နိုင်ခြင်း မရှိပါကြောင်း။

(၂) မြို့နယ်ဒေသအလုပ်အကိုင် အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အတွက် အထောက်အကူဖြစ်စေပါကြောင်း။

(၃) အဆိုပါ မြေနေရာအား အဆိုပြုလုပ်ငန်း သုံးစွဲခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု တို့အရ လက်ခံနိုင်ခြင်း ရှိပါကြောင်း။

(၄) ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၉-၃-၂၀၁၆) ရက်စွဲပါစာအမှတ်၊၅/၇၆-၁ (၀၉၈)/ဦး၆ အရနှစ်ရှည် လုပ်ငန်းဆောင်ရွက်မည့် မြေနေရာ ဖြစ်ပါကြောင်း။

(၅) အဆိုပြု လုပ်ငန်းနှင့် စပ်လျဉ်း၍ (၂၉-၃-၂၀၁၆) ရက်တွင် ကျင်းပ ပြုလုပ်သော ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးများ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဆုံးဖြတ်ချက် အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကန့်ကွက်ရန် မရှိပါကြောင်း။

(ခ) **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန (နောက်ဆက်တွဲ-ခ)**

(၁) အဆိုပြု လုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက်မှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံး ဖြစ်စေမည့် နည်းစနစ်များအား အသုံးပြုရန်နှင့် အဆိုပြုလွှာတွင်ဖော်ပြထားသည့် လူမှုရေးဆိုင်ရာတာဝန်ခံ ပူးပေါင်းဆောင်ရွက်မှု (Corporate Social Responsibility -CSR) အတွက် အသားတင်အမြတ်ငွေ၏ (၂%)အား အသုံးပြုခြင်း အပါအဝင် ကတိကဝတ်များအား လိုက်နာအကောင် အထည်ဖော် ဆောင်ရွက်ရန်။

(၂) အဆိုပြုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု မရှိစေရေး (သို့မဟုတ်) ထိခိုက်မှု အနည်းဆုံး ဖြစ်စေရေးတို့အတွက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း (Environmental Impact Assessment-EIA) ကို ဆောင်ရွက်ပြီး ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ အစီရင်ခံစာ ရေးသားတင်ပြရန်။

(၃) ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှု များ မဖြစ်စေရေး (သို့မဟုတ်) ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်၊ စွန့်ပစ်ပစ္စည်း/ စွန့်ပစ် အရည်စီမံခန့်ခွဲမှုအစီအစဉ်၊စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့်အစီအစဉ်၊ ပတ်ဝန်းကျင် ထိခိုက်မှု လျော့ပါးရေး ဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့် ရန်ပုံငွေ စသည်တို့ ပါဝင်သော ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan-EMP)အား ရေးဆွဲတင်ပြ၍ စီမံချက်ပါအတိုင်း အကောင် အထည်ဖော် ဆောင်ရွက်ရန်။

(အထက်ပါ သဘောထား မှတ်ချက်နှင့်အညီ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment-EIA) နှင့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan-EMP)အား Third Party အပ်နှံပြီးပါက ရေးဆွဲတင်ပြမည်ဖြစ်ကြောင်း ၂၀၁၆ ခုနှစ် မတ်လ ၁၈ ရက်နေ့ရက်စွဲဖြင့် ကုမ္ပဏီမှ တင်ပြထားပါသည်။)

(ဂ) **ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ။ (နောက်ဆက်တွဲ-ဂ)**

(၁) ငှားရမ်းမည့် နှုန်းထားများနှင့် အသုံးပြုမည့် ပစ္စည်းများ၊ ပေးအပ်မည့် ဝန်ဆောင်မှု များလည်း လျော်ကန်သင့်တင်ရန် လိုအပ်ပါကြောင်း။

(၂) Thiha Development Company Limited မှ တင်ပြထားသည့် နောက်ဆက်တွဲ (၅)တွင် အဆင့်မြင့် လူနေအိမ်ခန်း ရောင်းချမည့် ဝင်ငွေစာရင်း၌ အဆင့်မြင့် လူနေအိမ်ခန်း ရောင်းရငွေ ပါဝင်နေသည့်အတွက် ငှားမည့် အဆောက်အဦနှင့် ရောင်းချမည့် အဆောက်အဦများ တိကျစွာ ဖော်ပြပေးရန်နှင့် အိမ်ခန်းများ ရောင်းချမည်ဆိုပါက အခန်းရောင်းချခြင်းဆိုင်ရာ ထုတ်ပြန်ထားသည့် အမိန့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။ ဟိုတယ် လုပ်ငန်းလိုင်စင်လျှောက်ထားရာတွင် အိပ်ခန်းအရေအတွက်နှင့် အချိုးညီ ခန့်အပ်မည့် ဝန်ထမ်း အားလုံးသည် ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ သင်တန်းဆင်း လက်မှတ်များ တင်ပြနိုင်ရန် လိုအပ်သဖြင့် ကြိုတင်စီမံ ဆောင်ရွက်ထား နိုင်ရန်နှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်သက်ပြီး ရေဆိုး၊ အမှိုက် နှင့် အညစ်အကြေး စွန့်ပစ်မှု စနစ်များအား စနစ်တကျ စီမံဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း။

(ဃ) **မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ။** **(နောက်ဆက်တွဲ-ဃ)**

(၁) မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ Taunggyi Shopping Centreအမည်ဖြင့် ၁၂ ထပ် အဆောက်အဦ တည်ဆောက်၍ ဈေးဆိုင်ခန်း၊ လူနေတိုက်ခန်းနှင့် ဟိုတယ် ဝန်ဆောင်မှု လုပ်ငန်း ဆောင်ရွက်ရာတွင် သတ်မှတ်ထားသော စံချိန်စံညွှန်းများ နှင့် အညီ တည်ဆောက်ရန် နှင့် စံချိန်စံညွှန်းမီ တည်ဆောက်ရေး ပစ္စည်းများ အသုံးပြု၍ တည်ဆောက်ပါက ကန့်ကွက်ရန် မရှိပါကြောင်း။

၉။ ကျပ်ငွေအထောက်အထားအဖြစ် Thiha Development Co., Ltd. အမည်ဖြင့် KBZ BANK LIMITED (Taunggyi-1 Branch) တွင် (၄-၁၂-၂၀၁၅) ရက်စွဲဖြင့် ငွေလက်ကျန် ကျပ် ၂၇၇,၉၄၄,၃၅၁.၄၆ နှင့် ဦးဇော်လင်း အမည်ဖြင့် KBZ Bank (Taunggyi-1 Branch) တွင် (၄-၁၂-၂၀၁၅)ရက်စွဲဖြင့်ငွေလက်ကျန်ကျပ် ၉၁၇,၂၂၅,၃၀၁.၉၃ ရှိကြောင်း ဖော်ပြထားပါသည်။

၁၀။ အဆိုပြုလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်သောလုပ်ငန်းဖြစ်ပါကြောင်းနှင့် လုပ်ငန်းအသစ်ဖြစ်ပါကြောင်း၊ ကုမ္ပဏီအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် မီးဘေးအန္တရာယ်များ မဖြစ်ပွားစေရန်အတွက် လိုအပ်သော အစီအမံများ၊ ကြိုတင် ကာကွယ်မှုများ ပြုလုပ်ဆောင်ရွက်ထားမည် ဖြစ်ကြောင်းနှင့် ပတ်ဝန်းကျင် ညစ်ညမ်းမှု မဖြစ်ပွားစေရန် ဆောင်ရွက်မည် ဖြစ်ကြောင်း ဝန်ခံကတိပြုထားပါသည်။

၁၁။ အဆိုပြုလုပ်ငန်းအတွက် ကုမ္ပဏီမှ CSR အတွက် အသားတင်အမြတ်၏ ၂ ရာခိုင်နှုန်း သုံးစွဲမည်ဖြစ်ပြီး ဘုန်းတော်ကြီးသင် ပညာရေးစနစ်များတွင် ပိုမိုကောင်းမွန်စွာ သင်ကြားနိုင်စေရန် အလှူငွေများ ပေးအပ်လှူဒါန်းခြင်း၊ ဒေသတွင်း မီးဘေးကင်းဝေးစေရန် မီးသတ်သင်တန်းများ အခမဲ့ပို့ချခြင်း၊ မီးသတ်ကိရိယာများတပ်ဆင်ခြင်း၊လုပ်ငန်းလုပ်ကိုင်ရာဒေသအနီးတဝိုက်တွင် ကျေးရွာမီးလင်းစေရန်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၁၂။ လုပ်ငန်းခွင် သာယာရေးနှင့် ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ဝန်ထမ်းများ၏ လစာကို အမှန်တကယ် ဖြစ်ပေါ်လျက်ရှိသော ကာလပေါက်ဈေးနှုန်းများဖြင့် တွက်ချက်ပေးခြင်း၊ ဝန်ထမ်းများ၏ လစာအပြင် ရက်မှန်ကြေး၊ ရက်ပိုကြေးများ ပေးအပ်ခြင်း၊ နှစ်သစ်ကူးကာလများတွင် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ပေးခြင်း၊ ဝန်ထမ်းများ၏ အလုပ်လုပ်ချိန်ကိုလည်း မြန်မာနိုင်ငံ အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာနမှ တရားဝင် ပြဌာန်းထားသည့် တစ်နေ့အလုပ်ချိန် ၈ နာရီ သတ်မှတ်ထားပေးခြင်း၊ ကျန်းမာရေးအတွက် ဆရာဝန်များ ၊ ကျန်းမာရေး စစ်ဆေးရေးမှူးများကို ခန့်အပ်၍ အချိန်မှန် စစ်ဆေးစေခြင်း၊ ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် နားနေခန်း၊ စားသောက်ခန်းများကိုလည်း ထားရှိပေးမည် ဖြစ်ပါကြောင်းတင်ပြထားပါသည်။

၁၃။ လုပ်ငန်း ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရမှ ဖြန့်ဖြူးသော လျှပ်စစ်ဓါတ်အားကို အဓိက ရယူသုံးစွဲမည်ဖြစ်သော်လည်း လျှပ်စစ်ဓါတ်အား လုံလောက်မှုမရှိပါက ကိုယ်ပိုင်မီးစက် (၂၀၀၀ KVA) ဖြင့် အသုံးပြုသွားမည် ဖြစ်ကြောင်းတင်ပြထားပါသည်။

၁၄။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၁၁)၊ ပုဒ်မ ၂၀ပါ (က၊ ဂ၊ စ၊ဇ၊ ည) အရ အခွန်အကောက်ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့်များကို ကော်မရှင်သို့ တင်ပြ လျှောက်ထားလျှောက်ခွင့်ပြုနိုင်မည် ဖြစ်ပါမည်။

စိစစ်တင်ပြချက်

၁၅။ (က) မြေပိုင်ဆိုင်မှုအထောက်အထားအဖြစ် ရှမ်းပြည်နယ်စည်ပင်သာယာရေး ကော်မတီမှ ပိုင်ဆိုင်ကြောင်း တင်ပြထားပါသည်။

(ခ) မြေအောက်ထပ် Basement-1, Basement-2 တွင် မော်တော်ယာဉ် (၁၅၀)စီး ရပ်နားနိုင်မည့် Car parking ဆောင်ရွက်ထားရှိမည်ဖြစ်ကြောင်း တင်ပြ ထားပါသည်။

(ဂ) Ground Floor မှ Third Floor အထိ ဆိုင်ခန်းများ ဖွင့်လှစ်မည် ဖြစ်ကြောင်း တင်ပြထားပါသည်။

(ဃ) Fourth Floor တွင် ရုပ်ရှင်ရုံ (၂)ရုံ ၊ ကလေးကစားကွင်းနှင့် စားသောက်ဆိုင်များ ထားရှိမည် ဖြစ်ကြောင်း တင်ပြထားပါသည်။

(င) Fith Floor တွင် အစည်းအဝေးခန်းမ၊ စားသောက်ဆိုင်၊ ရေကူးကန်နှင့် အားကစားရုံများ ထားရှိမည် ဖြစ်ကြောင်း တင်ပြထားပါသည်။

(စ) Sixth Floor မှ Eleventh Floor အထိ အခန်း (၁၅၀)ပါ ရှိသော ဟိုတယ်(၁)လုံးနှင့် ကွန်ဒိုတိုက်ခန်း (၄၄)ခန်း ထားရှိမည် ဖြစ်ကြောင်း တင်ပြထားပါသည်။

(ဆ) ကုမ္ပဏီနှင့် ရှမ်းပြည်နယ် စည်ပင်သာယာရေး ကော်မတီတို့ ပြည်ထောင်စုရွှေနေချုပ်ရုံး သဘောထားမှတ်ချက် နှင့်အညီ ချုပ်ဆို ပြီးဖြစ်သည့် PPP စနစ်ဖြင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း သဘောတူစာချုပ်အား ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် ချုပ်ဆိုခဲ့ပြီး ၂၅-၃-၂၀၁၆ ရက်နေ့တွင် ပြင်ဆင်သည့် ပြင်ဆင်ချက် စာချုပ်ချုပ်ဆိုပြီး ဖြစ်ပါသည်။

(ဓ) ငှားရမ်းခနှုန်းထားများကို တွက်ချက်မှုဇယားတွင် တစ်လစာနှုန်းဖြင့် တွက်ချက်ထားပြီး နှစ်စဉ် (၅) ရာခိုင်နှုန်း တိုးမြှင့်တွက်ချက်ထားကြောင်း ဖော်ပြပါရှိပါသည်။

(ဈ) တည်ဆောက်ရေးကာလ အပိုင်း(၁)တွင် အကျိုးအမြတ် ခွဲဝေခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းအပ်နှံသူ မှ ၄၀% နှင့် လုပ်ငန်းလက်ခံသူမှ ၆၀% ခွဲဝေမည်ဖြစ်ပြီး အပိုင်း(၂) တွင် လုပ်ငန်းအပ်နှံသူမှ ၂၀% နှင့် လုပ်ငန်းလက်ခံသူ မှ ၈၀% ခွဲဝေမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

ဆုံးဖြတ်ရန်အချက်

၁၆။ Thiha Development Company Limited မှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကန်ရှေ့ရပ်ကွက်၊ အကွက်(၂၆)ရှိ မြေ(၁.၄၁၁)ဧကတွင် Taunggyi Shopping Centre အမည်ဖြင့် ဈေးဆိုင်ခန်း၊ လူနေတိုက်ခန်းနှင့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြခြင်းကိစ္စအပေါ် သဘောတူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)
(အောင်နိုင်ဦး၊အတွင်းရေးမှူး)

မိတ္တူ
ရုံးလက်ခံ

နောက်ဆက်တွဲ(က)

ရှမ်းတံဆိပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်နယ်အစိုးရအဖွဲ့
ရှမ်းပြည်နယ်

စာအမှတ်၊(၄၃၅၄)/ ၇ - ၂၁၆ / အစရ(ရှမ်း)
ရက် စွဲ ၊ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက်

သို့
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပေးပို့ခြင်း**

ရည် ညွှန်း ချက်။ (၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂၆- ၂- ၂၀၁၆) ရက်စွဲပါ စာအမှတ်၊ရက-၄/ မ-၁၅၃၂/၂၀၁၆(၃၀၆-ဃ)

(၂) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၆- ၃- ၂၀၁၆) ရက်စွဲပါ စာအမှတ်၊ရက-၄/ မ-၁၅၃၂/၂၀၁၆(၃၀၆-ဃ)

P.427
30.3.16

၁။ Thiha Development Co;Ltd မှ တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရေထွက်ဦးလမ်းထောင့်၊ အကွက်အမှတ်(၂၆)၊ မြေဧရိယာ(၁.၄၁၁)ဧကတွင် Taunggyi Shoping Centre အမည်ဖြင့် (၁၂)ထပ်အဆောက်အဦတည်ဆောက်၍ ဈေးဆိုင်ခန်း၊ လူနေတိုက်ခန်းနှင့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအား မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ဦးဇော်လင်းမှအဆိုပြုတင်ပြလာခြင်းအပေါ် အောက်ပါအချက်များနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သဘောထားမှတ်ချက်အား ပြန်ကြားပေးနိုင်ပါရန် ရည်ညွှန်းပါစာများဖြင့် ညှိနှိုင်းလာပါသည်-

(က) ရင်းနှီးမြှုပ်နှံမှုပြုမည့်နေရာသည် နောင်ပြုလုပ်မည့်(သို့မဟုတ်)လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်ခြင်းရှိ/မရှိ။

(ခ) မြို့နယ်ဒေသ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်/မဖြစ်။

(ဂ) ဖော်ပြပါမြေနေရာအား အဆိုပြုလုပ်ငန်းသုံးစွဲခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်း ရှိ/မရှိ။

(ဃ) လုပ်ငန်းဆောင်ရွက်နိုင်မည့်မြေနေရာ ဟုတ်/မဟုတ်။

၂။ ယင်းကိစ္စနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုပြုမည့်မြေနေရာသည် ယခင်ဈေးအဟောင်း မြေနေရာကို ယခုအခါ(၁၂)ထပ်အမြင့်ရှိ အဆင့်မြင့်ဈေးဆိုင်ခန်း၊ အဆောက်အဦများအဖြစ် ပြုလုပ်ဆောင်ရွက်ခြင်းဖြစ်ပါ၍ နောင်ပြုလုပ်မည့်(သို့မဟုတ်)လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်ခြင်းမရှိပါကြောင်း၊ ယခင်ဈေးဟောင်းမှာ(၁)ထပ်ဈေးဖြစ်ပြီး ဈေးဆိုင်ခန်းပေါင်း(၄၆၈)ခန်းရှိ၍ ၎င်းတို့မှာ ဟောင်းနွမ်းနေသည့်အပြင် ဈေးအတွင်းရောင်းသူနှင့်ဝယ်သူများ အရောင်းအဝယ်ပြုလုပ်ရာတွင် ကျဉ်းမြောင်းခြင်းကြောင့် ရှုပ်ထွေးမှုများဖြစ်ပေါ်လျှက်ရှိပါသည်။ ယခုအခါ အဆိုပါဈေးဟောင်းနေရာတွင် (၁၂)ထပ်

အမြင့်ရှိ အဆင့်မြင့်ဈေးအဆောက်အဦအား တည်ဆောက်ရာတွင် **ဈေးဆိုင်ခန်း(၈၅၈)ခန်း၊ ဟိုတယ်ခန်း(၁၄၅)ခန်း၊** Services Apartment (၄၉)ခန်း၊ စုစုပေါင်း(၁၂၀၂)**ခန်းထွက်ပေါ်လာမည်** ဖြစ်ပါ၍ မြို့နယ်ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဒေသ**စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** အတွက် အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ဖော်ပြပါ မြေနေရာအား **စက်ရုံအတွက် သုံးစွဲခြင်း** နှင့်ပတ်သက်၍ ယခင်ကုန်ခြောက်သားငါးဈေးတစ်ထပ်ဆိုင်ခန်းဟောင်းများမှာ ယခု(၁၂)ထပ်မြင့်ရှိ အဆင့်မြင့်အဆောက်အဦဖြစ်ပြီး (car parking)များပါရှိမည်ဖြစ်ပါသဖြင့် **ဒေသခံများမှ လူမှုရေး၊ စီးပွားရေး၊** သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်း**ရှိပါကြောင်း၊ ယခင်** ကုန်ခြောက်သားငါးဈေးဟောင်းမြေနေရာတွင် ယခု(၁၂)ထပ်အမြင့်ရှိ **အဆင့်မြင့်အဆောက်အဦး** တည်ဆောက်မည်ဖြစ်ပါသဖြင့် လုပ်ငန်းဆောင်ရွက်နေသည့် မြေနေရာဖြစ်ပါကြောင်း **ခရိုင်အထွေထွေ** အုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့၏ (၉.၃.၂၀၁၆) ရက်စွဲပါစာအမှတ်၊ **၅/၇၆-၁(၀၉၈)/ ဦး၆ဖြင့်** တင်ပြလာပါသည်။

၃။ သို့ဖြစ်ပါ ၍ Thiha Development Co;Ltd မှ Taunggyi Shoping Centre **အမည်ဖြင့်** (၁၂)ထပ်**အဆောက်အဦ** တည်ဆောက်၍ ဈေးဆိုင်ခန်း၊ လူနေတိုက်ခန်းနှင့် **ဟိုတယ်ဝန်ဆောင်မှု** လုပ်ငန်းအား မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် **လျှောက်ထား** မှုနှင့်ပတ်သက်၍ ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်**ဝန်းကျင်ထိန်းသိမ်းမှုတို့အရ** လက်ခံနိုင်ခြင်းရှိပါသဖြင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ လုပ်ကိုင်ဆောင်ရွက် ခွင့်ပြုမည်ဆိုပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကန့်ကွက်ရန်မရှိပါကြောင်း **သဘောထားပေးပို့** အပ်ပါသည်။

၂၉၊ ၃၊ ၂၀၁၆

ပြည်နယ်ဝန်ကြီးချုပ်( )
(အောင်ကျော်ညွန့်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး)

မိတ္တူကို
စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့
ရုံးလက်ခံ
မျှောစာတွဲ

နောက်ဆက်တွဲ (ခ)

ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့
ရန်ကုန်မြို့
စာအမှတ်၊ဝဝ၁/ MIC(OSS) /ဝ၁(၈၂ /၁၆)
ရက် စွဲ ၊၂၀၁၆ခုနှစ် မတ် လ ၁၁ ရက်

MA-551
14/3

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **Thiha Development Co.,Ltd မှ Taunggyi Shopping Centre အမည်ဖြင့် ၁၂ထပ်အဆောက်အဦတည်ဆောက်၍ ဈေးဆိုင်ခန်း၊ လူနေတိုက်ခန်းနှင့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၅-၂-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ရက-၄/ မ-၁၅၃၂/ ၂၀၁၆(၂၉၈-က)

၁။ Thiha Development Co.,Ltd မှ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်ရေထွက်ဦးလမ်းထောင့် အကွက်အမှတ်(၂၆)ရှိ၊ မြေဧရိယာ ၁.၄၁၁ ဧကတွင် Taunggyi Shopping Centre အမည်ဖြင့် ၁၂ထပ်အဆောက်အဦတည်ဆောက်၍ဈေးဆိုင်ခန်း၊ လူနေတိုက်ခန်းနှင့်ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအား မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ စီစစ်ပြီး သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့်အကြောင်းကြားလာပါသည်။

၂။ ပူးတွဲပေးပို့လာသော အဆိုပြုလွှာတွင် မြေငှားဂရမ်မှာနှစ်(၃၀)ငှားရမ်းစာချုပ်ဖြစ်၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားမှာခွဲဝေခံစားသည့်စနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး တည်ဆောက်ရေးကာလမှာ(၃)နှစ်ဖြစ်ကြောင်း၊ မြေအောက်ထပ် Basement 1 နှင့် Basement 2 တွင် Carparking၊ Ground Floor မှ Third Floor အထိဆိုင်ခန်းများ၊ Fourth Floor တွင် ရုပ်ရှင်ရုံ(၂)ရုံ၊ ကလေးကစားကွင်းနှင့်စားသောက်ဆိုင်များ၊ Fifth Floor တွင်အစည်းအဝေးခန်းမ၊ စားသောက်ဆိုင်၊ ရေကူးကန်နှင့်အားကစားရုံများ၊ Sixth Floor မှ Eleventh Floor ထိအခန်း(၁၅၀)ပါ ဟိုတယ်(၁)လုံးနှင့် Service Apartments (၄၄) ခန်း၊

Twelfth Floor တွင် KTV နှင့်စားသောက်ဆိုင်များပါဝင်တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ မီးဘေးလုံခြုံရေးစီမံချက်၊ လုပ်ငန်းခွင်သာယာရေးနှင့်ဝန်ထမ်းများသက်သာချောင်ချိရေး အစီအစဉ်များကိုလည်းထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းမှရရှိလာမည့်အသားတင်အမြတ်ငွေ၏ (၂%)ကိုလူမှုရေးအကျိုးပြုလုပ်ငန်းများတာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility–CSR)လုပ်ငန်းများတွင် ထည့်သွင်းအသုံးပြုသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍အဆောက်အဦအတွင်း သန့်စင်ခန်းများ၊ အမှိုက်ပုံးများထားရှိခြင်း၊ ရေဆိုးများကိုလည်းစနစ်တကျစွန့်ပစ်သွားမည်ဖြစ်ကြောင်း၊ ရေနုတ်မြောင်းများအား ရေစီးရေလာကောင်းမွန်အောင်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖော်ပြပါရှိပါသည်။

၃။ Thiha Development Co.,Ltd မှဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြေသားပြုပြင်ဖော်ထုတ်ခြင်း၊ မြေတူးခြင်းလုပ်ငန်းများမှထွက်ရှိလာမည့်အမှုန်အမွှား၊ ဖုန်မှုန့်များကြောင့်ပတ်ဝန်းကျင်လေထုညစ်ညမ်းခြင်း၊တည်ဆောက်လုပ်ရေးလုပ်ငန်းသုံးစက်ယန္တရားများမှထွက်ရှိလာမည့်ထွက်ရှိလာမည့် အမဲဆီ၊ အင်ဂျင်ဝိုင်၊ ဖိတ်စင်စက်သုံးဆီများကြောင့်မြေထု၊ လေထု၊ ရေထုညစ်ညမ်းခြင်းနှင့်အသံဆူညံခြင်း၊ အလုပ်သမားမှစွန့်ပစ်ပစ္စည်းများနှင့်မိလ္လာအညစ်အကြေးများကြောင့် ပတ်ဝန်းကျင်မြေထု၊ လေထု၊ ရေထုညစ်ညမ်းခြင်း၊ ဟိုတယ်လုပ်ငန်းများ ဆောင်ရွက်ချိန်တွင်မီးဖိုချောင်နှင့်စားသောက်ခန်းများမှ ထွက်ရှိလာမည့်စာကြွင်းစားကျန်များ၊ စွန့်ပစ်အမှိုက်များနှင့်ရေဆိုးများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းခြင်းစသည့်ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုပြဿနာများဖြစ်ပေါ်စေနိုင်ပါသည်။

၄။ သို့ဖြစ်ပါ၍ Thiha Development Co.,Ltd မှ ၁၂ထပ်အဆောက်အဦတည်ဆောက်၍ ဈေးဆိုင်ခန်း၊ လူနေတိုက်ခန်းနှင့်ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအားဆောင်ရွက်ခွင့်ပြုပါရန်တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်းသဘောထားမှတ်ချက်ပြန်ကြားအပ်ပါသည်-

(က) အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့်ကျန်းမာရေးထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာအချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းစနစ်များအား အသုံးပြုရန်နှင့်အဆိုပြုလွှာတွင်ဖော်ပြထားသည့် လူမှုရေးဆိုင်ရာတာဝန်ခံပူးပေါင်းဆောင်ရွက်မှု (Cor-

porate Social Responsibility-CSR)အတွက် အသားတင်အမြတ်ငွေ၏ (၂%)ကိုအသုံးပြုခြင်းအပါအဝင်ကတိကဝတ်များအားလိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ခ) အဆိုပြုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုမရှိစေရေး(သို့မဟုတ်)ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးတို့အတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(Environmental Impact Assessment-EIA)ကို ဆောင်ရွက်ပြီး ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ အစီရင်ခံစာရေးသားတင်ပြရန်။

(ဂ) ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုများမဖြစ်စေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်၊ စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့်အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးရေးဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေစသည်တို့ပါဝင်သော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan - EMP)အားရေးဆွဲတင်ပြ၍ စီမံချက်ပါအတိုင်းအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ဃ) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(င) သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ဒေသခံပြည်သူများ၏ ဆန္ဒနှင့်သဘောထားများရယူဆောင်ရွက်ရန်။

(ဇော်မိုး)
ဒုတိယညွှန်ကြားရေးမှူး
အဖွဲ့ခေါင်းဆောင်
ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ဒုတိယဝန်ကြီး(ပတ်ဝန်းကျင်)
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး
ရုံးလက်ခံ

သီဟ ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်

THIHA Development

Office (1) - (8/11), Kanbawza Street, Yae Aye Kwine Quarter, Taunggyi. Ph : 081 2125319
Office (2) - #1001, Tower A, 10th Floor, MyaingHayWun Condo(Junction-8), Kyaik Wine Pagoda Road, MyanGone Township, Yangon. Ph : 01 650774, 01 650779 Ext : 110, 09 978923862
Office (3) - Corner of Bogyoke Aung Sun Road & Yae Htwet Oo Street, Kan Shae Qrt, Taunggyi. Ph : 081 201686, 081 200229 Email : sunthiha@gmail.com, centriocitysquare@gmail.com

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်။

ရက်စွဲ။ ။၂၀၁၆ ခုနှစ်၊ မတ်လ၊ (၁၈)ရက်။

အကြောင်းအရာ။ ။ "သီဟ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်" (Thiha Development Co., Ltd.)မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန် ကတိဝန်ခံချက်တင်ပြခြင်းကိစ္စ။

ရည်ညွှန်းချက် ။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၄. ၃. ၂၀၁၆) ရက်စွဲပါ စာအမှတ်၊ ရက-၄/မ-၁၅၃၂/၂၀၁၆(၃၉၃)

"သီဟ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်" (Thiha Development Co., Ltd..)သည် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရေထွက်ဦးလမ်းထောင့်၊ အကွက်အမှတ် (၂၆)ရှိ မြေဧရိယာ (၁. ၄၁၁)ဧကတွင် **Taunggyi Shopping Centre** အမည်ဖြင့် (၁၂)ထပ်အဆောက်အဦး တည်ဆောက်၍ ဈေးဆိုင်ခန်း၊ လူနေအိမ်ခန်းများနှင့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအား ဆောင်ရွက်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့တင်ပြခဲ့ပါသည်။ အဆိုပြုပါကိစ္စနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့်အညီ လူမှုရေးဆိုင်ရာတာဝန်ခံ ပူးပေါင်းဆောင်ရွက်မှု **(Corporate Social Responsibility-CSR)**အတွက် အသားတင်အမြတ်၏ (၂%)အား အသုံးပြုမည်ဖြစ်ပါသည်။ ထို့အပြင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း **(Environmental Impact Assessment-EIA)** အစီရင်ခံစာနှင့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် **(Environmental Management Plan-EMP)** တို့ကို သက်ဆိုင်ရာ ကုမ္ပဏီများသို့ အပ်နှံဆောင်ရွက်မည်ဖြစ်ပါသည်။ အစီအရင်ခံစာ အပြည့်အစုံရရှိသည့်အခါ ဆက်လက်ပေးပို့တင်ပြသွားမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

လေးစားစွာဖြင့်

Zaw Lin
Managing Director
Thiha Development Co.,Ltd.

နောက်ဆက်တွဲ (ဂ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

ဝန်ကြီးရုံး

စာအမှတ်၊ **၁၈ - ဂ (အုပ်ချုပ်မှု)/နပတ/** ၀၆၃၀

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ **မတ်** လ ____ ရက်။

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏(၂၆-၂-၂၀၁၆)ရက်စွဲပါစာအမှတ် ရက - ၄/မ-၁၅၃၂/၂၀၁၆ (၃၀၆-ဃ)

၁။ Thiha Development Co., Ltd မှ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်ရေထွက်ဦးလမ်းထောင့်အကွက်အမှတ်(၂၆)ရှိ မြေဧရိယာ(၁.၄၁၁) ဧက တွင် Taunggyi Shopping Centre အမည်ဖြင့်(၁၂)ထပ်အဆောက်အဦတည်ဆောက်၍ဈေးဆိုင်ခန်း၊လူနေတိုက်ခန်းနှင့်ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအား မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အညီဆောင်ရွက်ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးဇော်လင်းမှရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီမှတဆင့်ရည်ညွှန်းပါစာဖြင့် အဆိုပြုတင်ပြလာခြင်းအပေါ် သဘောထားမှတ်ချက်ပေးနိုင်ပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များလာရောက်လည်ပတ်နိုင်သော ခရီးစဉ်များဖော်ထုတ်ပြီး မြှင့်တင်ဆောင်ရွက်လျက်ရှိခြင်းကြောင့် ယခုကဲ့သို့ Taunggyi Shopping Centre အမည်ဖြင့်(၁၂)ထပ်အဆောက်အဦတည်ဆောက်၍ဈေးဆိုင်ခန်း၊လူနေတိုက်ခန်းနှင့်ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်မည်ဖြစ်၍ ကန့်ကွက်ရန်မရှိပါ။

၃။ ထို့ပြင်Thiha Development Co., Ltd မှ Taunggyi Shopping Centre ကို ဈေးဆိုင်ခန်း၊လူနေတိုက်ခန်း၊ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းနှင့်ရုပ်ရှင်ရုံများပါဝင်သည့်(၁၂)ထပ်အဆောက် အဦအားရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း နှင့်အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းသဘောတူစာချုပ်ကို (၇-၁၀-၂၀၁၄)ရက်နေ့က ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီနှင့်ချုပ်ဆိုထားကြောင်း တွေ့ရှိရပါသည်။

၄။ Thiha Development Co., Ltd မှ ငှားရမ်းမည့်ဟိုတယ်အခန်းခန့်မှန်းထားများတွင် Standard Room တစ်ခန်းလျှင်မြန်မာငွေကျပ်(၃၀၀၀၀/-)ခန့်မှန်းဟုသတ်မှတ်ဖော်ပြထားသဖြင့်ငှားရမ်းမည့်နှုန်းထားများနှင့်အသုံးပြုမည့်ပစ္စည်းများ၊ပေးအပ်မည့်ဝန်ဆောင်မှုများလည်းလျော်ကန်သင့်တင့်ရန်လိုအပ်ပါသည်။

၅။ Thiha Development Co., Ltd မှ တည်ဆောက်မည့် အဆောက်အဦစီမံကိန်းတွင် မြေအောက်ထပ် Basement (1)နှင့်(2)တွင်မော်တော်ယာဥ်ရပ်နားရန်အတွက်လည်းကောင်း၊ Ground Floor မှ Third Floor အထိ ဆိုင်ခန်းများဖွင့်လှစ်မည်ဖြစ်ကြောင်းကိုလည်းကောင်း၊ Fouth Floor တွင် ရုပ်ရှင်ရုံ(၁)ရုံ၊ ကလေးကစားကွင်းနှင့်စားသောက်ဆိုင်ထားရှိမည်ဖြစ်ကြောင်းကိုလည်းကောင်း ၊ Fifth Floorတွင်အစည်းအဝေးခန်းမ၊စားသောက်ဆိုင်၊ရေကူးကန်နှင့်အားကစားရုံများပါရှိမည်ဖြစ်ကြောင်းကိုလည်းကောင်း၊ Sixth Floor မှ Eleventh Floor အထိ တို့တွင်အခန်း(၁၄၅) ခန်းပါ ဟိုတယ်(၁) လုံးနှင့် ကွန်ဒိုတိုက်ခန်း(၄၉) ခန်းဖွဲ့စည်းထားမည်ဖြစ်ကြောင်းကိုလည်းကောင်း၊ Twelth Floor တွင် KTV နှင့်စားသောက်ဆိုင်များပါရှိမည်ဖြစ်ကြောင်းကိုလည်းကောင်းဟင်ပြထားသည့်အတွက် ရှမ်းပြည်နယ်အစိုးရဖွဲ့၏သဘောထားမှတ်ချက်နှင့် အထပ်မြင့်တည်ဆောက်ခြင်းအတွက် သက်ဆိုင်ရာဌာနများ၏ ခွင့်ပြုချက်တို့ ရယူဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ပါသည်။

၆။ ယခုအဆိုပြုတင်ပြလာသည့် စီမံကိန်းမြေနေရာသည် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင် ဆောင်ရွက်မည်ဖြစ်သောကြောင့် အဆောက်အဦများဆောက်လုပ်ရေးအတွက် ရှမ်းပြည်နယ်အစိုးရမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်စေရေးလိုက်နာဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း တင်ပြအပ်ပါသည်။

၇။ Thiha Development Co., Ltd မှ ဆောက်လုပ်မည့် အဆောက်အဦ(၁၂)ထပ်အနက်(၅) ထပ်မှာ တည်ဆောက်ပြီးစီးနေကြောင်းသိရှိရသည့်အတွက် ကျန်အဆောက်အဦများအတွက် ပြည်ပမှ တင်သွင်းမည့် တည်ဆောက်ရေးပစ္စည်းများ ဟိုတယ်လုပ်ငန်းသုံးပစ္စည်းများအပေါ် အခွန်သက်သာခွင့် မှာကော်မရှင်၏အဆုံးအဖြတ်သာရယူရမည်ဖြစ်ပါသည်။

၈။ Thiha Development Co., Ltd မှ တင်ပြထားသည့် နောက်ဆက်တွဲ (၅) တွင် အဆင့်မြင့် လူနေအိမ်ခန်းရောင်းချရမည့်ဝင်ငွေစာရင်း၌အဆင့်မြင့်လူနေအိမ်ခန်းရောင်းရငွေပါဝင်နေသည့်အတွက် ငှားမည့် အဆောက်အဦနှင့်ရောင်းချမည့် အဆောက်အဦများ တိကျစွာဖော်ပြပေးရန်နှင့်အိမ်ခန်းများ ရောင်းချမည်ဆိုပါက အခန်းရောင်းချခြင်းဆိုင်ရာ ထုတ်ပြန်ထားသည့် အမိန့်ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

၉။ ဟိုတယ်လုပ်ငန်းလိုင်စင်လျှောက်ထားရာတွင် အိပ်ခန်းအရေအတွက်နှင့် အချိုးညီခန့်အပ်မည့်ဝန်ထမ်းအားလုံးသည်ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာသင်တန်းဆင်းလက်မှတ်များတင်ပြနိုင်ရန်လိုအပ်သဖြင့် ကြိုတင်စီမံဆောင်ရွက်ထားနိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်ပြီးရေဆိုး၊ အမှိုက်နှင့်အညစ်အကြေးစွန့်ပစ်မှုစနစ်များအား စနစ်တကျစီမံဆောင်ရွက်ထားရန်လိုအပ်ပါသည်။

၁၀။ ရင်းနှီးမြှုပ်နှံခွင့်ပြုမိန့်ရရှိပြီးပါက မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေးဥပဒေနှင့်အညီဟိုတယ်လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်ကို ဤဝန်ကြီးဌာနသို့ ဆက်လက်လျှောက်ထားရယူသွားရန်လိုအပ်ပါကြောင်းကိုလည်းတင်ပြအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

(ဒေါက်တာတင်ရွှေ ၊ ဒုတိယဝန်ကြီး)

မိတ္တူကို

ရုံးလက်ခံ

မျှော

နောက်ဆက်တွဲ (ဃ)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း
MYANMAR ENGINEERING SOCIETY

Hlaing Universities' Campus, Hlaing Township, Yangon, Myanmar
Tel : 95-1-519673 ~ 76, Fax : 95-1-519681
E-mail:mes@mptmail.net.mm, Website: www.mes.org.mm

သို့
ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ မအသ / MIC / ၀၂၈၇ / ၂၀၁၆ ။
ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ မတ်လ၊ (၂၉) ရက်။

အကြောင်းအရာ ။ ။ Thiha Development Co.,Ltd ၏ Taunggyi Shopping Centre အမည်ဖြင့် ၁၂ ထပ် အဆောက်အဦ တည်ဆောက်၍ ဈေးဆိုင်ခန်း၊ လူနေတိုက်ခန်းနှင့် ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်ရန် ကိစ္စ။

ရည်ညွှန်းချက်။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၂.၃.၂၀၁၆ ရက်စွဲပါ စာအမှတ် ၊ရက-၄/မ-၁၅၃၂ / ၂၀၁၆ (၄၅၉)။

၁။ အထက်ပါအကြောင်းအရာနှင့် ပတ်သက်၍ရည်ညွှန်းချက်ပါစာအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသို့ သက်ဆိုင်ရာ Thiha Development Co.,Ltd မှ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ကန်ရှေ့ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း နှင့် ရေထွက်ဦးလမ်းထောင့် အကွက် အမှတ်(၂၆) ရှိ မြေဧရိယာ ၁.၄၁၁ ဧက တွင် Taunggyi Shopping Centre အမည်ဖြင့် ၁၂ ထပ် အဆောက်အဦ တည်ဆောက်၍ ဈေးဆိုင်ခန်း၊ လူနေတိုက်ခန်း နှင့် ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်း နှင့်ပတ်သက်၍ လိုအပ်သော သဘောထား မှတ်ချက် ပေးရန် အကြောင်းကြားခဲ့ပါသည်၊

၂။ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတွင် ဖွဲ့စည်းထားသော MIC Projects Assessment Committee မှ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ သဘောထားမှတ်ချက်ပေးနိုင်ရေး အတွက် Presentation ပြုလုပ်ရန်ဖိတ်ကြားချက်အရ Thiha Development Co.,Ltd မှ တာဝန် ရှိသူများမှ (၂၈-၃-၂၀၁၆) ရက်နေ့တွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း သို့ လာရောက်၍ စီမံကိန်း နှင့် ပတ်သက်သော အချက်အလက်များကို ရှင်းလင်းတင်ပြခဲ့သည်။

၃။ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း မှ MIC Projects Assessment Committee အဖွဲ့ဝင် များဖြစ်ကြသော ဥက္ကဋ္ဌ ဦးဝင်းခိုင်၊ အတွင်းရေးမှူး ဦးကြည်လွင်၊အဖွဲ့ဝင် များဖြစ်ကြသော ဦးကျော်စန်ဝင်း၊ ဦးကိုကိုကြီး၊ ဦးခင်မောင်ဆယ်၊ ဦးခင်မောင်ဝင်း တို့ တက်ရောက်ခဲ့ကြပါသည်။

၄။ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ MIC Projects Assessment Committee အနေဖြင့် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ တွင် တည်ဆောက်မည့် Taunggyi Shopping Centre အမည်ဖြင့် ၁၂ ထပ် အဆောက်အဦ တည်ဆောက်၍ ဈေးဆိုင်ခန်း၊ လူနေတိုက်ခန်း နှင့် ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်း ဆောင်ရွက်ရာတွင် သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ရန် နှင့် စံချိန်စံညွှန်းမီ တည်ဆောက်ရေးပစ္စည်းများ အသုံးပြု၍ တည်ဆောက်ပါက ကန့်ကွက်ရန်မရှိပါကြောင်း တင်ပြအပ်ပါသည်။

၅။ အဆောက်အဦပိုင်းတွင် အဓိကဆောက်လုပ်ရေးပစ္စည်းဖြစ်သော Cement, Rebar နှင့် Structural Steel များကို ပြည်ပမှ တင်သွင်းခြင်းမပြုဘဲ ပြည်တွင်းမှသာ ဝယ်ယူ၍ ဆောက်လုပ်မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

၆။ အဆောက်အဦ၏ M&E ကို စိစစ်ခဲ့ရာ လက်ခံနိုင်ဖွယ် ရှိကြောင်း တင်ပြအပ်ပါသည်။

မှတ်ချက်။ ။(၁) ယခုတင်ပြသော စီမံကိန်းစိစစ်ရာတွင် တင်ပြသောပုံစံ၊ဒီဇိုင်းများသည် အမှန်တကယ်အသေးစိတ် တည်ဆောက်မည့် ပုံစံ၊ဒီဇိုင်းများနှင့် ကွဲလွဲမှုရှိမည်ဆိုပါက ယခုတွက်ချက်ထားသောပစ္စည်းအရေအတွက်များမှာ အမှန်တကယ်သုံးစွဲမည့်အရေအတွက်နှင့် ကွာခြားနိုင်ပါသည်။ သို့အတွက် လိုအပ်ပါက Detail Drawings မှ တွက်ချက်ထားသော Detail Estimate ရရှိပြီးသည့်အခါတွင် ပြန်လည်စိစစ်မှုများဆောင်ရွက်ရန် လိုအပ်ပါသည်။ (Subject to Check)

(၂) သက်ဆိုင်ရာမီးသတ်ဦးစီးဌာနမှချမှတ်ထားသော လမ်းညွှန်ချက်များအတိုင်းလိုက်နာဆောင်ရွက်မည်ဆိုပါက ကန့်ကွက်ရန်မရှိပါကြောင်း တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

ဥက္ကဋ္ဌ (ကိုယ်စား)

(ကြည်လွင်၊အတွင်းရေးမှူး)

MIC Projects Assessment Committee

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

မိတ္တူကို
- Managing Director, Thiha Development Co.,Ltd
- ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
- ဥက္ကဋ္ဌ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း MIC Projects Assessment Committee
- ရုံးလက်ခံ / မျှောစာတွဲ

MIC Projects Assessment Committee
Myanmar Engineering Society

Address: MES Building, Hlaing Universities' Campus, Hlaing Township, Yangon 11052, Myanmar.

သီဟ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်

THIHA DEVELOPMENT COMPANY LIMITED

မှ

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကန်ရှေ့ရပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်
ရေထွက်ဦးလမ်းထောင့်၊ အကွက်အမှတ် (၂၆)ရှိ၊ တောင်ကြီးမြို့နယ်
စည်ပင်သာယာရေးအဖွဲ့ပိုင်၊ မြေဧရိယာ (၁. ၄၁၁)ဧကတွင်၊
"ခွဲဝေခံစားသည့်စနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း" ဖြင့်
ဈေးဆိုင်ခန်းများ၊ အဆင့်မြင့်လူနေအိမ်ခန်းများနှင့် ဟိုတယ်တို့ပါဝင်သော
(၁၂)ထပ် အဆောက်အဦ တည်ဆောက်၍
Taunggyi Shopping Center အမည်ဖြင့်

လုပ်ငန်း ဆောင်ရွက်ရန်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့

အဆိုပြုတင်ပြချက်

THIHA
Development

သီဟ ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်

Office (1) - (8/11), Kanbawza Street, Yae Aye Kwine Quarter, Taunggyi. Ph : 081 2125319
Office (2) - #1001, Tower A, 10th Floor, MyaingHayWun Condo(Junction-8), Kyaik Wine Pagoda Road, MyanGone Township, Yangon. Ph : 01 650774, 01 650779 Ext : 110, 09 978923862
Office (3) - Corner of Bogyoke Aung Sun Road & Yae Htwet Oo Street, Kan Shae Qrt, Taunggyi. Ph : 081 201686, 081 200229 Email : sunthiha@gmail.com, centriocitysquare@gmail.com

---

သို့

ဥက္ကဋ္ဌ၊
မြန်မာနိုင်ငံရင်းနှီးမြုပ်နှံမှုကော်မရှင်၊

စာအမှတ်။ ။ TD/MIC/2016(1)
ရက်စွဲ ။ ။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ၊ ( )ရက်

အကြောင်းအရာ။ ။ မြန်မာနိုင်ငံရင်းနှီးမြုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက်ပေးပို့တင်ပြခြင်း။

မြန်မာနိုင်ငံသားများရင်းနှီးမြုပ်နှံမှုဥပဒေအရ **"သီဟဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်"** (Thiha Development Company Limited.)သည် ရှမ်းပြည်နယ် တောင်ကြီးမြို့၊ ကန်ရှေ့ရပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရေထွက်ဦးလမ်းထောင့်၊ အကွက်အမှတ်(၂၆)ရှိ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြေဧရိယာ (၁. ၄၁၁)ဧကတွင် **"ခွဲဝေခံစားသည့်စနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း"** ဖြင့် ဈေးဆိုင်ခန်းများ၊ အဆင့်မြင့်လူနေအိမ်ခန်းများနှင့် ဟိုတယ် တို့ပါဝင်သော (၁၂)ထပ် အဆောက်အဦတည်ဆောက်၍ Taunggyi Shopping Center အမည်ဖြင့် ဝန်ဆောင်မှု လုပ်ငန်းများဆောင်ရွက်ရန်နှင့် ခွင့်ပြုမိန့် ရရှိနိုင်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြုပ်နှံမှုကော်မရှင်သို့ အဆိုပြုလွှာ များကို လိုအပ်သလိုစိစစ်ပေးနိုင်ပါရန် ပေးပို့တင်ပြလျှောက်ထားအပ်ပါသည်။

လေးစားစွာဖြင့်

(signature)

Zaw Hla

THIHA Development

သီဟ ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်

Office (1) - (8/11), Kanbawza Street, Yae Aye Kwine Quarter, Taunggyi. Ph : 081 2125319
Office (2) - #1001, Tower A, 10th Floor, MyaingHayWun Condo(Junction-8), Kyaik Wine Pagoda Road, MyanGone Township, Yangon. Ph : 01 650774, 01 650779 Ext : 110, 09 978923862
Office (3) - Corner of Bogyoke Aung Sun Road & Yae Htwet Oo Street, Kan Shae Qrt, Taunggyi. Ph : 081 201686, 081 200229 Email : sunthiha@gmail.com, centriocitysquare@gmail.com

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊

စာအမှတ်။ ။ **TD/MIC/2016(2)**
ရက်စွဲ ။ ။၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ၊ ( )ရက်။

အကြောင်းအရာ။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်နှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၁၁)၊ ပုဒ်မ(၂၀)အရ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များလျှောက်ထားခြင်း။

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့် **"သီဟ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်" (Thiha Development Company Limited.)**သည် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကန်ရှေ့ရပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရေထွက်ဦးလမ်းထောင့်၊ အကွက်အမှတ် (၂၆)ရှိ၊ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်၊ မြေဧရိယာ (၁. ၄၁၁)ဧကတွင်၊ ခွဲဝေခံစားသည့် စနစ်ဖြင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဈေးဆိုင်ခန်းများ၊ အဆင့်မြင့်လူနေအိမ်ခန်းများနှင့် ဟိုတယ်တို့ပါဝင်သော (၁၂)ထပ် အဆောက်အဦးတည်ဆောက်၍ **Taunggyi Shopping Center** အမည်ဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုမိန့်ရရှိနိုင်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုခွင့်ပြုမိန့် **(Permit)** ကို လျှောက်ထားအပ်ပါသည်။

၂။ **Taunggyi Shopping Center** အတွက် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ကျပ်(၃၁၅၇၈)သန်းတွင် ငွေ သားကျပ်(၃၀၀၀)သန်း၊ စက်ပစ္စည်းကိရိယာတန်ဖိုး ပြည်တွင်းကျပ်(၁၄၂၅)သန်းနှင့် US$(၁. ၄၁)သန်း၊ ပြည်ပ **US$ (1.39)**သန်းနှင့် ညီမျှသောကျပ် (၁၆၆၈)သန်း၊ စုစုပေါင်း ကျပ်(၄၇၈၅)သန်း၊ အဆောက် အဦးများအတွက် ပြည်တွင်း ကျပ်(၁၁၉၁၈)သန်း၊ ပြည်ပ **US$ (9.88)**သန်းနှင့် ညီမျှသောကျပ် (၁၁၈၅၆)သန်း၊ စုစုပေါင်းကျပ်(၂၃၇၇၄)သန်း၊ ပရိဘောဂနှင့် ရုံးလုပ်ငန်းသုံးပစ္စည်းတန်ဖိုး ကျပ် (၁၉)သန်းတို့ဖြင့် ထည့်ဝင်ရင်းနှီးမြှုပ်နှံမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများ ရရှိစေရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်သစ်များ ပေါ်ပေါက်လာစေရန်အတွက်လည်းကောင်း၊ ဟိုတယ် ဝန်ဆောင်မှုလုပ်ငန်းနည်းပညာရပ်များ တိုးတက်လာစေရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက်လည်းကောင်း၊ ပြည်တွင်း၊ ပြည်ပမှ ခရီးသွားဧည့်သည်များ အဆင်ပြေစေနိုင်ရန်အတွက်လည်းကောင်း၊ ကျွန်တော်တို့လျှောက်ထားခြင်းကို လက်ခံစဉ်းစားပေးပါရန်နှင့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၁၁)၊

THIHA

ပုဒ်မ(၂၀)အရ အခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကိုလည်းခံစားခွင့်ပြုပါရန် လျှောက်ထားအပ်ပါသည်။

၄။ အဆိုပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရန် ဤလျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားစာရွက်စာတမ်းများကို ပူးတွဲတင်ပြအပ်ပါသည်။

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ကမကထပြုသူ၏ လုပ်ငန်းဆောင်ရွက်ရန် အဆိုပြုချက်၊

(ခ) ဘဏ္ဍာရေးအချက်အလက်များနှင့် ပတ်သက်၍ တွက်ချက်မှုဇယားများ၊

(ဂ) လုပ်ငန်းပိုင်းနှင့် ငွေရေးကြေးရေးအထောက်အထားများ၊

(ဃ) သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း၊

လေးစားစွာဖြင့်

Development Co.,Ltd.

THIHA Development

သီဟ ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်

Office (1) - (8/11), Kanbawza Street, Yae Aye Kwine Quarter, Taunggyi. Ph : 081 2125319
စီမံကိန်းတစ်ရပ်လုံးအတွက်လိုအပ်သော လျှပ်စစ်ပမာဏအား 3000KVA တွက်ချက်လျာထားပြီး ကုမ္ပဏီမှ 11KVA လိုင်းအား စိုက်ထုတ်သွယ်တန်းသွား၍ မြန်မာ့လျှပ်စစ်ဓါတ်အားလုပ်ငန်းမှ ရယူသုံးစွဲမည် ဖြစ်ပါသည်။ အရေးပေါ် လျှပ်စစ်လိုအပ်မှုအတွက် ကုမ္ပဏီပိုင်မီးစက်များတပ်ဆင်ထားရှိမည်ဖြစ်ပါသည်။

နိုင်ငံတကာအဆင့်မှီကုန်သွယ်ရေးနှင့်ဈေးဝယ်စင်တာဖြစ်ပေါ်ရန်ဆောင်ရွက်ခြင်း

မူလ ၁. ၄ ဧကခန့်သာရှိသော ကုန်ခြောက်သားငါးဈေးတွင် ဈေးဆိုင်ခန်းပေါင်း ၄၆၈ခန်းပါဝင်လျက် လူ ၂၀၀၀ ခန့် အလုပ်အကိုင်ရရှိခဲ့ပြီး ယခုတည်ဆောက်မည့် တောင်ကြီးရွှေပင်းစင်တာ Service Apartments နှင့် ဟိုတယ်များသည် မူလဧရိယာထက် ၁၀ဆခန့် ပိုမိုတည်ဆောက်သည့်အတွက် အလုပ်အကိုင်အခွင့်အလမ်း ပေါင်း ၅-ဆ လူဦးရေ ၁၀၀၀၀ခန့် တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်း အလုပ်အကိုင်များ ရရှိစေမည်ဖြစ်ပါသည်။ ပြည်တွင်းထုတ် အရည်အသွေးမှီကုန်ပစ္စည်းများ နိုင်ငံတကာပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ ပြည်တွင်းပြည်ပခရီးသွားများအား ဝန်ဆောင်မှုပေးခြင်း၊ ပြည်တွင်းပြည်ပ ကုမ္ပဏီများ Service Apartments နှင့် ရုံးခန်းများ အသုံးပြုခြင်းတို့ကြောင့် ဖြစ်ထွန်းလာမည့် စီးပွားရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ များစွာ တိုးတက်ပြောင်းလဲ လာမည်ဖြစ်ပါသည်။

<u>သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း</u>

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းစံချိန်စံညွှန်းနှင့်အညီ စီမံကိန်းများအား အကောင်အထည်ဖော်ရန် စီမံချက်ရေးဆွဲထားရှိပြီး မူလထက် ပိုမိုကောင်းမွန်လာစေရန် ပင်မရေနုတ်မြောင်းအား အသစ်တည်ဆောက် ခြင်း၊ စီမံကိန်းအင်္ဂါရပ်နှင့်ညီညွတ်မည့်လမ်းများတိုးချဲ့တည်ဆောင်ခြင်း၊ လအလိုက်ပွင့်သည့် သစ်ပင်ပန်းမန်များ **(Landscaping)**အား ထည့်သွင်းတည်ဆောက်ခြင်း၊ လူသွားစင်္ကြံ များနှင့် လမ်းမီးတိုင်များထည့်သွင်း တည်ဆောက်ခြင်း တို့ကြောင့် မူလသဘာဝပတ်ဝန်းကျင်ထက် ပိုမိုသာလွန်သော ပတ်ဝန်းကျင်ကို ဖန်တီး တည်ဆောက် ထားပါသည်။

<u>လူမှုဝန်းကျင်ထိန်းသိမ်းခြင်း</u>

Taunggyi Shopping Center @ Community Center အဖြစ်တည်ဆောက် ထားခြင်းဖြစ်သည့်အလျောက် လူမှုဆက်သွယ်ရေး၊ ကျန်းမာရေးနှင့်ညီညွတ်သောအစားအသောက် များတည်ခင်းရောင်းချခြင်း၊ သွားဆေးခန်း၊ အလှအပဆိုင်ရာဆေးခန်းများ၊ ကျောင်းသုံးနှင့်စာပေ စာကြည့်တိုက်များ အစရှိသည်တို့ ပါဝင်မည်ဖြစ်ပါသည်။ ရှေ့ပင်းစင်တာပတ်ဝန်းကျင်ရှိ လူနေ ရပ်ကွက်များတွင် လမ်းတံတားများ အသစ်တိုးချဲ့ဆောက်လုပ်ခြင်း၊ အဟောင်းပြုပြင်ခြင်း၊ ရေစီး ရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများဖောက်လုပ်ပေးခြင်း၊ စွန့်ပစ်အမှိုက်များ စနစ်တကျ သိမ်းဆည်းခြင်း၊ လူသွားစင်္ကြံ များထည့်သွင်းတည်ဆောက်ပေးခြင်း အစရှိသည်တို့ကို ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် လူမှုပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်ရေးရံပုံငွေတစ် ရပ်အနေဖြင့် နှစ်စဉ်ရရှိမည့်ဝင်ငွေမှ ၂%အား လျာထားသုံးစွဲသွားမည်ဖြစ်ပါသည်။

<u>မီးဘေးအန္တရာယ်ကာကွယ်ရေးဆောင်ရွက်ထားရှိမှု</u>

တောင်ကြီးမြို့တွင် အဆင့်မြင့်ဆုံးနှင့် မီးဘေးအန္တရာယ်လုံခြုံမှုအရှိဆုံး စံပြအဆောက်အဦ တစ်ရပ်အနေဖြင့် ရည်မှန်းထားသည့်အတွက် မီးဘေးအန္တရာယ်ကာကွယ်ရေးစနစ်များအားဖြင့် အောက်ပါစနစ်ခြောက်မျိုးအား ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ပါသည်။ ၎င်းတို့မှာ -

(၁) အလိုအလျောက်ရေပိုက်ခေါင်းဖြင့်ရေဖျန်းစနစ်၊
(Automatic Fire Sprinkler System)

(၂) အရေးပေါ် ရေဖြင့်ကြိုတင်မီးငြိမ်းသတ်နိုင်ရန် မီးသတ်ပိုက်ပျော့ခွေရစ်လုံးများထားရှိခြင်းစနစ်၊
(Fire Hose Reels System)

(၃) အထပ်မြင့်အဆောက်အဦများတွင် မီးငြိမ်းသတ်ရန်အတွက်အဆင်သင့်မီးသတ်ပိုက်များနှင့် မီးသတ်ပိုက်ခေါင်းများ ထားရှိခြင်းစနစ်၊
(Wet or Dry Riser System)

(၄) မီးသတ်ကားများရေဖြည့်ရန်နှင့် မီးငြိမ်းသတ်ရန်အတွက် မီးသတ်ပိုက်ခေါင်းများထားရှိခြင်းစနစ်။
(Fire Hydrant System)

(၅) အလွယ်တကူသယ်ယူမီးငြိမ်းသတ်နိုင်သောမီးသတ်ဆေးဗူးများထားရှိခြင်း။
(Portable Fire Extinguishers)

(၆) မီးဘေးအန္တရာယ်ကာကွယ်အချက်ပေးစနစ်များ။
(Fire Alarms & Detector System)

တို့ဖြစ်ပြီး ဂါလံခြောက်သောင်းဆန့် မီးသတ်ကန် နှင့်တွဲဖက်လျက် ဂါလံ ၁၂၀၀၀၀ ဆန့် မြေအောက်ရေပေးဝေရေးကန်နှင့် ဂါလံ ၂၅၀၀၀ဆန့် Overhead Tank တို့ ပူးတွဲတည်ဆောက်သွားမည်ဖြစ်ပြီး ပြည်နယ်မီးသတ်အဖွဲ့နှင့် ပူးတွဲလျက် မီးဘေးအန္တရာယ်ကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းကာ လစဉ်၊ နှစ်စဉ် လေ့ကျင့်မှုများ၊ စစ်ဆေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီနှင့်
သီဟဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်တို့အကြားချုပ်ဆိုသော
တောင်ကြီးဈေးပင်းစင်တာ(Taunggyi Shopping Center)
တည်ဆောက်ရေးလုပ်ငန်း(PPP)စနစ်ဖြင့်
အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းသဘောတူစာချုပ်

ဤစာချုပ်ကို တောင်ကြီးမြို့၌ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ(၇)ရက်နေ့တွင် ဦးစိုင်းထွန်းထွန်း၊ အတွင်းရေးမှူး၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ(ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန)ကိုယ်စားပြုသော(ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးကော်မတီ)(နောင်တွင် ၎င်းအားလုပ်ငန်းအပ်နှံသူဟုခေါ်ဆိုမည်ဖြစ်ပြီး အဆိုပါစကားရပ်တွင် ယင်း၏ဆက်ခံသူများနှင့် ဥပဒေအရလွှဲအပ်ခံရသူများ အားလုံးအကျုံးဝင်သည်)က တစ်ဘက်

နှင့်

ဒေါက်တာလတ်လတ်စိုး(မန်နေဂျင်းဒါရိုက်တာ)နှင့်ဒေါ်မေစုလှိုင်(ဒါရိုက်တာ)တို့ကိုယ်စားပြုသော သီဟဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်(THIHA DEVELOPMENT Co.,Ltd)(နောင်တွင် ၎င်းတို့အား လုပ်ငန်းလက်ခံသူဟု ခေါ်ဆိုမည်ဖြစ်ပြီး အဆိုပါစကားရပ်တွင်၎င်းတို့အား ဆက်ခံသူများ၊ ဥပဒေအရ ခွင့်ပြုထားသော လွှဲအပ်ခြင်းခံရသူများနှင့်တရားဝင်ကိုယ်စားလှယ်များ တို့လည်း ပါဝင်စေရမည်။)တို့က အခြားတစ်ဘက် တို့သည် ဤသဘောတူ စာချုပ်ကို လက်မှတ်ရေးထိုး ချုပ်ဆိုကြပါသည်။

ရည်ရွယ်ချက်

၁။ ပြည်ထောင်စုအစိုးရအဖွဲ့နှင့်ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့၏ မူဝါဒလမ်းညွှန်ချက်များအရ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ပုဂ္ဂလိကအခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး(Public Development Sector)နှင့်

(စိုင်းထွန်းထွန်း) (လတ်လတ်စိုး) (မေစုလှိုင်)

မြို့ပြစနစ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရှမ်းပြည်နယ်အတွင်း ပြည်နယ်မြို့တော်ဖြစ်သည့် တောင်ကြီးမြို့တွင် ကုန်ခြောက်သားငါးဈေး အဆင့်မြင့်တောင်ကြီးရှော့ပင်းစင်တာ(Taunggyi Shopping Center) တည်ဆောက်ရေးလုပ်ငန်းကို သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာ စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်ပါသည်။

လုပ်ပိုင်ခွင့်အပ်နှင်းခြင်း

၂။ " လုပ်ငန်းအပ်နှံသူ " အတွက် ကိုယ်စားပြုလက်မှတ်ရေးထိုးနိုင်ရန် ဦးစိုင်းထွန်းထွန်း ၊ အတွင်းရေးမှူး ၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ(ညွှန်ကြားရေးမှူး ၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန) လုပ်ငန်းဆောင်ရွက်ခွင့်ပြုသည့် အထောက်အထားများနှင့် " လုပ်ငန်းလက်ခံသူ " အတွက် ကိုယ်စားပြုလက်မှတ်ရေးထိုးနိုင်ရန် သီဟဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာလတ်လတ်စိုးနှင့် ဒါရိုက်တာဒေါ်မေစုလှိုင်တို့အား အပ်နှင်းတာဝန်ပေးအပ်သည့် ဒါရိုက်တာများ အစည်းအဝေးအမှတ်စဉ်(၁ / ၂၀၁၄)၏ အစည်းအဝေး ဆုံးဖြတ်ချက်များကို ဤစာချုပ်၏ နောက်ဆက်တွဲ(က)အဖြစ် သတ်မှတ်ပူးတွဲသည်။

အာမခံခြင်းနှင့်ကိုယ်စားပြုခြင်း

၃။ လုပ်ငန်းအပ်နှံသူသည် စာချုပ်ပါလုပ်ငန်းကို တည်ဆောက်မည့်မြေနေရာအား တောင်ကြီးခရိုင်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေငှါးဂရန်အမှတ်(၁၄ / ၉၆)အရ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန တရားဝင်အမည်ပေါက် ငှါးရမ်းသုံးစွဲပိုင်ခွင့်ရရှိထားသူဖြစ်ပြီး " လုပ်ငန်းလက်ခံသူ " ကလည်း စာချုပ်ပါလုပ်ငန်းတည်ဆောက်လုပ်ကိုင်နိုင်ရန်အတွက် သတ်မှတ် ငွေကြေးအင်အားနှင့် လုပ်ငန်းကျွမ်းကျင်မှု များနှင့် ပြည့်စုံသူဖြစ်ပါသည်။ ထို့ပြင် ယခုစာချုပ်တွင်ပါဝင် လက်မှတ်ရေးထိုးချုပ်ဆိုသူများတို့မှာ ဤသို့လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခွင့် အခွင့်အာဏာများရှိကြပါကြောင်း အတိအလင်းကြေညာပြီး အသီးသီးအာမခံကြပါသည်။

(စိုင်းထွန်းထွန်း) (လတ်လတ်စိုး) (မေစုလှိုင်)

လုပ်ငန်းအမည်

၄။ အဆင့်မြင့်ဈေးသစ် ၊ ကုန်တိုက် ၊ ကွန်ဒို ၊ ဟိုတယ်နှင့်လူနေအိမ်ခန်းများပါဝင်သည့် တောင်ကြီးရှော့ပင်းစင်တာ(Taunggyi Shopping Center)အမည်အားဖြင့် စီးတီးစကွဲယား(City Square) ဟုခေါ်တွင်သည့် လုပ်ငန်းကို(Public - Private - Partnership)စနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လုပ်ငန်းအတိုင်းအတာပမာဏ

၅။ " လုပ်ငန်းလက်ခံသူ " က တာဝန်ယူဆောင်ရွက်ရမည့်လုပ်ငန်းမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ၊ ပြည်နယ်စည်ပင် သာယာရေးဝန်ကြီးဌာန၏ အတည်ပြုထားသည့်အောက်ပါစံချိန်စံညွှန်း ၊ ခန့်မှန်းခြေစာရင်းနှင့်အဆောက်အဦပုံစံများအတိုင်း ဖြစ်ပါသည် -

(က) စံချိန်စံညွှန်း ။ - ပူးတွဲပါ နောက်ဆက်တွဲ(ခ) ။

(ခ) ခန့်မှန်းခြေငွေစာရင်း ။ - ပူးတွဲပါ နောက်ဆက်တွဲ(ဂ) ။

(ဂ) အဆောက်အဦပုံစံနှင့် Structure Drawing - ပူးတွဲပါ နောက်ဆက်တွဲ(ဃ) ။

လုပ်ငန်းတည်နေရာ

၆။ ရှမ်းပြည်နယ် ၊ တောင်ကြီးမြို့ ၊ ကန်ရှေ့ရပ်ကွက်အတွင်း ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် တက်ခေတ်လမ်းကြား ၊ ရေထွက်ဦးလမ်းနှင့်မဟာသုခလမ်းကြားရှိ တောင်ကြီးမြို့နယ်စည်ပင် သာယာရေးဌာနပိုင်အမည်ပေါက် ကုန်ခြောက်သားငါးဈေး(ညဈေး) ၊ ကွင်းအမှတ်(၂၆) ၊ ဦးပိုင်အမှတ်(၄၀)၊ မြေကွက်အမှတ်(၄၆ / ၄၈)၊ မြေချိန်ဧရိယာ(၁. ၄၁၁)ဧကရှိ မြေငှါးဂရန်အမှတ် (၁၄ / ၉၆)ဖြင့် အမည်ပေါက်ငှါးရမ်း အသုံးပြုခွင့်ရရှိထားသည့် မြေကွက်ဥပစာဖြစ်၍ မြေကွက် ဥပစာ၏ လားရာများမှာ အောက်ပါအတိုင်းဖြစ်ပြီး စီမံကိန်းတည်နေရာပြ မြေစာရင်းပုံစံ(၁၀၅) ကိုဤစာချုပ်၏ နောက်ဆက်တွဲ (င)အဖြစ် သတ်မှတ်ပူးတွဲသည် -

(စိုင်းထွန်းထွန်း) (လတ်လတ်စိုး) (မေစုလှိုင်)

(က) မြောက်သို့လားသော် - ရေထွက်ဦးလမ်း ။
(ခ) အရှေ့သို့လားသော် - တက်ခေတ်လမ်း ။
(ဂ) တောင်သို့လားသော် - မဟာသုခလမ်း ။
(ဃ) အနောက်သို့လားသော် - ဗိုလ်ချုပ်အောင်ဆန်းလမ်း တို့ဖြစ်ကြပါသည် ။

တည်ဆောက်ရေးကာလ

၇။ ဤသဘောတူစာချုပ်အရ တည်ဆောက်မည့်လုပ်ငန်းများအားလုံးကို လုပ်ကိုင်ဆောင်ရွက်ရန် ခွင့်ပြုသည့် သက်တမ်းကာလသည်(၃)နှစ် ဖြစ်ပါသည်။ စာချုပ်ကို သက်ဆိုင်ရာမှအတည်ပြုချက်များရရှိပြီး နားလည်မှုစာချွန်လွှာ MoU လက်မှတ်ရေးထိုးဆောင်ရွက်သည့် ကာလကို အကြိုအင်ဂျင်နီယာလုပ်ငန်းဆောင်ရွက်သည့်ကာလဟုသတ်မှတ် သည်။ အပိုင်း(၁)တည်ဆောက်ရေးလုပ်ငန်းများကို(၇ - ၁၀ - ၂၀၁၄) ရက်နေ့မှ(၃၁ - ၁၂ - ၂၀၁၅)ရက်နေ့ အပြီး ဆောင်ရွက်ရမည်။ အပိုင်း(၂)တည်ဆောက်ရေးလုပ်ငန်းကို(၁ - ၁ - ၂၀၁၆)ရက်နေ့မှ(၇ - ၁၀ - ၂၀၁၇) ရက်နေ့အထိ ပြီးစီးအောင်ဆောင်ရွက်ရမည်။

လုပ်ငန်းပြီးစီးရန်ဆောင်ရွက်မှုအတွက် အာမခံထားရှိခြင်း

၈။ " လုပ်ငန်းလက်ခံသူ " မှ စာချုပ်ပါလုပ်ငန်း ဆောင်ရွက်ခြင်းအတွက် လုပ်ငန်းအာမခံငွေကျပ်(၅၀)သန်းကို စာချုပ်ချုပ်ဆိုသည့်နေ့တွင် တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန၏ ငွေထုတ်စာရင်းတွင် အာမခံအပ်ငွေအဖြစ် ပေးသွင်းရမည်။

အစိုးရအဖွဲ့သို့ ပေးသွင်းရမည့် ဘဏ္ဍာရန်ပုံငွေသတ်မှတ်ခြင်းနှင့်ပေးသွင်းခြင်း

၉။ " လုပ်ငန်းလက်ခံသူ " သည် တောင်ကြီးဈေးပင်းစင်တာ(Taunggyi Shopping Center) တည်ဆောက်ရေး လုပ်ငန်းအပိုင်း(၁)အတွက် ရှမ်းပြည်နယ်အစိုးရဘဏ္ဍာရန်ပုံငွေ(ဘတ်ဂျက်) သို့ပေးသွင်းရမည့်(၅%)ငွေကျပ်(၃၉၉. ၉၅)သန်းကို အပိုင်း(၁)တည်ဆောက်ရေးကာလ ပြီးစီးသည့်နေ့(၃၁ - ၁၂ - ၂၀၁၅)တွင် ပေးသွင်းရမည်။

(စိုင်းထွန်းထွန်း) (လတ်လတ်စိုး) (မေစုလှိုင်)

၁၀။ အပိုင်း(၂)တည်ဆောက်ရေးလုပ်ငန်းတွင် ရှမ်းပြည်နယ်အစိုးရဘဏ္ဍာရန်ပုံငွေ(ဘတ်ဂျက်) အဖြစ်ပေးသွင်းရန်(၅%)သတ်မှတ်သည်။ ယင်း(၅%)နှင့်ညီမျှသော ငွေကျပ်(၁၉၁. ၇၅)သန်းအား " လုပ်ငန်းအပ်နှံသူ " က(၂၀%)ဖြစ်သည့် ကျပ်သန်း(၃၈. ၃၅)နှင့် " လုပ်ငန်းလက်ခံသူက " ကျပ်သန်း(၁၅၃. ၄၀)ကို အပိုင်း(၁)တည်ဆောက်ရေးကာလပြီးစီးသည့်နေ့(၃၁ - ၁၂ - ၂၀၁၅)တွင် အချိုးကျပေးသွင်းကြရမည်။

၁၁။ တည်ဆောက်ရေးလုပ်ငန်းအပိုင်း(၂)အတွက်(၅%)ငွေကို ပေးသွင်းရာတွင် " လုပ်ငန်းအပ်နှံသူ " အနေဖြင့် အချိုးကျပေးသွင်းရမည့် ကျပ်(၃၈. ၃၅)သန်းကို တည်ဆောက်ရေး အပိုင်း(၁)တွင် စည်ပင်မှုလုပ်ငန်းအတွက် ရငွေ ခွဲဝေသတ်မှတ်ငွေကျပ်(၄၂၆. ၉၀)သန်းမှ လည်းကောင်း ၊ " လုပ်ငန်းလက်ခံသူ " မှ သီးခြားပေးသွင်း၍လည်းကောင်း ထည့်ဝင်ပေးသွင်းမည် ဖြစ်ပါသည်။

— စည်ပင်သာယာရေးဌာနသို့ပေးသွင်းရမည့်ဘဏ္ဍာရန်ပုံငွေပေးသွင်းခြင်း

၁၂။ " လုပ်ငန်းလက်ခံသူ " မှ တောင်ကြီးဈေးဝယ်စင်တာ(Taunggyi Shopping Center) တည်ဆောက်ရေးလုပ်ငန်းအပိုင်း(၁)တွင် စည်ပင်မှုလုပ်ငန်းများအတွက် ခွဲဝေသတ်မှတ်ငွေကျပ် (၄၂၆. ၉၀)သန်းမှ တည်ဆောက်ရေးအရည်အသွေးစိစစ်ရေးအဖွဲ့၏ ခန့်မှန်းတွက်ချက်မှုအရ သုံးစွဲပြီး ငွေကိုစိစစ်ပြီးကျန်ငွေအား အပိုင်း(၁)လုပ်ငန်း ပြီးစီးသည့်နေ့ရက်တွင် ပေးသွင်းရမည်ဖြစ်ပါသည်။

ပဏာမလုပ်ငန်း

၁၃။ အထက်အပိုဒ်(၆)တွင် ဖော်ညွှန်းထားသည့်လုပ်ငန်းတည်နေရာ ကုန်ခြောက်သားငါးဈေး (ညဈေးဟောင်း မြေကွက်)အတွင်း အဆောက်အဦများဖြိုဖျက်ခြင်းနှင့် မြေရှင်းလင်းခြင်းလုပ်ငန်း များကို " လုပ်ငန်းလက်ခံသူ " က ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ဈေးဟောင်းတွင်လက်ရှိ ရှိနေကြသော ဆိုင်ခန်းပိုင်ရှင်များ ၊ အငှါးချထားခြင်းခံရသူများ အားလုံး

(စိုင်းထွန်းထွန်း) (လတ်လတ်စိုး) (မေစုလှိုင်)

အပါအဝင် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းလုံခြုံစွာ လုပ်ကိုင် ဆောင်ရွက်နိုင်စေရန် ၊ စီမံကိန်းပတ်ဝန်းကျင်ရှိ ပျံကျဈေးသည်များခင်းကျင်းရောင်းချခြင်းမပြုနိုင်စေရန် ၊ လုပ်ငန်းခွင်အနီးတွင် မော်တော်ဆိုင်ကယ်များ ၊ မော်တော်ယာဉ်များ လာရောက်ရပ်နားခြင်း မပြုနိုင်စေရန်အစရှိသည်များနှင့်အကြောင်းအားလျော်စွာ လိုအပ်လာနိုင်မည့်အခြေအနေများတို့ကို " လုပ်ငန်းအပ်နှံသူ " က စီမံကိန်း လုပ်ငန်းမစတင်မီ အနည်းဆုံး(၇)ရက် ကြိုတင်ဖယ်ရှားပေးထားရန် တာဝန်ယူပါသည်။ ကုန်ခြောက်သားငါးဈေး မြေနေရာမြေကွက်လပ် မြေရှင်းလုပ်ငန်း ဆောင်ရွက်နေစဉ် နှင့်ပြီးစီးချိန်တွင် ဈေးကွက်ဆိုင်ရာစီမံမှုများ ၊ အင်ဂျင်နီယာ လုပ်ငန်းတည်ဆောက်ရေး လုပ်ငန်းများ ဖြစ်သော မြေစမ်းသပ်ခြင်း(Soil Test) ၊ ရေစမ်းသပ်ခြင်း(Water Test)တို့ မှအပ ယာယီဈေးသစ်တည်ဆောက်ခြင်း ၊ ကတ္တရာလမ်းခင်းခြင်း ၊ လူသွားစင်္ကြံပြုလုပ်ခြင်း ၊ 11 KVA လိုင်း 3 Phase သွယ်တန်းတပ်ဆင်ခြင်း ၊ ထရန်စဖော်မာတပ်ဆင်ခြင်း ၊ အကြိုလုပ်ငန်းများ ဆောင်ရွက် ခြင်းတို့ကို လုပ်ငန်းလိုအပ်ချက်အရ " လုပ်ငန်းလက်ခံသူ " အား လုပ်ကိုင်ခွင့်ပြုရန် သဘောတူပါသည်။ " လုပ်ငန်းလက်ခံသူ " က ဦးစွာစိုက်ထုတ် ကုန်ကျခံဆောင်ရွက်ထားမည်ဖြစ်ပြီး နောက်ပိုင်းကာလတွင် ဤစာချုပ်၏နောက်ဆက်တွဲ(၈) ပါ ခွဲဝေမှုဇယားအရ " လုပ်ငန်းအပ်နှံသူ " ဘက်က လုပ်ငန်းအပိုင်း(၁)မှ ခံစားခွင့်ရှိသည့်(၄၀ %)ထဲမှ(မြေစမ်းသပ်ခြင်း ၊ ရေစမ်းသပ်ခြင်းမှအပ)ပြန်လည်ခုနှိမ်သွားရန် သဘောတူပါသည်။

လုပ်ငန်းရင်းနှီးမြှုပ်နှံမှု

၁၄။ ရင်းနှီးမြှုပ်နှံမှုဆိုသည်မှာ " လုပ်ငန်းလက်ခံသူ " မှ အဆောက်အဦတစ်ခုလုံး တည်ဆောက်ရန်အတွက် ကုန်ကျငွေအား အကုန်အကျခံရင်းနှီးမြှုပ်နှံမှုကိုဆိုသည်။ ဈေးကွက်အတွင်း၌သော်လည်းကောင်း ၊ Developer ၏ကိုယ်ပိုင် စိုက်ထုတ်မှုအရသော်လည်းကောင်း ၊ ဘဏ်ချေးငွေမှသော်လည်းကောင်း ၊ မ တည်၍ အကုန်အကျခံ စိုက်ထုတ်သော ငွေကြေးပမာဏ အရပ်ရပ်များကိုဆိုလိုသည်။ ဤစီမံကိန်း၏ ခန့်မှန်းရင်းနှီးငွေပမာဏမှာ နောက်ဆက်တွဲ(၈)အကျိုးအမြတ်ခွဲဝေမှု ဇယားပါအတိုင်း(၁၁၈၃၄. ၀၁) သန်း ဖြစ်ပါသည်။ " လုပ်ငန်းလက်ခံသူ " မှ ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(စိုင်းထွန်းထွန်း)	(လတ်လတ်စိုး)	(မေစုလှိုင်)

ဆောက်လုပ်မည့်အဆောက်အဦပုံစံ

၁၅။ တောင်ကြီးရှော့ပင်းစင်တာ(Taunggyi Shopping Center)၏ တည်ဆောက်မည့်အဆောက်အဦပုံစံများမှာ ဤစာချုပ်၏ နောက်ဆက်တွဲ(ဂ)အဖြစ် ပူးတွဲထားသည့်ပုံစံများ အတိုင်းဖြစ်ပါသည်။ ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီစေရေး ၊ ဈေးကွက်ဝင်စေရေးနှင့်အကျိုးအမြတ်များကို ထိုက်တန်စွာရရှိရေးအတွက်လိုအပ်ပါက အချိန်ကာလအပေါ် အခြေပြုပြီး ဤစာချုပ်၏ အစိတ်အပိုင်းအဖြစ် အတည်ပြုပြီးဖြစ်သည့် အဆောက်အဦပုံစံကိုအခါအားလျော်စွာ ပြင်ဆင်ပြောင်းလဲသွားရန် သဘောတူပါသည်။

စီမံကိန်းတွင်ဆောင်ရွက်မည့်လုပ်ငန်းများ

၁၆။ **တည်ဆောက်ရေးလုပ်ငန်းအပိုင်း(၁)** ။ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) **စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်းများ**

(၁)ပင်မရေနုတ်မြောင်းလုပ်ငန်း ။

(၂)ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ။

(၃)လူသွားစင်္ကြံပြုလုပ်ခြင်းလုပ်ငန်း ။

(၄)ယာယီဈေး ၊ ယာယီရုံးခန်းနှင့်အခြားလုပ်ငန်းများ ။

(၅)မူလဈေးအတွက် (11 KVA 3 Phase) သွယ်တန်းခြင်းနှင့် ထရန်စဖော်မာ တပ်ဆင်ခြင်း ။

(၆)ရေ ၊ မီလ္လာ ၊ သန့်ရှင်းရေး ၊ လျှပ်စစ် ၊ လုံခြုံရေးစနစ် ၊ မီးသတ်စနစ် အစရှိသည့် Infrastructure ကျန်လုပ်ငန်းများ ။

(ခ) မြေအောက်ထပ်(၂)တည်ဆောက်ခြင်းလုပ်ငန်း(၄၁၀၅၀ စတုရန်းပေ) ။

(ဂ) မြေအောက်ထပ်(၁)တည်ဆောက်ခြင်းလုပ်ငန်း(၄၅၇၉၀ စတုရန်းပေ) ။

(ဃ) မြေညီထပ်တည်ဆောက်ခြင်းလုပ်ငန်း(၅၀၅၈၅ စတုရန်းပေ) ။

(င) ပထမထပ်တည်ဆောက်ခြင်းလုပ်ငန်း(၄၇၆၁၅ စတုရန်းပေ) ။

(စိုင်းထွန်းထွန်း) (လတ်လတ်စိုး) (မေစုလှိုင်)

(စ) ဒုတိယထပ်တည်ဆောက်ခြင်းလုပ်ငန်း(၄၅၂၂၀ စတုရန်းပေ) ။

(ဆ) တတိယထပ်တည်ဆောက်ခြင်းလုပ်ငန်း(၄၆၀၇၀ စတုရန်းပေ) ။

(ဇ) စတုတ္ထထပ်တည်ဆောက်ခြင်းလုပ်ငန်း(၄၃၆၃၀ စတုရန်းပေ) ။

၁၇။ **တည်ဆောက်ရေးလုပ်ငန်းအပိုင်း(၂)** ။ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပဥ္စမထပ်တည်ဆောက်ခြင်းလုပ်ငန်း(၂၅၆၄၀ စတုရန်းပေ) ။

(ခ) ဆဋ္ဌမထပ်တည်ဆောက်ခြင်းလုပ်ငန်း(၂၅၆၄၀ စတုရန်းပေ) ။

(ဂ) သတ္တမထပ်တည်ဆောက်ခြင်းလုပ်ငန်း(၂၅၅၃၀ စတုရန်းပေ) ။

(ဃ) အဋ္ဌမထပ်တည်ဆောက်ခြင်းလုပ်ငန်း(၂၅၅၃၀ စတုရန်းပေ) ။

(င) နဝမထပ်တည်ဆောက်ခြင်းလုပ်ငန်း(၂၅၅၃၀ စတုရန်းပေ) ။

(စ) ဒသမထပ်တည်ဆောက်ခြင်းလုပ်ငန်း(၂၅၅၃၀ စတုရန်းပေ) ။

(ဆ) ရေ၊ မိလ္လာ၊ သန့်ရှင်းရေး၊ လျှပ်စစ် ၊ လုံခြုံရေးစနစ် ၊ မီးသတ်စနစ် အစရှိသည့် Infrastructure ကျန်လုပ်ငန်းများ ။

စည်ပင်မှုလုပ်ငန်းများ

၁၈။ အဆောက်အဦတွင် လျှပ်စစ်လုပ်ငန်းများ၊ စည်ပင်မှုလုပ်ငန်းများအားလုံးနှင့် သက်ဆိုင်သည့် လုပ်ငန်းများဖြစ်သည့် ရေရရှိရေးလုပ်ငန်းများ ၊ လမ်းနှင့်ရေမြောင်းလုပ်ငန်းများ ၊ ရေနှင့်သန့်ရှင်းမှု ဆိုင်ရာလုပ်ငန်းများ ၊ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ၊ ပလက်ဖောင်းနှင့်လူသွားစင်္ကြံပြုလုပ်ခြင်း ၊ ယာယီဈေးတည်ဆောက်ခြင်း၊ ရေဆင်းမြောင်းလုပ်ငန်းတို့ကို စည်ပင်မှုလုပ်ငန်းများအဖြစ် သတ်မှတ်ရန် သဘောတူကြပါသည်။

လုပ်ငန်းအပ်နှံသူ၏တာဝန်များ

၁၉။ " လုပ်ငန်းအပ်နှံသူ " ၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(စိုင်းထွန်းထွန်း) (လတ်လတ်စိုး) (မေစုလှိုင်)

(က) **စံချိန်စံညွှန်း ၊ အသုံးပြုသည့်ပစ္စည်းများနှင့်ပညာရှင်အင်ဂျင်နီယာများ ။** အတွေ့အကြုံရှိလိုင်စင်ရတတ်ကျွမ်းသူ ဗိသုကာများနှင့်အင်ဂျင်နီယာများတို့ ကိုသာ " လုပ်ငန်းလက်ခံသူ " က တာဝန်ပေး ဆောင်ရွက်ခြင်း ၊ သတ်မှတ်စံချိန်စံညွှန်းများနှင့် အညီအရည်အသွေးပြည့်မီသောဆောက်လုပ်ရေးပစ္စည်းများကိုသာ အသုံးပြုခြင်းအပြင် အပိုဒ်(၂၀)ပါ ဖွဲ့စည်းထားသည့် Taunggyi Shopping Center တည်ဆောက်ရေး အရည်အသွေးစိစစ်ရေးအဖွဲ့(Quality Control Team)နှင့်အတိုင်ပင်ခံအင်ဂျင်နီယာ (Consultant Engineer)များဖြင့် လုပ်ငန်းလိုအပ်ချက်အရ အချိန်အခါမရွေး လုပ်ငန်းခွင်သို့ ဝင်ရောက်စစ်ဆေး ပိုင်ခွင့်ရှိသည် ။

(ခ) **ရင်းနှီးမြှုပ်နှံမှုကော်မရှင်။** မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှု လျှောက်ထားရန် သဘောတူကြပြီး ကုန်ကျစရိတ်ကို နောက်ဆက်တွဲ(စ)ပါ ခွဲဝေမှု ဇယားအတိုင်း နှစ်ဦးနှစ်ဖက် အချိုးကျ ကျခံသွားရန် သဘောတူကြပါသည်။ " လုပ်ငန်းလက်ခံသူ " ၏ ရင်းနှီးမြှုပ်နှံစိုက်ထုတ်ငွေများဖြင့် ဆောင်ရွက်သောစီမံကိန်းဖြစ်သည့်အလျောက် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ယခုစီမံကိန်းအား သက်ဆိုင်ရာသို့ " လုပ်ငန်းလက်ခံသူ " မှ လျှောက်ထား တင်ပြရာတွင် ဥပဒေနှင့်အညီ အခွင့်အရေးများရရှိစေရေး " လုပ်ငန်းအပ်နှံသူ "မှ ဆောင်ရွက်ပေးရန်သဘောတူပါသည်။

(ဂ) **ပစ္စည်းများ၏လုံခြုံရေးနှင့် ပစ္စည်းဆုံးရှုံးမှုကိုကာကွယ်ခြင်း ။** သာမန်အားဖြင့် စီမံကိန်းလုပ်ငန်းခွင်၏ လုံခြုံရေးနှင့်ပစ္စည်းများကို မပျက်စီးစေရန်ကာကွယ်ရေးတို့မှာ " လုပ်ငန်းလက်ခံသူ " ၏ တာဝန်သာဖြစ်စေရမည်ဖြစ်ပြီးအကြောင်းကြောင်းကြောင့် လိုအပ်ချက်များရှိခဲ့ပါက " လုပ်ငန်းလက်ခံသူ " ဘက်၏ မေတ္တာရပ်ခံချက်အရ " လုပ်ငန်းအပ်နှံသူ " ဘက်မှ ဝင်ရောက်ကူညီ ဆောင်ရွက်ပေးရမည် ။

(ဃ) **ဆောင်ရွက်ဆဲလုပ်ငန်းများကိုစစ်ဆေးခြင်း ။** " လုပ်ငန်းအပ်နှံသူ " က ဖြစ်စေ သို့တည်းမဟုတ် အပိုဒ်(၂၀)အရ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းခံထားရသည့်

(စိုင်းထွန်းထွန်း) (လတ်လတ်စိုး) (မေစုလှိုင်)

အရည်အသွေးစိစစ်ရေးအဖွဲ့ကဖြစ်စေ ၊ အတိုင်ပင်ခံအင်ဂျင်နီယာများကဖြစ်စေ ၊ စီမံကိန်းလုပ်ငန်းခွင်သို့ ပုံမှန်အစီအစဉ်အတိုင်း ဝင်ရောက်စစ်ဆေးရန်ဖြစ်သည်။ သတ်မှတ်စံချိန်စံညွှန်းများနှင့် မကိုက်ညီသည့် ဆောက်လုပ်ရေးပစ္စည်းများကိုအသုံးပြုထားခြင်း ၊ Structure အင်ဂျင်နီယာတွက်ချက်မှုပုံစံအတိုင်း တည်ဆောက်မှုမပြုလုပ်ခြင်းတို့အပြင် အင်ဂျင်နီယာနည်းနာများနှင့်အညီ ဆောင်ရွက်ခြင်းမပြုသည့် ဖြစ်စဉ်များကို စိစစ်တွေ့ရှိရပါကအရည်အသွေးစိစစ်ရေးကော်မတီနှင့် အတိုင်ပင်ခံအင်ဂျင်နီယာများ သို့တည်းမဟုတ် " လုပ်ငန်းအပ်နှံသူ " က တောင်းဆိုသည့်အတိုင်း သတ်မှတ်ပုံစံ ၊ နည်းနာ ၊ ပစ္စည်းအစရှိသည်များတို့ဖြင့် " လုပ်ငန်းလက်ခံသူ " က မိမိ၏စရိတ်များဖြင့်သာ ပြန်လည်တည်ဆောက်ရန်သဘောတူပါသည် ။

(င) " လုပ်ငန်းလက်ခံသူ " ကဆောင်ရွက်သည့် စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ " လုပ်ငန်းလက်ခံသူ " နှင့် အခြားပုဂ္ဂိုလ်အဖွဲ့အစည်းများ ၊ အခြားအငြင်းပွားမှုများပေါ်ပေါက်ပါက " လုပ်ငန်းအပ်နှံသူ " က သက်ဆိုင်ရာ ဥပဒေ ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖြေရှင်းရမည် ။

(စ) လုပ်ငန်းပြီးစီးဆောင်ရွက်မှု မပြီးမြောက်မီ " လုပ်ငန်းလက်ခံသူ " သည် ကျန်းမာရေးကြောင့် ဆေးရုံတက်ရောက်ရခြင်း ၊ ကွယ်လွန်ခြင်းများ ၊ ရာထူးမှနုတ်ထွက်ခြင်း အစရှိသည့်ကိုယ်စားပြုခြင်းကိစ္စတာဝန်များအား ဆက်လက်ဆောင်ရွက်ရန် ပျက်ကွက်ခြင်းဖြစ်ပေါ်လာပါက ကုမ္ပဏီမှ တာဝန်ပေးအပ်သော ကိုယ်စားလှယ်တစ်ဦးဦးအား " လုပ်ငန်းလက်ခံသူ " အဖြစ် ဆက်လက်ဆောင်ရွက်ခြင်းကို " လုပ်ငန်းအပ်နှံသူ " က သဘောတူပါသည် ။

(ဆ) " လုပ်ငန်းလက်ခံသူ " ဘက်မှအဆောက်အဦကိုလက်ခံပြီးသည့်နေ့မှ(၇)ရက်အတွင်း BCC ထုတ်ပေးရန်ဖြစ်ပါသည် ။

(ဇ) " လုပ်ငန်းအပ်နှံသူ " က သက်ဆိုင်ရာမြန်မာ့လျှပ်စစ်ဓါတ်အားလုပ်ငန်းနှင့် ညှိနှိုင်းပြီး စီမံကိန်းအတွက် လိုအပ်မည့်လျှပ်စစ်မီတာများ ၊ ထရန်စဖော်မာများတပ်ဆင်ခွင့်ရရှိအောင် စီမံဆောင်ရွက်ပေးရန်ဖြစ်ပါသည် ။

(စိုင်းထွန်းထွန်း) (လတ်လတ်စိုး) (မေစုလှိုင်)

(ဈ) " လုပ်ငန်းလက်ခံသူ " မှရရှိမည့် အထပ်များနှင့်အခန်းများကို အပြီးအပြတ်ရောင်းချမည်ဖြစ်သဖြင့် သက်ဆိုင်ရာအခန်းပိုင်ရှင်များမှ မြေငှားရမ်းခကို(စတုရန်းပေဖြင့်) ကောက်ခံခွင့်ရရှိမည်ဖြစ်သည် ။

(ည) " လုပ်ငန်းလက်ခံသူ " ဘက်မှ ရောင်းချပြီးသောနေရာများ " လုပ်ငန်းလက်ခံသူ " ဘက်မှခွဲဝေရယူသောနေရာများအား " လုပ်ငန်းအပ်နှံသူ " ဘက်မှ အမည်ပေါက် ပိုင်ဆိုင်ရေးကို ဥပဒေနှင့်အညီ လိုအပ်သည်များစီစဉ်ဆောင်ရွက်ပေးရန် သဘောတူပါသည် ။

လုပ်ငန်းလက်ခံသူ၏တာဝန်များ

၂၀။ " လုပ်ငန်းလက်ခံသူ " ၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) မူလကုန်ခြောက်သားငါးဈေးရှိ ဈေးဆိုင်ခန်းစုစုပေါင်း(၄၄၆)ခန်းအားတောင်ကြီးရှော့ပင်းစင်တာ(Taunggyi Shopping Center)တည်ဆောက်ရာတွင် မူလပိုင်ရှင်များအား မြေညီထပ်၌ သတ်မှတ်ပုံစံအတိုင်းတည်ဆောက်ပေးပြီး အခမဲ့ပြန်လည်ပေးအပ်ရန် သဘောတူပါသည် ။

(ခ) " လုပ်ငန်းလက်ခံသူ " က တည်ဆောက်မည့်အဆောက်အဦများတွင် ဈေးဆိုင်ခန်းများအတွက်ပြန်လည်နေရာချထားပေးမည့်မြေညီထပ်နှင့်မြေအောက်ထပ်များတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ လေဝင် ၊ လေထွက်ကောင်းမွန်စေရေး၊ လျှပ်စစ်မီးလုံလောက်စွာရရှိစေရေး ၊ ရေသုံးစွဲမှုအဆင်ပြေစေရေးအစရှိသည်များကို စနစ်တကျစီမံ ဆောင်ရွက်ပေးရမည် ။

(ဂ) **လျှပ်စစ်ဓါတ်အားနှင့်မီတာရရှိရေး ။** ဆောက်လုပ်ပြီးစီးသည့် အဆောက်အဦများတွင်လျှပ်စစ်ဓါတ်အား လုံလောက်စွာသုံးစွဲနိုင်ရန် 11 KVA Line(မရှိသေးပါက) ဓါတ်အားလိုင်းသွယ်တန်းခြင်း ၊ လျှပ်တာပြောင်းတပ်ဆင်ခြင်းနှင့်အခန်းတစ်ခန်းလျှင် MEPE တစ်သွင်နှစ်ဝါယာအိမ်သုံးလျှပ်စစ်မီတာ(၁)လုံးစီတပ်ဆင်ခြင်းတို့ကိုဦးစွာ

(စိုင်းထွန်းထွန်း) (လတ်လတ်စိုး) (မေစုလှိုင်)

စရိတ်စိုက်ထုတ် ဆောင်ရွက်ထားရန်ဖြစ်ပါသည်။ " လုပ်ငန်းအပ်နှံသူ " မှ ရယူသည့် ကြမ်းခင်းဧရိယာနှင့်သက်ဆိုင်သော လျှပ်စစ်ဆိုင်ရာကုန်ကျစရိတ်နှင့်စပ်လျဉ်း၍ ဤစာချုပ်၏ နောက်ဆက်တွဲ(စ)ပါ ခွဲဝေမှုဇယားအရ " လုပ်ငန်းအပ်နှံသူ "ဘက်က ခံစားခွင့်ရှိသည့်(၄၀ %)ထဲမှ ပြန်လည်ခုနှိမ်သွားရန် သဘောတူပါသည် ။

(ဃ) " လုပ်ငန်းလက်ခံသူ " ကအဆောက်အဦများကို ဆောက်လုပ်ပြီးစီး၍ " လုပ်ငန်းအပ်နှံသူ " ထံအပ်နှံပြီးနောက် " လုပ်ငန်းအပ်နှံသူ " မှစစ်ဆေးပြီး အဆောက်အဦပြီးစီးကြောင်း သက်သေခံလက်မှတ် ၊ ဈေးဆိုင်ဖွင့်ခွင့် ၊ လူနေထိုင်ခွင့်(BCC)ကိုရရှိပြီးမှသာ ဝယ်ယူသူများသို့ တရားဝင်လွှဲပြောင်းပေးရမည် ။

(င) လုပ်ငန်းအကောင်အထည်ဖော်မှု အစည်းအဝေးများတွင် ညှိနှိုင်းသတ်မှတ်ချက်အရ လုပ်ငန်းအမျိုးအမည် ၊ အတိုင်းအတာနှင့် သတ်မှတ်ချက်များကို ဆောင်ရွက်ပြီးစီးလျှင် " လုပ်ငန်းအပ်နှံသူ " သို့ အပြီးအပိုင်လွှဲပြောင်းအပ်နှံရာ၌ လုပ်ငန်းခွင်ရှိ " လုပ်ငန်းလက်ခံသူ " ပိုင်ပစ္စည်းများနှင့်စက်ယန္တရားများအားလုံးကိုသိမ်းဆည်း ဖယ်ရှားပြီး ပတ်ဝန်းကျင်အား ရှင်းလင်းပေးရန် " လုပ်ငန်းလက်ခံသူ " က တာဝန်ယူရမည် ။

(စ) **ဈေးဆိုင်ခန်းဖွင့်လှစ်သူများ ၊ ကုန်တိုက်ဆိုင်ခန်းဖွင့်လှစ်သူများ ၊ ဟိုတယ်ဖွင့်လှစ်သူများနှင့်နေထိုင်သူများစာရင်း ။** အဆောက်အဦများဆောက်လုပ်ပြီးစီး၍ "လုပ်ငန်းအပ်နှံသူ " ထံ လွှဲပြောင်းပေးသည့်အခါတွင် မိမိရောင်းချပြီးသော အဆောက်အဦများတွင် ဆိုင်ခန်းဖွင့်လှစ်၊ ဝယ်ယူနေထိုင်မည့်သူများစာရင်းကို အဆောက်အဦနေရာချထားမှု စာရင်းနှင့်တကွ " လုပ်ငန်းအပ်နှံသူ " ထံတင်ပြရမည်။ " လုပ်ငန်းလက်ခံသူ " အတွက်ခွဲဝေရရှိသောအဆောက်အဦများနှင့်ဈေးဆိုင်ခန်းများ ၊ ကုန်တိုက်ဆိုင်ခန်းများ ၊ လူနေခန်းများအားရောင်းချပြီးနောက်ငွေကြေးအရှုပ်အရှင်း မရှိစေရန် " လုပ်ငန်းလက်ခံသူ " က တာဝန်ယူရမည်။ အဆောက်အဦနှင့်လူနေခန်းများ ဝယ်ယူသူသည် စုပေါင်းအဆောက်အဦစီမံကိန်းဖြစ်၍ မိမိအဆောက်အဦအတွက်

(စိုင်းထွန်းထွန်း) (လတ်လတ်စိုး) (မေစုလှိုင်)

လျှပ်စစ်ဓါတ်အားခ ၊ စည်ပင်သာယာအခွန် ၊ အခများနှင့် စုပေါင်းအဆောက်အဦ စီမံခန့်ခွဲရေးအဖွဲ့က သတ်မှတ်ထားသောအခွန် ၊ အခများကို ထပ်မံပေးချေရန်တာဝန်ရှိကြောင်း " လုပ်ငန်းလက်ခံသူ " က အဆောက်အဦဝယ်ယူသူများသို့ အသိပေးထားရန် တာဝန်ယူရမည် ။

(ဆ) အဆောက်အဦ ပြီးစီးသည့်အချိန်တွင် "လုပ်ငန်းလက်ခံသူ"မှ ဈေးကော်မတီ ၊ ကုန်တိုက်စီမံခန့်ခွဲ အုပ်ချုပ်ရေးကော်မတီ ၊ ဟိုတယ်စီမံအုပ်ချုပ်ရေးကော်မတီ (ဟိုတယ်ပါဝင်ခဲ့ပါက)ကွန်ဒိုရုံးခန်းစီမံအုပ်ချုပ်ရေး ကော်မတီ အစရှိသည့် ကော်မတီ အသီးသီးကို စနစ်တကျဖွဲ့စည်း၍ အဆောက်အဦ ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်ရန် ကော်မတီအလိုက် မတည်ငွေကျပ်(၁၀)သန်းစီကိုထည့်ဝင်ပေးရမည် ။

(ဇ) အကျိုးအမြတ်ခွဲဝေမှုအရ လက်ခံရရှိသည့် အထပ်များနှင့် အခန်းများကို " လုပ်ငန်းအပ်နှံသူ " နှင့် " လုပ်ငန်းလက်ခံသူ"တို့သည် ကြိုတင်၍ရောင်းချခြင်း ၊ လုပ်ငန်းပြီးစီးချိန်တွင်ရောင်းချခြင်း(သို့မဟုတ်)အငှားချထားခြင်းများ(သို့မဟုတ်) အငှားချထားခြင်း ဆောင်ရွက်နိုင်ခွင့်ရှိမည်။ " လုပ်ငန်းအပ်နှံသူ " မှ လိုအပ်သည်များ ပံ့ပိုးကူညီရန် သဘောတူကြပါသည် ။

(ဈ)" လုပ်ငန်းလက်ခံသူ " အတွက် ခွဲဝေရရှိသော အထပ်လွှာများ ၊ အခန်းများကို ရောင်းချရာ၌ ဝယ်ယူသူများတွင် အောက်ပါတာဝန်နှင့်အခွင့်အရေးများရှိကြောင်း အသိပေး ရောင်းချရမည် -

(၁) အဆောက်အဦကို အခန်းနေရာဝယ်ယူသူများက စုပေါင်းပိုင်ဆိုင်ခွင့်နှင့် အဆောက်အဦနှင့် ပတ်သက်၍ စုပေါင်းကျခံရန်ရှိသည့်ကုန်ကျစရိတ်များကို စုပေါင်းပေးဆောင်ရမည်။ အခန်းငှားခပေးရန်မလို ။

(၂) မိမိအခန်းအတွက်သုံးစွဲသော လျှပ်စစ်မီတာခ ၊ ရေဖိုး ၊ သန့်ရှင်းရေးခနှင့် အခြားအခွန် ၊ အခများကိုသီးခြားပေးဆောင်ရန် တာဝန်ရှိသည် ။

(စိုင်းထွန်းထွန်း) (လတ်လတ်စိုး) (မေစုလှိုင်)

(၃) သဘာဝဘေးအန္တရာယ် သို့မဟုတ် မမျှော်မှန်းနိုင်သော အကြောင်းကြောင့် အဆောက်အဦပြိုကျပျက်စီးလျှင် စုပေါင်းပိုင်ဆိုင်သူများသည် ပြိုကျပျက်စီးသည့် အဆောက်အဦ၏ မူလအဆင့်အတန်းထက် မနိမ့်သော အဆောက်အဦသစ်တစ်ခုကိုပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ သဘောတူညီသောအစီအစဉ်အားသက်ဆိုင်ရာစည်ပင်သာယာရေးဌာန၏ ညှိနှိုင်းကြီးကြပ်လမ်းညွှန်မှုအရ ဆောက်လုပ်အသုံးပြုနိုင်သည် ။

(ည) " လုပ်ငန်းလက်ခံသူ " ပိုင်ဆိုင်ခွင့်ရှိသော အထပ်များကို " လုပ်ငန်းလက်ခံသူ" ၏ ကိုယ်ပိုင်အမည်တပ်ခွင့်ရှိသည် ။

(ဋ) တောင်ကြီးဈေးပင်းစင်တာ(Taunggyi Shopping Center)တည်ဆောက်ခြင်းလုပ်ငန်းအတွက်တည်ဆဲဥပဒေများအရ သက်ဆိုင်ရာအစိုးရဌာနများသို့ ပေးဆောင်ရမည့်အခွန်ငွေများကို " လုပ်ငန်းလက်ခံသူ " မှ ကျခံ၍ပေးဆောင်ရမည် ။

(ဌ) သတ်မှတ်စံချိန်စံညွှန်းနှင့်မကိုက်ညီသော ဆောက်လုပ်ရေးပစ္စည်းများကို အသုံးပြုထားခြင်း ၊ (Structure)အင်ဂျင်နီယာတွက်ချက်မှုပုံစံအတိုင်း တည်ဆောက်မှုမပြုခြင်းတို့အပြင် အင်ဂျင်နီယာနည်းနာများနှင့်အညီ ဆောင်ရွက်ခြင်းမပြုသည့်ဖြစ်စဉ်များကို စိစစ်တွေ့ရှိရပါက အရည်အသွေးစစ်ဆေးရေးအဖွဲ့နှင့်အတိုင်ပင်ခံအင်ဂျင်နီယာများ သို့တည်းမဟုတ် " လုပ်ငန်းအပ်နှံသူ " က တောင်းဆိုသည့်အတိုင်း သတ်မှတ်ပုံစံ ၊ နည်းနာ ၊ ပစ္စည်းအစရှိသည်များတို့ဖြင့် " လုပ်ငန်းလက်ခံသူ " က မိမိစရိတ်များဖြင့်သာ ပြန်လည်တည်ဆောက်ပေးရန် သဘောတူပါသည် ။

အရည်အသွေးစိစစ်ရေးအဖွဲ့(Quality Control Team)ဖွဲ့စည်းခြင်းနှင့်အတိုင်ပင်ခံအင်ဂျင်နီယာ (Consultant Engineer)များ ခန့်အပ်ခြင်း

၂၁။ " လုပ်ငန်းအပ်နှံသူ " နှင့် " လုပ်ငန်းလက်ခံသူ " တို့ နှစ်ဦးနှစ်ဖက်ညှိနှိုင်းပြီး ဤစာချုပ်ပါ

(စိုင်းထွန်းထွန်း) (လတ်လတ်စိုး) (မေစုလှိုင်)

စီမံကိန်းလုပ်ငန်းကို ကြီးကြပ်ရန် အတွက် အရည်အသွေးစိစစ်ရေးအဖွဲ့(Quality Control Team)နှင့် အတိုင်ပင်ခံအင်ဂျင်နီယာ(Consultant Engineer)များ ဖွဲ့စည်းတာဝန် ပေးအပ်ရန် သဘောတူကြပါသည်။ အရည်အသွေးစိစစ်ရေးအဖွဲ့(Quality Control Team) ဖွဲ့စည်း ခြင်းနှင့်အတိုင်ပင်ခံအင်ဂျင်နီယာ (Consultant Engineer)များခန့်အပ်ခြင်း ၊ ၎င်းတို့၏လုပ်ငန်းတာဝန် ၊ ဝတ္တရားနှင့် လုပ်ပိုင်ခွင့်များမှာ ပူးတွဲပါ နောက်ဆက်တွဲ(ဆ) အတိုင်းဖြစ်ပါသည်။

လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်ပြောင်းလဲသတ်မှတ်ခြင်း

၂၂။ (က) ဤစာချုပ်ပါလုပ်ငန်းတွင် ပါဝင်သော ပုံစံ ၊ စံချိန်စံညွှန်းများမှ ကွဲလွဲပြီး " လုပ်ငန်းအပ်နှံသူ " သည် ဆောက်လုပ်ရေးအစီအစဉ်ကို ပြောင်းလဲရန် စာဖြင့်ညွှန်ကြားလာပါက ဤသို့ ပြောင်းလဲမှုကြောင့် လုပ်ငန်းပြင်ဆင် သတ်မှတ်ရခြင်းကို နှစ်ဦးနှစ်ဖက်သဘောတူညီ မှုဖြင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာနသို့ တင်ပြ ခွင့်ပြုချက်ရယူပြီး ပြင်ဆင်သတ်မှတ်နိုင်သည်။ ဆောက်လုပ်မှုကုန်ကျစရိတ်အား " လုပ်ငန်းအပ်နှံသူ " မှ ကျခံရမည် ။

(ခ) " လုပ်ငန်းလက်ခံသူ " ဘက်မှလည်း စာချုပ်ပါလုပ်ငန်းတွင်ပါဝင်သော ပုံစံ ၊ စံချိန်စံညွှန်း များစီစဉ် ပြောင်းလဲရန်ရှိပါ၍ စာဖြင့်တင်ပြပါက ဤသို့ပြောင်းလဲမှု ကြောင့် လုပ်ငန်းပြင်ဆင်သတ်မှတ်ရခြင်းကို နှစ်ဦးနှစ်ဖက် သဘောတူညီချက်ဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာနသို့ ကြိုတင် တင်ပြခွင့်ပြုချက်ရယူပြီးမှသာ ပြင်ဆင်သတ်မှတ်နိုင်သည်။ကုန်ကျစရိတ်အား " လုပ်ငန်းလက်ခံသူ " မှ ကျခံရမည် ။

စံချိန်စံညွှန်းများ

၂၃။ " လုပ်ငန်းအပ်နှံသူ " က သတ်မှတ်ပေးထားသည့်စံချိန်စံညွှန်းများအတိုင်း " လုပ်ငန်းလက်ခံသူ " ဘက်၏ ဗိသုကာပညာရှင်များနှင့်အင်ဂျင်နီယာအဖွဲ့များတို့က ပြုစုရေးဆွဲထားသည့် ပုံစံ ၊ စံချိန်စံညွှန်းကို ဤစာချုပ်၏ တစ်စိတ်တစ်ဒေသအဖြစ် ပူးတွဲပါနောက်ဆက်တွဲ(ခ)အဖြစ် ပူးတွဲထားသည်။

(စိုင်းထွန်းထွန်း) (လတ်လတ်စိုး) (မေစုလှိုင်)

မတည်ရင်းနှီးငွေ ၊ ပစ္စည်းစုဆောင်းခြင်းနှင့်လုပ်ငန်းဆောင်ရွက်ခြင်း

၂၄။ “ လုပ်ငန်းလက်ခံသူ ” က ဤစာချုပ်ပါ စီမံကိန်းလုပ်ငန်းအတွက် လိုအပ်သည့်မတည်ရင်းနှီးငွေများနှင့် ပစ္စည်းများ စုဆောင်းခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်ပေးရန်နှင့် လုပ်ငန်းတစ်ခုလုံး၏ ကုန်ကျစရိတ်များတို့ကို လုပ်ငန်းပြီးဆုံးသည်အထိ စိုက်ထုတ်ကျခံဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်းအတွက်လိုအပ်မည့် မတည် ရင်းနှီးငွေများ ရရှိရန်အတွက် စီမံကိန်းမှ ထွက်ရှိမည့် ဈေးဆိုင်ခန်းများ၊ ကုန်တိုက်များ ၊ ကွန်ဒိုနှင့်လူနေတိုက်ခန်းများတို့ကို စီမံကိန်း၏ ပဏာမအကြိုအင်ဂျင်နီယာ လုပ်ငန်းများ စတင်သည့်အချိန်၌ပင် လုပ်ငန်းလက်ခံသူက ရပိုင်ခွင့်ရှိသောဈေးဆိုင်ခန်းများ ၊ ကုန်တိုက်များ ၊ ကွန်ဒို ၊ ဟိုတယ်နှင့်လူနေတိုက်ခန်းများတို့ကို ကြိုတင်အကွက်ချ၍ သတ်မှတ်စည်းမျဉ်း ၊ စည်းကမ်းများနှင့်အညီ လွတ်လပ်စွာ ရောင်းချပိုင်ခွင့်ရှိကြောင်း သဘောတူပါသည်။

လုပ်ငန်းစတင်ရက်သတ်မှတ်ခြင်း

၂၅။ စီမံကိန်းဧရိယာအတွင်း ဈေးဟောင်းဖျက်သိမ်းခြင်းလုပ်ငန်း ၊ အကြိုအင်ဂျင်နီယာလုပ်ငန်းများနှင့်မြေကြီးတူးဖော်ခြင်းလုပ်ငန်းများအား(၁၅ - ၂ - ၂၀၁၄)ရက်နေ့မှစတင်ဆောင်ရွက်ရန်နှင့် MoU လက်မှတ်ရေးထိုးသည့်(၁၁ - ၄ - ၂၀၁၄)ရက်နေ့မှစတင်၍(၃)လအတွင်း အကြိုအင်ဂျင်နီယာလုပ်ငန်းများပြီးစီးရန်ဖြစ်သော်လည်း မိုးတွင်းကာလ သဘာဝဘေးအန္တရာယ်မြေပြိုကျနိုင်မှုအခြေအနေများအရ မြေကြီးလုပ်ငန်းနှင့်တည်ဆောက်ရေးလုပ်ငန်းများပြီးစီးရမည့်ကာလကို အတိုင်ပင်ခံအင်ဂျင်နီယာများ၏ လမ်းညွှန်ချက်နှင့်အညီ တည်ဆောက်ရေးကာလ သတ်မှတ်ချက် (Schedule)အတိုင်း လိုက်နာဆောင်ရွက်သွားရန် သဘောတူကြပြီး ယခုစာချုပ် ချုပ်ဆိုသည့်နေ့အား လုပ်ငန်းကာလ စတင်ရက်အဖြစ်သတ်မှတ်ရန် သဘောတူပါသည်။

လုပ်ငန်းပြီးဆုံးရက်

၂၆။ လုပ်ငန်းစတင်သည့်ရက်မှ အပိုင်း(၁)တည်ဆောက်ရေးလုပ်ငန်း(၁)နှစ်(၂)လ(၂၄)ရက်တာကာလ(၇ - ၁၀ - ၂၀၁၄ ရက်နေ့မှ ၃၁ - ၁၂ - ၂၀၁၅ ရက်နေ့အထိ) ၊ အပိုင်း(၂)

(စိုင်းထွန်းထွန်း) (လတ်လတ်စိုး) (မေစုလှိုင်)

တည်ဆောက်ရေးလုပ်ငန်း(၁)နှစ်(၉)လ(၆)ရက်တာကာလ(၁ - ၁ - ၂၀၁၆ **ရက်နေ့မှ** ၇ - ၁၀ - ၂၀၁၇ ရက်နေ့အထိ)၊ စုစုပေါင်း(၃)နှစ်တာ ကာလအတွင်း ဤစာချုပ်၏**အစိတ်အပိုင်း** အဖြစ် ပူးတွဲထားသည့်နောက်ဆက်တွဲ(ဇ)(Construction Execution Plan) တွင်ပါဝင်သည့်(**Schedule**) အတိုင်း အဆောက်အဦများအားလုံး ဆောက်လုပ် ပြီးစီးစေရမည်။

မလွန်ဆန်နိုင်သောဖြစ်ရပ်

၂၇။ မလွန်ဆန်နိုင်သောဖြစ်ရပ်များ(Force Majeure)ကြောင့် လုပ်ငန်းများဆောင်ရွက်နိုင်ခြင်း**မရှိဘဲ** ရပ်ဆိုင်း ထားခဲ့ရသည့် ကာလကိုဆိုင်းငံ့ကာလအဖြစ်သတ်မှတ်ရန်နှင့် ထိုသို့ဖြစ်စဉ်များဖြစ်ပေါ် လာပါ**က** နှစ်ဦးနှစ်ဖက် ညှိနှိုင်းပြီး လုပ်ငန်းကြီးကြပ်ရေးကော်မတီသို့ အခြေအနေအရပ်ရပ်ကိုတင်ပြပြီး လုပ်**ငန်း** အဆင်ပြေချောမွေ့ရန် စီစဉ်ဆောင်ရွက်ရမည်။ မလွန်ဆန်နိုင်သောဖြစ်ရပ်(Force Majeure) ဆိုသည့်စကားရပ်တွင် သဘာဝအလျောက် ကြုံတွေ့ရနိုင်သည့် ရေဘေး ၊ လေဘေး ၊ **မီးဘေး** ၊ မြေငလျင်ဘေး စသည်များတို့အပြင် နိုင်ငံတော်အစိုးရ / ဒေသတွင်းအစိုးရ၏ ကန့်သတ်တားမြစ်**ချက်** များ ၊ တရားဥပဒေစိုးမိုးရေးနှင့်ငြိမ်ဝပ်ပိပြားမှု ပျက်သည်းခြင်းများ ၊ စစ်မက်ဖြစ်ပွားခြင်းများ ၊ သပိတ် မှောက် ခြင်းများအစရှိသည်တို့နှင့်စာချုပ်ဝင်တစ်ဖက်ဖက်က ထိုက်သင့်သည့်သတိဝီရိယ နှင့်ဆောင်**ရွက်** စေကာမူ မလွန်ဆန် မကျော်လွှားနိုင်သည့်အလားတူဖြစ်ရပ်များဖြစ်ပြီး ၊ ယင်းမလွန်ဆန်နိုင်သော ဖြစ်ရပ်များကြောင့် လုပ်ငန်းဆောင်ရွက်မှုကို ထိခိုက်နစ်နာဆုံးရှုံးမှုများဖြစ်ပေါ် စေခဲ့လျှင် စာချုပ်ဝင် **နှစ်ဦးနှစ်ဖက်အနေဖြင့် အပြန်အလှန် နစ်နာ ကြေး / လျော်ကြေး အစရှိသည်တို့ကို တောင်းခံပိုင်ခွင့်** မရှိစေရ။ ထို့ပြင်အကယ်၍ထိုသို့သောဖြစ်ရပ်များဖြစ်ပေါ် လာပါက " လုပ်ငန်းလက်ခံသူ " ဘက်က " လုပ်ငန်းအပ်နှံသူ " ဘက်သို့ ယင်းသို့သောဖြစ်ရပ်များဖြစ်ပွားသည့်နေ့မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း စာဖြင့် အတိအလင်းအသိပေး အကြောင်းကြားရန်နှင့် " လုပ်ငန်းအပ်နှံသူ " ဘက်ကလည်းလုပ်ငန်းနှင့် တိုက်ရိုက်သက်ဆိုင်သော ပြတ်တောက်ကာလ အပိုင်းအခြားအတွက် " လုပ်ငန်းလက်ခံသူ " ၏တာဝန်ရှိမှုကို သက်သာခွင့်ပြုရန် သဘောတူပါသည်။

(စိုင်းထွန်းထွန်း) (လတ်လတ်စိုး) (မေစုလှိုင်)

အကျိုးအမြတ်ခွဲဝေမှု

၂၈။ အကျိုးအမြတ်ကို ကြမ်းခင်းဧရိယာများ ၊ လုပ်ငန်းများဖြင့်သတ်မှတ်ပြီး အောက်ပါအတိုင်း ခွဲဝေရရှိ ပါသည် -

(က) **" လုပ်ငန်းအပ်နှံသူ " ၏ အကျိုးခံစားခွင့်**

(၁) **အပိုင်း(၁)တည်ဆောက်ရေးလုပ်ငန်း** **(ကျပ်သိန်း)**

(ကက) မြေအောက်ထပ်(၂)ကားရပ်နားနေရာ = ၁၀၂၆. ၂၅
(၄၁၀၅၀ စ / ပေ × ၂၅၀၀ဝိ / - နှုန်း)

(ခခ) မြေအောက်ထပ်(၁) ၊ အသားရောင်းဆိုင်များ = ၄၂၆. ၅၀
(၁၇၀၆၀ စ / ပေ × ၂၅၀၀ဝိ / - နှုန်း)

(ဂဂ) မြေညီထပ် ၊ မူလဆိုင်ခန်း(၄၄၆)ခန်းအတွက် = ၉၂၀. ၀၀
(၃၆၈၀၀ စ / ပေ × ၂၅၀၀ဝိ / - နှုန်း)

(ဃဃ) ပင်မရေနုတ်မြောင်း ၊ ကတ္တရာလမ်းခင်းခြင်း ၊ = ၄၂၆. ၉၁
လူသွားစင်္ကြံများ ၊ ယာယီဈေးဆောက်လုပ်ခြင်း ၊
ရှင်းလင်းဆောင်နှင့်အခြားအသုံးစရိတ်များ

(ငင) မြို့ပြနယ်အစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေသို့ = ၃၉၉. ၉၅
ပေးသွင်းခြင်း(၅ %)

(စစ) **အပိုင်း(၁)တည်ဆောက်ရေးလုပ်ငန်း** = ၄၀ %
အတွက်ရရှိသော အကျိုးအမြတ်ရာခိုင်နှုန်း

(ဆဆ) **အပိုင်း(၁)တည်ဆောက်ရေးလုပ်ငန်း** = ၃၁၉၉. ၆၀
အတွက်ရရှိသောအကျိုးအမြတ်ငွေ
ကျပ်သန်းပေါင်း

(၂) **အပိုင်း(၂)တည်ဆောက်ရေးလုပ်ငန်း** **(ကျပ်သိန်း)**

(ကက) ပဉ္စမထပ် အခန်းကျယ် = ၆၄၁. ၀၀
(၂၅၆၄၀ စ / ပေ × ၂၅၀၀ဝိ / -)

(ခခ) ဆဌမထပ် အခန်းကျယ် = ၁၂၆. ၀၀
(၅၀၄၀ စ / ပေ × ၂၅၀၀ဝိ / -)

(စိုင်းထွန်းထွန်း) (လတ်လတ်စိုး) (မေစုလှိုင်)

(ဃဃ)အပိုင်း(၂)တည်ဆောက်ရေးလုပ်ငန်း = ၂၀ %
အတွက်ရရှိသောအကျိုးအမြတ်ရာခိုင်နှုန်း

(ငင)အပိုင်း(၂)တည်ဆောက်ရေးလုပ်ငန်း = ၇၆၇. ၀၀
အတွက် ရရှိသော အကျိုးအမြတ်ငွေ
ကျပ်သန်းပေါင်း

(၃)စီမံကိန်းအပိုင်း(၁)တည်ဆောက်ရေးလုပ်ငန်းအတွက် ငွေကျပ်(၃၁၉၉. ၆၀) သန်း ၊ အပိုင်း (၂)တည်ဆောက်ရေးလုပ်ငန်းတွင် ငွေကျပ်(၇၆၇. ၀၀) သန်း ၊ စုစုပေါင်းငွေကျပ်(၃၉၆၆. ၆၀)သန်း ရရှိမည် ။ ထိုတန်ဖိုးတွင် ကြမ်းခင်း ဧရိယာ(၁၂၅၅၉၀)စတုရန်းပေ ပါဝင်ရရှိသည်။

(ခ) " လုပ်ငန်းလက်ခံသူ " ၏ အကျိုးခံစားခွင့်

(၁) အပိုင်း(၁)တည်ဆောက်ရေးလုပ်ငန်း (ကျပ်သန်း)

(ကက)မြေအောက်ထပ်(၁) ၊ ကားရပ်နားရန်နေရာ = ၇၁၈. ၂၅
(၂၈၇၃၀ စ / ပေ × ၂၅၀၀၀ိ / - နှုန်း)

(ခခ)မြေညီထပ် = ၃၄၄. ၆၃
(၁၃၇၈၅ စ / ပေ × ၂၅၀၀၀ိ / - နှုန်း)

(ဂဂ)ပထမထပ် ၊ ကုန်တိုက်များ = ၁၁၉၀. ၃၈
(၄၇၆၁၅ စ / ပေ × ၂၅၀၀၀ိ / - နှုန်း)

(ဃဃ)ဒုတိယထပ် ၊ ကုန်တိုက်များ = ၁၁၃၀. ၅၀
(၄၅၂၂၀ စ / ပေ × ၂၅၀၀၀ိ / - နှုန်း)

(ငင)တတိယထပ် ၊ ကုန်တိုက်များ = ၁၁၅၁. ၇၅
(၄၆၀၇၀ စ / ပေ × ၂၅၀၀၀ိ / - နှုန်း)

(စစ)စတုတ္ထထပ် ၊ ကုန်တိုက်များ = ၁၀၉၀. ၇၅
(၄၃၆၃၀ စ / ပေ × ၂၅၀၀၀ိ / - နှုန်း)

(ဆဆ)စည်ပင်သာယာ၏ကြမ်းခင်းဧရိယာအတွက် =(-)၈၂၆. ၈၆
ပြန်လည်ပေးချေငွေ

(စိုင်းထွန်းထွန်း) (လတ်လတ်စိုး) (မေစုလှိုင်)

(ဇဇ)အပိုင်း(၁)တည်ဆောက်ရေးလုပ်ငန်း = ၆၀ %
အတွက်ရရှိသော အကျိုးအမြတ်ရာခိုင်နှုန်း
(ဈဈ)အပိုင်း(၁)တည်ဆောက်ရေးလုပ်ငန်း = ၄၇၉၉.၄၀
အတွက်ရရှိသော အကျိုးအမြတ်ငွေ
ကျပ်သန်းပေါင်း

(၂) အပိုင်း(၂)တည်ဆောက်ရေးလုပ်ငန်း (ကျပ်သန်း)

(ကက)ဆဌမထပ် အခန်းကျယ် = ၅၁၅.၀၀
(၂၀၆၀၀ စ/ပေ × ၂၅၀၀၀ိ/-နှုန်း)
(ခခ)သတ္တမထပ် အခန်းကျယ် = ၆၃၈.၂၅
(၂၅၅၃၀ စ/ပေ × ၂၅၀၀၀ိ/-နှုန်း)
(ဂဂ)အဌမထပ် အခန်းကျယ် = ၆၃၈.၂၅
(၂၅၅၃၀ စ/ပေ × ၂၅၀၀၀ိ/-နှုန်း)
(ဃဃ)နဝမထပ် အခန်းကျယ် = ၆၃၈.၂၅
(၂၅၅၃၀ စ / ပေ × ၂၅၀၀၀ိ / - နှုန်း)
(ငင)ဒသမထပ် အခန်းကျယ် = ၆၃၈.၂၅
(၂၅၅၃၀ စ / ပေ × ၂၅၀၀၀ိ / - နှုန်း)
(စစ)အပိုင်း(၂)တည်ဆောက်ရေးလုပ်ငန်း = ၈၀ %
အတွက် ရရှိသော အကျိုးအမြတ်ရာခိုင်နှုန်း
(ဆဆ)အပိုင်း(၂)တည်ဆောက်ရေးလုပ်ငန်း = ၃၀၆၈.၀၀
အတွက်ရရှိသောအကျိုးအမြတ်ငွေ
ကျပ်သန်းပေါင်း

(၃)အကျိုးအမြတ်ခွဲဝေမှုအရလက်ခံရရှိသည့် အထပ်များနှင့် အခန်းများကို "လုပ်ငန်းအပ်နှံသူ" နှင့် "လုပ်ငန်းလက်ခံသူ" တို့သည် ကြိုတင်၍ရောင်းချခြင်း ၊ လုပ်ငန်းပြီးစီးချိန်တွင်ရောင်းချခြင်း ၊ (သို့မဟုတ်)အငှားချထားခြင်းများ ဆောင်ရွက်နိုင်ခွင့်ရှိမည်။ "လုပ်ငန်းအပ်နှံသူ" မှ လိုအပ်သည်များပံ့ပိုးကူညီရန် သဘောတူကြပါသည် ။

(စိုင်းထွန်းထွန်း) (လတ်လတ်စိုး) (မေစုလှိုင်)

(၄)စီမံကိန်းလုပ်ငန်းတည်ဆောက်ရေးကုန်ကျစရိတ်ပေါ်တွင် ခွဲဝေသော ရင်းနှီးမြှုပ်နှံမှုနှင့်အကျိုးအမြတ်အရ “ လုပ်ငန်းလက်ခံသူ ” မှ ရင်းနှီးမြှုပ်နှံမှုအပေါ် အပိုင်း(၁)တည်ဆောက်ရေးလုပ်ငန်းတွင် ငွေကျပ်(၅၆၂၆. ၂၆)သန်းတန်ဖိုးရှိ ကြမ်းခင်းဧရိယာ(၂၂၅၀၅၀)စတုရန်းပေ ၊ အပိုင်း(၂)တည်ဆောက်ရေးလုပ်ငန်းတွင် ငွေကျပ်(၃၀၆၈. ၀၀)သန်းတန်ဘိုးရှိ ကြမ်းခင်းဧရိယာ (၁၂၂၇၂၀)စတုရန်းပေ ၊ စုစုပေါင်းငွေကျပ်(၈၆၉၄. ၂၆)သန်း တန်ဖိုးရှိ ကြမ်းခင်း ဧရိယာ(၃၄၇၇၇၀)စတုရန်းပေအား နောက်ဆက်တွဲ(စ)ဇယားအတိုင်း ရရှိမည် ။

စာချုပ်ပါအကြောင်းအချက်များကို ပြင်ဆင်ဖြည့်စွက်ခြင်း

၂၉။ စာချုပ်ပါအကြောင်းအချက်များ(သို့မဟုတ်)စည်းကမ်းချက်များကို ပြင်ဆင်ဖြည့်စွက်ရန် အကြောင်း ပေါ်ပေါက်ပါက စာချုပ်ဝင်နှစ်ဦးနှစ်ဖက်သဘောတူညီချက်ဖြင့် နှစ်ဦးနှစ်ဖက်ညှိနှိုင်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ပြင်ဆင်ရမည်။

၃၀။ “ လုပ်ငန်းလက်ခံသူ ” မှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်၍ ဈေးကွက် တောင်းဆိုမှုနည်းပါးခြင်း ၊ စီးပွားရေးတွက်ခြေမကိုက်ခြင်းများ ဖြစ်ပေါ်ခဲ့ပါက “ လုပ်ငန်းအပ်နှံသူ ” နှင့်“လုပ်ငန်း လက်ခံသူ ”တို့မှ ညှိနှိုင်း၍ နောက်ဆက်တွဲ(စ)အကျိုးအမြတ်ခွဲဝေမှုဇယားတွင်ပါရှိသည့် အချိုးအစားကိုပြင်ဆင် သတ်မှတ်ခွင့်ရှိသည်။ ယင်းသို့ ပြင်ဆင်သတ်မှတ်ရန် အကြောင်းပေါ်ပေါက်ပါက စာချုပ်ဝင်နှစ်ဦးနှစ်ဖက် သဘောတူညီချက်ဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ပြင်ဆင်ရမည်။

(စိုင်းထွန်းထွန်း) (လတ်လတ်စိုး) (မေစုလှိုင်)

လုပ်ငန်းရပ်ဆိုင်းခြင်းနှင့်နစ်နာကြေးပေးဆောင်ခြင်း

၃၁။ (က) " လုပ်ငန်းလက်ခံသူ " ၏ ချို့ယွင်းပျက်ကွက်မှုကြောင့် လုပ်ငန်းကိုဆက်လက်ဆောင်ရွက်နိုင်စွမ်း မရှိခဲ့သော် " လုပ်ငန်းအပ်နှံသူ " က အကျိုးအကြောင်းမျှတစွာ တောင်းဆိုလျက် ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်ရန် ၊ ညွှန်ကြားချက်ပေးရန် သဘောတူညီကြပါသည်။ ယင်းညွှန်ကြားချက်များအားလိုက်နာဆောင်ရွက်ခြင်းမရှိပါက ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာနတွင် အစည်းအဝေးကျင်းပလျက် ညှိနှိုင်းဖြေရှင်းဆောင်ရွက်သွားရန် သဘောတူပါသည် ။

(ခ) " လုပ်ငန်းအပ်နှံသူ " နှင့် " လုပ်ငန်းလက်ခံသူ " တို့သည် အကျိုးအကြောင်းမဆီလျော်သည့်ကိစ္စရပ်များတင်ပြလျက် လုပ်ငန်းရပ်ဆိုင်းခြင်းမပြုရန် နှစ်ဦးနှစ်ဖက်သဘောတူကြပါသည်။ အကယ်၍ ယင်းသို့အကျိုးအကြောင်းညီညွတ်မှုမရှိအကြောင်းမဲ့သက်သက် လုပ်ငန်းရပ်စဲလိုက်သည့်အတွက် တစ်ဘက်ဘက်တွင် နစ်နာဆုံးရှုံးမှုဖြစ်စေပါက ယင်းသို့နစ်နာမှုအတွက် နစ်နာမှုဖြစ်စေရန်ဖန်တီးသူသည် နစ်နာဆုံးရှုံးစေသည့်ဘက်အား ဆုံးရှုံးနစ်နာမှုအတွက်နစ်နာကြေးပေးရမည်ဖြစ်ကြောင်း နှစ်ဦးနှစ်ဖက်သိရှိနားလည်သဘောတူပါသည် ။

နောက်ကျကြေးသတ်မှတ်ခြင်း

၃၂။ (က) သဘာဝဘေးအန္တရာယ်ကြောင့်မဟုတ်ဘဲ လုပ်ငန်းလက်ခံသူအနေဖြင့် လုပ်ငန်းပြီးစီးရမည့်ရက်အတွင်း ပြီးစီးခြင်းမရှိပါက ပြီးစီးရမည့်ရက်၏နောက်တစ်ရက်မှစ၍ ဒဏ်ငွေအဖြစ်(၁)ရက်(၅၀၀၀၀ / -)(ကျပ်ငါးသောင်း)နှုန်းအား " လုပ်ငန်းလက်ခံသူ " မှပေးဆောင်ရမည် ။

(ခ) သတ်မှတ်ရက်အတွင်းမပြီးဘဲ အကြောင်းအရာခိုင်လုံစွာတင်ပြနိုင်ပါက ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာနသို့ တင်ပြအတည်ပြုချက်ရယူပြီး သတ်မှတ်သည့်အချိန်ကို ရက်တိုးယူရမည် ဖြစ်ပါသည် ။

(စိုင်းထွန်းထွန်း) (လတ်လတ်စိုး) (မေစုလှိုင်)

လုပ်ငန်းပြီးစီး၍ အပ်နှံခြင်း

၃၃။ ဤစာချုပ်ပါ သတ်မှတ်ချက်များအတိုင်း အပိုင်းလိုက်လုပ်ငန်းများ အားလုံးပြီးစီးလျှင် " လုပ်ငန်းလက်ခံသူ " က " လုပ်ငန်းအပ်နှံသူ " အား အပိုင်းလိုက်ပြီးစီးကြောင်းစာဖြင့် အကြောင်းကြားရမည်။ " လုပ်ငန်းအပ်နှံသူ " နှင့် " လုပ်ငန်းလက်ခံသူ " တို့သည်လုပ်ငန်းများကိုစာချုပ်ပါသတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ အတူတကွစစ်ဆေး၍ ချို့ယွင်းချက်နှင့်လိုအပ်ချက်များတွေ့ရှိပါက " လုပ်ငန်းအပ်နှံသူ " ကျေနပ်သည်အထိ " လုပ်ငန်းလက်ခံသူ " မှ ပြန်လည် ပြုပြင်ပြီးမှသာ လွှဲပြောင်းလက်ခံခြင်းပုံစံတွင် နှစ်ဦးနှစ်ဖက်သဘောတူဖြည့်စွက် လက်မှတ်ရေးထိုးလွှဲပြောင်းခြင်း ၊ လက်ခံခြင်းပြုလုပ်ရမည်။ လုပ်ငန်းအားလုံးမပြီးစီးသေးသော်လည်း လုပ်ငန်းအချို့ပြီးစီး၍ " လုပ်ငန်းအပ်နှံသူ " အနေဖြင့်အသုံးပြုနိုင်သည့်အခြေအနေမျိုးရှိလာပါက အဆိုပါ ပြီးစီးသည့် လုပ်ငန်းအချို့ကို လွှဲပြောင်းလက်ခံနိုင်သည်။

၃၄။ "လုပ်ငန်းအပ်နှံသူ" နှင့် "လုပ်ငန်းလက်ခံသူ"တို့ ခွဲဝေရယူသောဧရိယာများ၏ စီမံ ၊ ဖွံ့စည်း ၊ အုပ်ချုပ် ၊ ပြုပြင်ရေးကိစ္စအသီးသီးတို့အား မိမိရယူခွဲဝေသည့် ဧရိယာအတိုင်းသာ ကော်မတီအသီးသီးအား ဖွဲ့စည်းပေးသွားရန် သဘောတူကြပါသည်။ ယင်းဖွဲ့စည်းထားသော ကော်မတီအသီးသီးသည် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ စည်းကမ်းချက်များနှင့်အညီ စီမံအုပ်ချုပ်ပြင်ဆင် ခွင့်ရှိကြပြီး မိမိဧရိယာမဟုတ်သည့်နေရာများတွင် သတ်မှတ်စည်းမျဉ်း ၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန် သဘောတူပါသည်။

၃၅။ Taunggyi Shopping Center အဆောက်အဦသည် သဘာဝဘေးအန္တရာယ်များဖြစ်သည့် ရေဘေး ၊ မီးဘေး ၊ လေဘေး ၊ မြေငလျင်ဘေးများကြောင့် အဆောက်အဦပြိုကျပျက်စီးပြီးပါက ပြန်လည်တည်ဆောက်နိုင်ရေးအတွက် " လုပ်ငန်းလက်ခံသူ " အား ဦးစားပေးဆောင်ရွက်ခွင့်ပြုရန် သဘောတူညီပါသည်။ ပြန်လည်အသစ်တည်ဆောက်သည့် အဆောက်အဦတွင် မူလဆိုင်ခန်းပိုင်ရှင်များ ၊ မူလတိုက်ခန်းပိုင်ရှင်များပြန်လည်နေရာချထားပေးရန် " လုပ်ငန်းအပ်နှံသူ " နှင့် " လုပ်ငန်းလက်ခံသူ " တို့က သဘောတူညီပါသည်။

(စိုင်းထွန်းထွန်း) (လတ်လတ်စိုး) (မေစုလှိုင်)

ဓါတ်သတ္တုအရင်းအမြစ်များနှင့် ရတနာများတွေ့ရှိခြင်း

၃၆။ စာချုပ်သက်တမ်းကာလအတွင်း လုပ်ငန်းတည်နေရာ၌ မြေပေါ်မြေအောက်အတွင်းမှ မမျှော်လင့်ဘဲ ဓါတ်သတ္တုအရင်းအမြစ်များနှင့်ရတနာများ၊ သဘာဝသယံဇာတများ၊ ရှေးဟောင်းပစ္စည်းများကို တွေ့ရှိလျှင် " လုပ်ငန်းအပ်နှံသူ " ထံ " လုပ်ငန်းလက်ခံသူ " က ချက်ချင်းအကြောင်းကြားရမည်ဖြစ်ပြီး " လုပ်ငန်းအပ်နှံသူ " က ထိုပစ္စည်းများကို ပိုင်ဆိုင်အပ်နှံခွင့်ရှိသည်။ " လုပ်ငန်းအပ်နှံသူ " ကလည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့အစည်းများသို့ အကြောင်းကြားတင်ပြပေးရမည်။ ထိုပစ္စည်းများကို နိုင်ငံတော်ကပိုင်ဆိုင်ပြီး နိုင်ငံတော်ကခွင့်ပြုလျှင် " လုပ်ငန်းအပ်နှံသူ " နှင့် သက်ဆိုင်ရာအဖွဲ့အစည်းက လွတ်လပ်စွာတူးဖော်ရယူခွင့် ရှိစေရမည်။

အငြင်းပွားမှုဖြေရှင်းခြင်း

၃၇။ ဤသဘောတူစာချုပ်နှင့်ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက နှစ်ဦးနှစ်ဖက်ပြေလည်စွာ ညှိနှိုင်းဖြေရှင်းရမည်။ ထိုသို့ဖြေရှင်း၍မရပါက ထိုအငြင်းပွားမှုကို တစ်ဘက်စီက တစ်ဦးစီခန့်ထားသော ခုံလူကြီးနှစ်ဦး ဖြင့် ဖြေရှင်းရမည်။ ခုံလူကြီးနှစ်ဦးက ဖြေရှင်းမဆုံးဖြတ်နိုင်လျှင် ခုံလူကြီးနှစ်ဦးက ရွေးချယ်ခန့်အပ်ထားသော သမာဓိလူကြီး၏ အဆုံးအဖြတ်ကို ခံယူရမည်။ ခုံလူကြီးနှစ်ဦး သို့မဟုတ် သမာဓိလူကြီး၏ ဆုံးဖြတ်ချက်သည် အပြီးဖြစ်စေရမည့် အပြင် နှစ်ဖက်အမှုသည်များအပေါ်၌လည်း အတည်ဖြစ်စေရမည်။ အနုညာတ စီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း များသည် ၁၉၄၄ ခုနှစ်၊ မြန်မာနိုင်ငံ အနုညာတစီရင်ဆုံးဖြတ်ခြင်းအက်ဥပဒေ မြန်မာနိုင်ငံ အက်ဥပဒေ အမှတ်(၄ / ၁၉၄၄)နှင့် နောက်ပိုင်းထုတ်ပြန်ထားသော တည်ဆဲပြင်ဆင်ချက်များနှင့်အညီ ဖြစ်စေရမည်။ အနုညာတ စီရင်ဆုံးဖြတ်မည့် နေရာသည်(ရှမ်းပြည်နယ်၊ တောင်ကြီးမြို့)ဖြစ်စေရမည်။ အမှုအတွက် ကုန်ကျစရိတ်များကို အမှုရှုံးသူက ကျခံရမည်။

၃၈။ စည်ပင်သာယာရေးဆိုင်ရာကိစ္စများအတွက် " လုပ်ငန်းအပ်နှံသူ " ၏ဆုံးဖြတ်ချက်ကို " လုပ်ငန်းလက်ခံသူ " က မကျေနပ်လျှင် ဆုံးဖြတ်သည့်နေ့မှ ရက်ပေါင်း(၆၀)အတွင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်စည်ပင်သာယာရေး ဝန်ကြီးဌာနသို့ အယူခံဝင်နိုင်သည်။ စည်ပင်သာယာရေးဝန်ကြီး၏ဆုံးဖြတ်ချက်အပေါ် မကျေနပ်ပါက ၎င်းဆုံးဖြတ်သည့်ရက်မှ ရက်ပေါင်း(၉၀)အတွင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံ အယူခံဝင်နိုင်သည်။

(စိုင်းထွန်းထွန်း) (လတ်လတ်စိုး) (မေစုလှိုင်)

စာချုပ်ရပ်စဲခြင်း

၃၉။ ဤသဘောတူစာချုပ်ကို အောက်ပါအကြောင်းရပ်တစ်ခုခုပေါ်ပေါက်ပါက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် စာချုပ်ရပ်စဲခွင့်ရှိသည် -

(က) စာချုပ်ဝင်တစ်ဖက်ဖက်က စီမံကိန်းဖြစ်မြောက်အောင်မြင်နိုင်မှုအား ပျက်စီးစေသည့် စာချုပ်ပါဆောင်ရွက်ရန် သို့တည်းမဟုတ် လိုက်နာရန် စည်းကမ်းချက်များကို အကြောင်းမဲ့ဖောက်ဖျက်သည့်အခါ ။

(ခ) မလွန်ဆန်နိုင်သောဖြစ်ရပ်သည်(၆)လထက်ကျော်လွန်ပြီး တစ်ဆက်တည်းဖြစ်ပွား၍ လုပ်ငန်းဆက်လက်ဆောင်ရွက်ရန်မဖြစ်နိုင်တော့သည့်အခါ ။

(ဂ) စာချုပ်သက်တမ်းကုန်ဆုံးသည့်အခါ ။

(ဃ) စာချုပ်ပါစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်နိုင်စွမ်းမရှိတော့သည့် အခါ ။

(င) လုပ်ငန်းလက်ခံသူက လူမွဲအဖြစ်ခံယူသွားသည့်အခါ ။

(စ) ဤစာချုပ်ပါလုပ်ငန်းများကို ခိုင်လုံသောအကြောင်းပြချက်ဖြင့် " လုပ်ငန်းအပ်နှံသူ " ကဆက်လက်မဆောင်ရွက်လိုလျှင်(သို့မဟုတ်) " လုပ်ငန်းလက်ခံသူ " က ဆက်လက်မဆောင်ရွက်လိုလျှင်(၁)လကြိုတင်၍ စာဖြင့် အကြောင်းကြားပြီး နှစ်ဦးနှစ်ဖက် သဘောတူညီချက်ဖြင့် စာချုပ်ကိုရပ်စဲလိုသည့်အခါ ။

အကျိုးသက်ရောက်သည့်နေ့

၄၀။ ဤစာချုပ်အား အတည်ပြု လက်မှတ်ရေးထိုးသည့်နေ့မှစ၍ အကျိုးသက်ရောက်မှု ရှိစေရမည်။

အကြောင်းကြားဆက်သွယ်ခြင်း

၄၁။ အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်လာပါက ဤစာချုပ်ပါ နှစ်ဦးနှစ်ဖက်တို့သည် တစ်ဘက်မှ တစ်ဘက်သို့ စာဖြင့် တရားဝင်အကြောင်းကြားရမည်။

(စိုင်းထွန်းထွန်း) (လတ်လတ်စိုး) (မေစုလှိုင်)

၄၂။ "လုပ်ငန်းအပ်နှံသူ" နှင့် "လုပ်ငန်းလက်ခံသူ"တို့သည် စာဖြင့်အကြောင်းကြားဆက်သွယ်ရန် အကြောင်း ပေါ်ပေါက်လျှင် အောက်ပါလိပ်စာအတိုင်း အကြောင်းကြားဆက်သွယ်မှုပြုလုပ်ရမည် -

(က) **လုပ်ငန်းအပ်နှံသူ**

(၁)ဦးစိုင်းထွန်းထွန်း	ညွှန်ကြားရေးမှူး	ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန
(၂)ဦးစိုးနိုင်ဦး	ဒုတိယညွှန်ကြားရေးမှူး	တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန

(ခ) **လုပ်ငန်းလက်ခံသူ**

(၁)ဒေါက်တာလတ်လတ်စိုး	မန်နေဂျင်းဒါရိုက်တာ	အမှတ်(၈၆) ဇောတိကလမ်း ကန်ရှေ့ရပ်ကွက် ၊ တောင်ကြီးမြို့ သီဟာဖွံ့ဖြိုး တိုးတက်ရေး ကုမ္ပဏီလီမိတက်
(၂)ဒေါ်မေစုလှိုင်	ဒါရိုက်တာ	အမှတ်(၈၆) ဇောတိကလမ်း ကန်ရှေ့ရပ်ကွက် ၊ တောင်ကြီးမြို့ သီဟာဖွံ့ဖြိုး တိုးတက်ရေး ကုမ္ပဏီလီမိတက်

(စိုင်းထွန်းထွန်း) (လတ်လတ်စိုး) (မေစုလှိုင်)

(၃)ဦးစိုင်းဇော်ဇော် ဒါရိုက်တာ အမှတ်(၈၆)
ဇောတိကလမ်း
ကန်ရှေ့ရပ်ကွက် ၊
တောင်ကြီးမြို့
သီဟဖွံ့ဖြိုး
တိုးတက်ရေး
ကုမ္ပဏီလီမိတက်

အထွေထွေ

၄၃။ **အလုပ်သမားများ၏အခွင့်အရေး ။** လုပ်ငန်းတွင် အလုပ်လုပ်ကြမည့် အလုပ်သမားများ၏ အခွင့်အရေး အားလုံး(ဥပမာ - လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုများ ၊ သေဆုံးမှုများအတွက် လိုအပ်သော အာမခံကိစ္စရပ်များ)နှင့် စည်းကမ်းထိန်းသိမ်းရေးကိစ္စရပ်အားလုံးကို " လုပ်ငန်းလက်ခံသူ " မှ တာဝန်ပေးအပ်ထားသော စီမံကိန်းစီမံခန့်ခွဲမှုအဖွဲ့နှင့်ကန်ထရိုက်တာများမှ တာဝန်ယူရမည်။ တည်ဆောက်ရေးကာလအတွင်း လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးအား " လုပ်ငန်း လက်ခံသူ " မှ အထူးအလေးထား ဆောင်ရွက်ရပါမည်။

၄၄။ ကားရပ်နားခြင်းကိစ္စရပ်နှင့်စပ်လျဉ်း၍ မြေအောက်ထပ်(၂)နှင့်(၁)ရှိ ကားပါကင်နေရာအား **ကားရပ်နားခြင်းပြုရန် နေရာအဖြစ်သာ သတ်မှတ်ခြင်းတို့အား သဘောတူပါသည်။**

၄၅။ ဤစာချုပ်တွင်ပူးတွဲဖော်ပြထားသော နောက်ဆက်တွဲများသည် ဤစာချုပ်၏တစ်စိတ်တစ်ဒေသ ဖြစ်သည်။

(စိုင်းထွန်းထွန်း) (လတ်လတ်စိုး) (မေစုလှိုင်)

အထက်ဖော်ပြပါအချက်အလက်များကို သိရှိနားလည်သဘောပေါက်ပြီးဖြစ်၍ အောက်ဖော်ပြပါ အသိသက်သေ များရှေ့မှောက်၌ ၂၀၁၄ ခုနှစ် ၊ အောက်တိုဘာလ(၇)ရက်နေ့တွင် စာချုပ်ချုပ်ဆိုသူများက မိမိတို့၏သက်ဆိုင်ရာ တံဆိပ်များရိုက်နှိပ်၍ အသီးသီး လက်မှတ်ရေးထိုးပါသည်။

လုပ်ငန်းအပ်နှံသူ(ကိုယ်စား)	လုပ်ငန်းလက်ခံသူ(ကိုယ်စား)
၁။ ဦးစိုင်းထွန်းထွန်း အတွင်းရေးမှူး ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ တောင်ကြီးမြို့	၁။ ဒေါက်တာလတ်လတ်စိုး မန်နေဂျင်းဒါရိုက်တာ မှတ်ပုံတင်အမှတ်၊ ၁၃ / တကန (နိုင်)၁၂၅၀၈၈ သီဟဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ လီမိတက် ၊ တောင်ကြီးမြို့
	၂။ ဒေါ်မေစုလှိုင် ဒါရိုက်တာ မှတ်ပုံတင်အမှတ်၊ ၁၃ / တကန (နိုင်)၀၀၃၂၃၁ သီဟဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ လီမိတက် ၊ တောင်ကြီးမြို့

(စိုင်းထွန်းထွန်း) (လတ်လတ်စိုး) (မေစုလှိုင်)

တောင်ကြီးမြို့နယ်စည်ပင်သာယာရေးကော်မတီနှင့်
သီဟဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်တို့အကြားချုပ်ဆိုသော
တောင်ကြီးဈေးပင်းစင်တာ (Taunggyi Shopping Center)
တည်ဆောက်ရေးလုပ်ငန်းကို ခွဲဝေခံစားသည့်စနစ်ဖြင့်
အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း သဘောတူစာချုပ်အား
ပြင်ဆင်သည့် ပြင်ဆင်ချက်စာချုပ်

ဤပြင်ဆင်ချက်စာချုပ်ကို ၂၀၁၆ ခုနှစ် ၊ မတ်လ ၂၅ ရက်တွင် ဦးစိုင်းထွန်းထွန်း ၊ အတွင်းရေးမှူး၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ (ညွှန်ကြားရေးမှူး ၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန) ကိုယ်စားပြုသော တောင်ကြီးမြို့နယ်စည်ပင်သာယာရေးကော်မတီ (နောင်တွင်၄င်းအား " အကျိုးတူပူးပေါင်းဆောင်ရွက်သူ " ဟုခေါ်ဆိုမည်ဖြစ်ပြီး အဆိုပါစကားရပ်တွင် ယင်း၏ ဥပဒေအရ လွှဲအပ်ခြင်းခံရသူများနှင့် တရားဝင်ကိုယ်စားလှယ်များအားလုံးအကျုံးဝင်သည်)က တစ်ဖက်

နှင့်

ဦးဇော်လင်း (မန်နေဂျင်းဒါရိုက်တာ) နှင့် ဦးစိုင်းဇော်ဇော်(ဒါရိုက်တာ)တို့ကိုယ်စားပြုသော သီဟဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက် ၊ " **THIHA DEVELOPMENT Co,.Ltd** " (နောင်တွင် ၄င်းတို့အား " အကျိုးတူရင်းနှီးမြှုပ်နှံသူ " ဟုခေါ်ဆိုမည်ဖြစ်ပြီး အဆိုပါစကားရပ်တွင် ၄င်းတို့အား ဆက်ခံသူများ ၊ ဥပဒေအရလွှဲအပ်ခြင်းခံရသူများနှင့်တရားဝင်ကိုယ်စားလှယ်များအားလုံး အကျုံးဝင်သည်) က အခြားတစ်ဖက်တို့သည် -

(က) " လုပ်ငန်းအပ်နှံသူ " နှင့် " လုပ်ငန်းလက်ခံသူ " တို့သည် တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် တက်ခေတ်လမ်းကြား၊ ရေထွက်ဦးလမ်းနှင့် မဟာသုခလမ်းကြား ၊ ကွင်းအမှတ်(၂၆) ၊ ဦးပိုင်အမှတ်(၄၀) ၊ မြေကွက်အမှတ် (၄၆/ ၄၈) ၊ မြေချိန်ဧရိယာ (၁. ၄၁၁)ဧကရှိ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဌာနပိုင် ကုန်ခြောက်သားငါးဈေးအား အဆင့်မြင့် ဈေးသစ် ၊ ကုန်တိုက် ၊ ကွန်ဒိုမီနီယမ်(Service Apartment) ၊ ဟိုတယ်နှင့်လူနေအိမ်ခန်းများပါဝင်သည့် တောင်ကြီးဈေးပင်းစင်တာ (Taunggyi Shopping Center) အမည်အားဖြင့် စီးတီးစကွဲယား(City Square) ဟု

(စိုင်းထွန်းထွန်း) (ဇော်လင်း) (စိုင်းဇော်ဇော်)

အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၅၀၀ကျပ် ငါးရာကျပ် K 500

ခေါ်တွင်သည့် လုပ်ငန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ ၂၀၁၄ခုနှစ် အောက်တိုဘာလ(၇) ရက်နေ့တွင် သဘောတူစာချုပ် (နောင်တွင် မူလစာချုပ်ဟု ခေါ်ဆိုမည်ဖြစ်ပါသည်။) ချုပ်ဆိုခဲ့သည်ကတစ်ကြောင်း ။

(ခ) မူလစာချုပ်အပိုဒ် (၂၂) အပိုဒ်ခွဲ (ခ)တွင် " လုပ်ငန်းလက်ခံသူ " ဘက်မှလည်း စာချုပ်ပါလုပ်ငန်းတွင်ပါဝင်သောပုံစံ ၊ စံချိန်စံညွှန်းများစီစဉ်ပြောင်းလဲရန်ရှိ၍ စာဖြင့်တင်ပြပါက ဤသို့ပြောင်းလဲမှုကြောင့် လုပ်ငန်းပြင်ဆင်သတ်မှတ်ရခြင်းကို နှစ်ဦးနှစ်ဖက် သဘောတူညီချက်ဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာနသို့ တင်ပြ ခွင့်ပြုချက်ရယူပြီး ပြင်ဆင်သတ်မှတ်နိုင်သည်။ ကုန်ကျစရိတ်အား " လုပ်ငန်းလက်ခံသူ " မှကျခံရမည်ဟူသောစည်းကမ်းချက်ပါရှိသည်ကတစ်ကြောင်း ။

(ဂ) မူလစာချုပ်အပိုဒ်(၂၉)တွင် စာချုပ်ပါအကြောင်းအချက်များ (သို့မဟုတ်) စည်းကမ်းချက်များကို ပြင်ဆင်ဖြည့်စွက်ရန် အကြောင်းပေါ်ပေါက်ပါက စာချုပ်ဝင်နှစ်ဦးနှစ်ဖက် သဘောတူညီချက်ဖြင့် နှစ်ဦးနှစ်ဖက်ညှိနှိုင်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ၊ ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ပြင်ဆင်ရမည်ဟူသော စည်းကမ်းချက် ပါရှိသည်က တစ်ကြောင်း ။

(ဃ) မူလစာချုပ်အပိုဒ်(၃၀)တွင် " လုပ်ငန်းလက်ခံသူ "မှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်၍ ဈေးကွက်တောင်းဆိုမှုနည်းပါးခြင်း ၊ စီးပွားရေးတွက်ခြေ မကိုက်ခြင်းများဖြစ်ပေါ်ခဲ့ပါက " လုပ်ငန်းအပ်နှံသူ " နှင့် " လုပ်ငန်းလက်ခံသူ "တို့မှ ညှိနှိုင်း၍ နောက်ဆက်တွဲ(စ) အကျိုးအမြတ်ခွဲဝေမှုဇယားတွင်ပါရှိသည့် အချိုးအစားကို ပြင်ဆင်သတ်မှတ်ခွင့်ရှိသည်။ ယင်းသို့ပြင်ဆင်သတ်မှတ်ရန်အကြောင်းပေါ်ပေါက်ပါက စာချုပ်ဝင်နှစ်ဦးနှစ်ဖက်သဘောတူညီချက်ဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ၊ ပြည်နယ်စည်ပင် သာယာရေးဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့်ပြင်ဆင်ရမည် ဟူသောစည်းကမ်းချက်ပါရှိ သည်ကတစ်ကြောင်းတို့ကြောင့် ဤပြင်ဆင်ချက်စာချုပ်ကို ချုပ်ဆိုခြင်းဖြစ်ပါသည်။

၁။ မူလစာချုပ်၏ခေါင်းစဉ်တွင်ပါဝင်သော **"PPP စနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း"** စာသားအား ပယ်ဖျက်၍ **" ခွဲဝေခံစားသည့်စနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း "** ဟူသော စာသားဖြင့် အစားထိုး ပြင်ဆင်ရမည်။

(စိုင်းထွန်းထွန်း)	(ဇော်လင်း)	(စိုင်းဇော်ဇော်)

အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၅၀၀ကျပ် ငွေငါးရာကျပ် K 500

၂။ မူလစာချုပ်တွင် " **လုပ်ငန်းအပ်နှံသူ** "ဟူသောစကားရပ်အားပယ်ဖျက်၍ " **အကျိုးတူပူးပေါင်းဆောင်ရွက်သူ** "ဟူသောစကားရပ်ဖြင့် အစားထိုးပြင်ဆင်ရမည်။

၃။ မူလစာချုပ်တွင် " **လုပ်ငန်းလက်ခံသူ** "ဟူသောစကားရပ်အားပယ်ဖျက်၍ " **အကျိုးတူရင်းနှီးမြှုပ်နှံသူ** "ဟူသောစကားရပ်ဖြင့် အစားထိုးပြင်ဆင်ရမည်။

၄။ မူလစာချုပ်၏ **လုပ်ပိုင်ခွင့်အပ်နှင်းခြင်း** ခေါင်းစဉ်အောက်ရှိအပိုဒ်(၂)အားပယ်ဖျက်၍ အောက်ပါ စာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရမည် -

-၂။ " **အကျိုးတူပူးပေါင်းဆောင်ရွက်သူ** "အတွက် ကိုယ်စားပြုလက်မှတ်ရေးထိုးနိုင်ရန် ဦးစိုင်းထွန်းထွန်း ၊ အတွင်းရေးမှူး ၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ ၊ (ညွှန်ကြားရေးမှူး ၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန) လုပ်ငန်းဆောင်ရွက်ခွင့်ပြုသည့်အထောက်အထားများနှင့် " **အကျိုးတူရင်းနှီးမြှုပ်နှံသူ** "အတွက် ကိုယ်စားပြုလက်မှတ်ရေးထိုးနိုင်ရန် သီဟဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ ဦးဇော်လင်းနှင့် ဒါရိုက်တာ ဦးစိုင်းဇော်ဇော်တို့အား တာဝန်အပ်နှင်းပေးအပ်သည့် ဒါရိုက်တာများအစည်းအဝေးအမှတ်စဉ် (၁/၂၀၁၆)၏ အစည်းအဝေးဆုံးဖြတ်ချက်များကို ဤစာချုပ်၏ နောက်ဆက်တွဲ (က)အဖြစ် သတ်မှတ်ပူးတွဲသည်။

၅။ မူလစာချုပ်၏ **လုပ်ငန်းအမည်** ခေါင်းစဉ်အောက်ရှိ အပိုဒ်(၄)အားပယ်ဖျက်၍ အောက်ပါ စာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရမည် -

-၄။ အဆင့်မြင့်ဈေးသစ် ၊ ကုန်တိုက် ၊ ကွန်ဒိုမီနီယမ် ၊ ဟိုတယ်နှင့်လူနေအိမ်ခန်းများပါဝင်သည့် တောင်ကြီးရှော့ပင်းစင်တာ(Taunggyi Shopping Center)အမည်အားဖြင့် စီးတီးစကွဲယား (City Square)ဟု ခေါ်တွင်သည့်လုပ်ငန်းကို ခွဲဝေခံစားသည့်စနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၆။ မူလစာချုပ်၏ **လုပ်ငန်းအတိုင်းအတာပမာဏ** ခေါင်းစဉ်အောက်ရှိ အပိုဒ်(၅)အား ပယ်ဖျက်၍ အောက်ပါစာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရမည် -

-၅။ "**အကျိုးတူရင်းနှီးမြှုပ်နှံသူ** "က တာဝန်ယူဆောင်ရွက်ရမည့်လုပ်ငန်းမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန၏ အတည်ပြုထားသည့် အောက်ပါ

(စိုင်းထွန်းထွန်း) (ဇော်လင်း) (စိုင်းဇော်ဇော်)

ပြုပြင်ပြီး စံချိန်စံညွှန်း ၊ ခန့်မှန်းခြေစာရင်းနှင့် အဆောက်အဦပုံစံများအတိုင်း ဖြစ်ပါသည် -

(က) စံချိန်စံညွှန်း - ပူးတွဲပါနောက်ဆက်တွဲ (ခ) ။

(ခ) ခန့်မှန်းခြေငွေစာရင်း - ပူးတွဲပါနောက်ဆက်တွဲ (ဂ) ။

(ဂ) အဆောက်အဦပုံစံနှင့် Structure Drawing - ပူးတွဲပါနောက်ဆက်တွဲ (ဃ) ။

(ဃ) Construction Execution Plan - ပူးတွဲပါနောက်ဆက်တွဲ (ဇ) ။

၇။ မူလစာချုပ်၏ **တည်ဆောက်ရေးကာလ** ခေါင်းစဉ်အောက်ရှိအပိုဒ်(၇)အားပယ်ဖျက်၍ အောက်ပါစာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရမည် -

-၇။ ဤသဘောတူစာချုပ်အရ တည်ဆောက်မည့်လုပ်ငန်းများအားလုံးကို လုပ်ကိုင်ဆောင်ရွက်ရန်ခွင့်ပြုသည့် သက်တမ်းကာလသည်(၃)နှစ် ဖြစ်ပါသည်။ စာချုပ်ကိုသက်ဆိုင်ရာမှ အတည်ပြုချက်များရရှိပြီး နားလည်မှုစာချွန်လွှာ MoU လက်မှတ်ရေးထိုးဆောင်ရွက်သည့်ကာလကို အကြိုအင်ဂျင်နီယာလုပ်ငန်းဆောင်ရွက်သည့်ကာလဟု သတ်မှတ်သည်။ အပိုင်း(၁)တည်ဆောက်ရေးလုပ်ငန်းများကို (၇ - ၁၀ - ၂၀၁၄) ရက်နေ့မှ(၃၁ - ၃ - ၂၀၁၆)ရက်နေ့အပြီးဆောင်ရွက်ရမည်။ အပိုင်း(၂) တည်ဆောက်ရေးလုပ်ငန်းကို(၁ - ၄ - ၂၀၁၆)ရက်နေ့မှ (၇ - ၁၀ - ၂၀၁၇)ရက်နေ့အတွင်း ပြီးစီးအောင်ဆောင်ရွက်ရမည်။

၈။ မူလစာချုပ်၏ **အစိုးရအဖွဲ့သို့ပေးသွင်းရမည့် ဘဏ္ဍာရန်ပုံငွေသတ်မှတ်ခြင်းနှင့် ပေးသွင်းခြင်း** ခေါင်းစဉ်အောက်ရှိအပိုဒ်(၉)အားပယ်ဖျက်၍ အောက်ပါစာပိုဒ်ဖြင့်အစားထိုးပြင်ဆင်ရမည် -

-၉။ " အကျိုးတူပူးပေါင်းဆောင်ရွက်သူ "သည် ရှမ်းပြည်နယ်အစိုးရဘဏ္ဍာရန်ပုံငွေ (ဘတ်ဂျက်)သို့ ပေးသွင်းရမည့် (၅%)ငွေကျပ်(၃၆၀. ၉၃)သန်းကို တည်ဆောက်ရေးလုပ်ငန်းအပိုင်း(၁)တွင် ကုမ္ပဏီမှ ငွေသားဖြင့်ပေးချေသည့် ကြမ်းခင်းဧရိယာတန်ဖိုး (၁၃ . ၁၉ %)၏ တန်ဖိုးသင့်ငွေ(၉၅၂. ၁၄)သန်းအနက်မှ ပေးချေရမည်။ အဆိုပါ (၃၆၀. ၉၃)သန်းအား အပိုင်း(၁)တည်ဆောက်ရေးကာလစေ့ရောက်သည့်နေ့မှ နောက် (၃)လအတွင်း ပေးသွင်းရမည်။

(စိုင်းထွန်းထွန်း) (ဇော်လင်း) (စိုင်းဇော်ဇော်)

၉။ မူလစာချုပ်၏ **အစိုးရအဖွဲ့သို့ပေးသွင်းရမည့် ဘဏ္ဍာရန်ပုံငွေသတ်မှတ်ခြင်းနှင့်ပေးသွင်းခြင်း** ခေါင်းစဉ်အောက်ရှိအပိုဒ်(၁၀)အားပယ်ဖျက်၍ အောက်ပါစာပိုဒ်ဖြင့်အစားထိုးပြင်ဆင်ရမည် -

-၁၀။ အပိုင်း(၂)တည်ဆောက်ရေးလုပ်ငန်းတွင် ရှမ်းပြည်နယ်အစိုးရဘဏ္ဍာရန်ပုံငွေ (ဘတ်ဂျက်)သို့ ပေးသွင်းရမည့်(၅ %)ငွေကျပ်(၂၁၇. ၅၅၈၇၅)သန်းအား " အကျိုးတူပူးပေါင်းဆောင်ရွက်သူ " နှင့် " အကျိုးတူရင်းနှီးမြှုပ်နှံသူ " တို့မှ (၅၀%)စီကို အပိုင်း(၂)တည်ဆောက်ရေးကာလစေ့ရောက်သည့်နေ့မှ နောက်(၃)လအတွင်း ပေးသွင်းရမည်။

၁၀။ မူလစာချုပ်၏ **အစိုးရအဖွဲ့သို့ပေးသွင်းရမည့် ဘဏ္ဍာရန်ပုံငွေသတ်မှတ်ခြင်းနှင့်ပေးသွင်းခြင်း** ခေါင်းစဉ်အောက်ရှိအပိုဒ်(၁၁)အား ပယ်ဖျက်၍ အောက်ပါစာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရမည် -

-၁၁။ အပိုင်း(၂)တည်ဆောက်ရေးလုပ်ငန်းတွင် ရှမ်းပြည်နယ်အစိုးရဘဏ္ဍာရန်ပုံငွေ (ဘတ်ဂျက်)သို့ ပေးသွင်းရမည့်(၅ %)ငွေကျပ်(၂၁၇. ၅၅၈၇၅)သန်းအား " အကျိုးတူပူးပေါင်းဆောင်ရွက်သူ " နှင့် " အကျိုးတူရင်းနှီးမြှုပ်နှံသူ " တို့မှ (၅၀%)စီကို **သီးခြားအစီအစဉ်** ဖြင့်ပေးသွင်းရမည်။

၁၁။ မူလစာချုပ်၏ **စည်ပင်သာယာရေးဌာနသို့ပေးသွင်းရမည့် ဘဏ္ဍာရန်ပုံငွေပေးသွင်းခြင်း** ခေါင်းစဉ်အောက်ရှိအပိုဒ်(၁၂)အား ပယ်ဖျက်၍ အောက်ပါစာပိုဒ်များဖြင့် အစားထိုးပြင်ဆင်ရမည် -

-၁၂ (က)။" အကျိုးတူရင်းနှီးမြှုပ်နှံသူ " မှ တောင်ကြီးဈေးပင်းစင်တာ(Taunggyi Shopping Center) တည်ဆောက်ရေးလုပ်ငန်းအပိုင်း(၁)တွင် စည်ပင်မှုလုပ်ငန်းများအတွက် ခွဲဝေသတ်မှတ် ငွေကျပ်(၅၉၁. ၂၁)သန်းမှ တည်ဆောက်ရေးအရည်အသွေးစိစစ်ရေးအဖွဲ့၏ ခန့်မှန်း တွက်ချက်မှုအရ သုံးစွဲပြီးငွေကို စိစစ်ပြီးကျန်ငွေအား အပိုင်း(၁)လုပ်ငန်းပြီးစီးသည့်နေ့ နောက်(၃)လအတွင်း စာရင်းရှင်းလင်းရမည်။

- (ခ)။ **မြေငှားရမ်းခ** ။ " အကျိုးတူရင်းနှီးမြှုပ်နှံသူ " မှ အကျိုးအမြတ် ခွဲဝေရရှိသည့် ဧရိယာများအား ဟိုတယ်လုပ်ငန်း ၊ ကုန်တိုက်လုပ်ငန်း ၊ ရုပ်ရှင်ရုံ စသည့် လုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ကုန်ခြောက်သားငါးဈေး မြေဧရိယာ(၁. ၄၁၁)ဧက အပေါ်တွင် (၁)စတုရန်းပေလျှင် (၃၀၀/-)နှုန်းဖြင့် တစ်နှစ်လျှင် မြေငှားရမ်းခ ကျပ် (၁၈. ၄၃၉)

(စိုင်းထွန်းထွန်း) (ဇော်လင်း) (စိုင်းဇော်ဇော်)

သန်းကို "အကျိုးတူပူးပေါင်းဆောင်ရွက်သူ"ထံ ယင်းလုပ်ငန်းများစတင်ဆောင်ရွက်သည့် နောက်ဘဏ္ဍာရေးနှစ်၏ နှစ်စဉ်ဧပြီလအတွင်း ပေးသွင်းရမည် ။ ပေးသွင်းရန်ပျက်ကွက်ပါက ပျက်ကွက်သည့်နေ့အသီးသီးအတွက် တစ်ရက်လျှင်ဒဏ်ကြေးငွေ (၁၀၀၀၀ိ/-) ထပ်မံပေးသွင်းရမည် ။

၁၂။ မူလစာချုပ်၏ **ပဉ္စမလုပ်ငန်း** ခေါင်းစဉ်အောက်ရှိအပိုဒ်(၁၃)အား ပယ်ဖျက်၍ အောက်ပါစာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရမည် -

-၁၃။ အထက်အပိုဒ်(၆)တွင် ဖော်ညွှန်းထားသည့်လုပ်ငန်းတည်နေရာ ကုန်ခြောက်သားငါးဈေး (ညဈေးဟောင်းမြေကွက်)အတွင်း အဆောက်အဦများဖြိုဖျက်ခြင်းနှင့် မြေရှင်းလင်းခြင်း လုပ်ငန်းများကို " အကျိုးတူရင်းနှီးမြှုပ်နှံသူ " က ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် ဈေးဟောင်းတွင်လက်ရှိ ရှိနေကြသော ဆိုင်ခန်းပိုင်ရှင်များ ၊ အငှားချထားခြင်းခံရသူများ အားလုံးအပါအဝင် တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းလုံခြုံစွာ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် ၊ စီမံကိန်း ပတ်ဝန်းကျင်ရှိ ပျံ့ကျဈေးသည်များခင်းကျင်းရောင်းချခြင်းမပြုနိုင်စေရန် ၊ လုပ်ငန်းခွင် အနီးတွင် မော်တော်ဆိုင်ကယ်များ / မော်တော်ယာဉ်များ လာရောက်ရပ်နားခြင်း မပြုနိုင်စေရန် အစရှိသည်များနှင့်အကြောင်းအားလျော်စွာ လိုအပ်လာနိုင်မည့် အခြေအနေများတို့ကို " အကျိုးတူပူးပေါင်းဆောင်ရွက်သူ " က စီမံကိန်း လုပ်ငန်းမစတင်မီ အနည်းဆုံး(၇) ရက်ကြိုတင်ဖယ်ရှားပေးထားရန် တာဝန်ယူပါသည်။ကုန်ခြောက်သားငါးဈေး မြေနေရာ မြေကွက်လပ် မြေရှင်းလုပ်ငန်း ဆောင်ရွက်နေစဉ်နှင့်ပြီးစီးချိန်တွင် ဈေးကွက်ဆိုင်ရာစီမံမှုများ၊ အင်ဂျင်နီယာ လုပ်ငန်းတည်ဆောက်ရေး လုပ်ငန်းများဖြစ်သော မြေစမ်းသပ်ခြင်း (**Soil Test**) ၊ ရေစမ်းသပ်ခြင်း(**Water Test**)တို့ မှအပ ယာယီဈေးသစ်တည်ဆောက်ခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း ၊ လူသွားစင်္ကြံပြုလုပ်ခြင်း ၊ **11 KVA** လိုင်း **3 Phase** သွယ်တန်း တပ်ဆင်ခြင်း ၊ ထရန်စဖော်မာတပ်ဆင်ခြင်း ၊ အကြိုလုပ်ငန်းများဆောင်ရွက်ခြင်းတို့ကို လုပ်ငန်းလိုအပ်ချက်အရ " အကျိုးတူရင်းနှီးမြှုပ်နှံသူ " အား လုပ်ကိုင်ခွင့်ပြုရန် သဘောတူပါသည်။ "အကျိုးတူရင်းနှီးမြှုပ်နှံသူ " က ဦးစွာစိုက်ထုတ် ကုန်ကျခံဆောင်ရွက် ထားမည်ဖြစ်ပြီး နောက်ပိုင်း ကာလတွင် ဤစာချုပ်၏နောက်ဆက်တွဲ (စ) ပါ ခွဲဝေမှုဇယားအရ

(စိုင်းထွန်းထွန်း) (ဇော်လင်း) (စိုင်းဇော်ဇော်)

" အကျိုးတူပူးပေါင်းဆောင်ရွက်သူ " ဘက်က လုပ်ငန်းအပိုင်း (၁)မှ ခံစားခွင့်ရှိသည့် စည်ပင်မှုလုပ်ငန်းထဲမှ(မြေစမ်းသပ်ခြင်း ၊ ရေစမ်းသပ်ခြင်းမှအပ) ပြန်လည်ခုနှိမ်သွားရန် သဘောတူပါသည်။

၁၃။ မူလစာချုပ်၏ **လုပ်ငန်းရင်းနှီးမြှုပ်နှံမှု** ခေါင်းစဉ်အောက်ရှိအပိုဒ်(၁၄)အားပယ်ဖျက်၍ အောက်ပါစာပိုဒ်ဖြင့်အစားထိုးဖြည့်ဆင်ရမည် -

-၁၄။ ရင်းနှီးမြှုပ်နှံမှုဆိုသည်မှာ " အကျိုးတူရင်းနှီးမြှုပ်နှံသူ " မှ အဆောက်အဦတစ်ခုလုံး တည်ဆောက်ရန်အတွက် ကုန်ကျငွေအား အကုန်အကျခံရင်းနှီးမြှုပ်နှံမှုကိုဆိုသည်။ ဈေးကွက်ထဲမှာသော်လည်းကောင်း ၊ " အကျိုးတူရင်းနှီးမြှုပ်နှံသူ "၏ကိုယ်ပိုင် စိုက်ထုတ်မှု အရသော်လည်းကောင်း ၊ ဘဏ်ချေးငွေမှသော်လည်းကောင်း ၊ မတည်၍အကုန်အကျခံ စိုက်ထုတ်သော ငွေကြေးပမာဏ အရပ်ရပ်များကိုဆိုလိုသည်။ ဤစီမံကိန်း၏ ခန့်မှန်းရင်းနှီး ငွေပမာဏမှာတည်ဆောက်မှုဧရိယာစုစုပေါင်း(၅၂၈၆၆၅)စတုရန်းပေအတွက် ကျပ်(၁၃၂၁၆. ၆၂၅)သန်းဖြစ်ပါသည်။" အကျိုးတူရင်းနှီးမြှုပ်နှံသူ " မှ ရာနှုန်းပြည့် စိုက်ထုတ်၍ ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၄။ မူလစာချုပ်၏ **စီမံကိန်းတွင်ဆောင်ရွက်မည့်လုပ်ငန်းများ** ခေါင်းစဉ်အောက်ရှိအပိုဒ်(၁၆) **တည်ဆောက်ရေးလုပ်ငန်းအပိုင်း(၁)**အားပယ်ဖျက်၍ အောက်ပါစာပိုဒ်ဖြင့်အစားထိုးဖြည့်ဆင်ရမည် -

-၁၆။ **တည်ဆောက်ရေးလုပ်ငန်းအပိုင်း(၁)** ။ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) **စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်းများ**
(၁) ပင်မရေနုတ်မြောင်းလုပ်ငန်း ။
(၂) ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ။
(၃) လူသွားစင်္ကြံပြုလုပ်ခြင်းလုပ်ငန်း ။
(၄) ယာယီဈေး ၊ ယာယီရုံးခန်းနှင့်အခြားလုပ်ငန်းများ ။
(၅) (**11 KVA 3 Phase**) သွယ်တန်းခြင်းနှင့် ထရန်စဖော်မာတပ်ဆင်ခြင်း ။
(၆) ရေ ၊ မီလ္လာ ၊ သန့်ရှင်းရေး ၊ လျှပ်စစ် ၊ လုံခြုံရေးစနစ် ၊ မီးသတ်စနစ် အစရှိသည့် **Infrastructure** ကျန်လုပ်ငန်းများ ။

(စိုင်းထွန်းထွန်း) (ဇော်လင်း) (စိုင်းဇော်ဇော်)

(ခ) မြေအောက်ထပ်(၂)တည်ဆောက်ခြင်းလုပ်ငန်း(၃၉၈၆၄ စတုရန်းပေ) ။
(အများသုံးဧရိယာ ၇၁၁၆ စတုရန်းပေအပါအဝင်)

(ဂ) မြေအောက်ထပ်(၁)တည်ဆောက်ခြင်းလုပ်ငန်း (၄၉၀၅၀ စတုရန်းပေ) ။
(အများသုံးဧရိယာ ၉၈၇၀ စတုရန်းပေအပါအဝင်)

(ဃ) မြေညီထပ်တည်ဆောက်ခြင်းလုပ်ငန်း (၅၂၅၁၇ စတုရန်းပေ) ။
(အများသုံးဧရိယာ ၆၄၇၈ စတုရန်းပေအပါအဝင်)

(င) ပထမထပ်တည်ဆောက်ခြင်းလုပ်ငန်း(၄၉၄၅၆ စတုရန်းပေ) ။
(အများသုံးဧရိယာ ၆၇၁၈ စတုရန်းပေအပါအဝင်)

(စ) ဒုတိယထပ်တည်ဆောက်ခြင်းလုပ်ငန်း (၄၉၇၇၁ စတုရန်းပေ) ။
(အများသုံးဧရိယာ ၇၇၄၆ စတုရန်းပေအပါအဝင်)

(ဆ) တတိယထပ်တည်ဆောက်ခြင်းလုပ်ငန်း(၄၉၃၇၄ စတုရန်းပေ) ။
(အများသုံးဧရိယာ ၇၂၂၂ စတုရန်းပေအပါအဝင်)

(ဇ) စတုတ္ထထပ်တည်ဆောက်ခြင်းလုပ်ငန်း (၄၈၈၆၉ စတုရန်းပေ) ။
(အများသုံးဧရိယာ ၅၀၀၇ စတုရန်းပေအပါအဝင်)

အများသုံးဧရိယာ ၅၀၁၅၇ စတုရန်းပေအပါအဝင်စုစုပေါင်း = ၃၃၈၉၀၁ စ/ပေ

၁၅။ မူလစာချုပ်၏ **စီမံကိန်းတွင်ဆောင်ရွက်မည့်လုပ်ငန်းများ** ခေါင်းစဉ်အောက်ရှိအပိုဒ်(၁၇) **တည်ဆောက်ရေးလုပ်ငန်းအပိုင်း(၂)**အားပယ်ဖျက်၍ အောက်ပါစာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရမည် -

-၁၇။ **တည်ဆောက်ရေးလုပ်ငန်းအပိုင်း(၂)** ။ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပဉ္စမထပ်တည်ဆောက်ခြင်းလုပ်ငန်း(၃၅၂၇၇ စတုရန်းပေ) ။
(အများသုံးဧရိယာ ၂၂၆၁ စတုရန်းပေအပါအဝင်)

(ခ) ဆဋ္ဌမထပ်တည်ဆောက်ခြင်းလုပ်ငန်း(၂၅၈၅၁ စတုရန်းပေ) ။
(အများသုံးဧရိယာ ၂၃၉၇ စတုရန်းပေအပါအဝင်)

(ဂ) သတ္တမထပ်တည်ဆောက်ခြင်းလုပ်ငန်း(၂၇၈၁၄ စတုရန်းပေ) ။
(အများသုံးဧရိယာ ၂၁၀၂ စတုရန်းပေအပါအဝင်)

(စိုင်းထွန်းထွန်း) (ဇော်လင်း) (စိုင်းဇော်ဇော်)

(ယ) အဌမထပ်တည်ဆောက်ခြင်းလုပ်ငန်း(၂၇၈၁၄ စတုရန်းပေ) ။
(အများသုံးဧရိယာ ၂၁၀၂ စတုရန်းပေအပါအဝင်)

(င) နဝမထပ်တည်ဆောက်ခြင်းလုပ်ငန်း (၂၇၈၁၄ စတုရန်းပေ) ။
(အများသုံးဧရိယာ ၂၁၀၂ စတုရန်းပေအပါအဝင်)

(စ) ဒသမထပ်တည်ဆောက်ခြင်းလုပ်ငန်း(၂၇၈၁၄ စတုရန်းပေ) ။
(အများသုံးဧရိယာ ၂၁၀၂ စတုရန်းပေအပါအဝင်)

(ဆ) (၁၁)ထပ် **Penthouse** ဧရိယာတည်ဆောက်ခြင်းလုပ်ငန်း(၁၇၃၈၀ စတုရန်းပေ)။
(အများသုံးဧရိယာ ၂၆၅၁ စတုရန်းပေအပါအဝင်)

အများသုံးဧရိယာ ၁၅၇၁၇ စတုရန်းပေအပါအဝင်စုစုပေါင်း = ၁၈၉၇၆၄ စ/ပေ (အပိုင်း(၁) ၊ အပိုင်း(၂)တွင်အများသုံးဧရိယာ ၆၅၈၇၄ စတုရန်းပေအပါအဝင်စုစုပေါင်းဧရိယာ ၅၂၈၆၆၅ စတုရန်းပေပါဝင်သည်။)

(ဇ) ရေ ၊ မိလ္လာ ၊ သန့်ရှင်းရေး ၊ လျှပ်စစ် ၊ လုံခြုံရေးစနစ် ၊ မီးသတ်စနစ်အစရှိသည့် **Infrastructure** ကျန်လုပ်ငန်းများ ။

၁၆။ မူလစာချုပ်၏ **စည်ပင်မှုလုပ်ငန်းများ** ခေါင်းစဉ်အောက်ရှိအပိုဒ်(၁၈)အား ပယ်ဖျက်၍ အောက်ပါစာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရမည် -

-၁၈။ အဆောက်အဦတွင် လျှပ်စစ်ရရှိရေးလုပ်ငန်းများ ၊ စည်ပင်မှုလုပ်ငန်းများအားလုံးနှင့် သက်ဆိုင်သည့်လုပ်ငန်းများဖြစ်သည့် ရေရရှိရေးလုပ်ငန်းများ၊ ရေနှင့်သန့်ရှင်းမှုဆိုင်ရာ လုပ်ငန်းများ ၊ အဆောက်အဦဝန်းကျင် ကွန်ကရစ်လမ်းခင်းခြင်း ၊ ပလက်ဖောင်း ၊ ရေမြောင်းနှင့်လူသွားစင်္ကြံပြုလုပ်ခြင်း ၊ ယာယီဈေးတည်ဆောက်ခြင်း ၊ ရေဆင်းမြောင်းလုပ်ငန်းတို့ကို စည်ပင်မှုလုပ်ငန်းများအဖြစ်သတ်မှတ်ရန် သဘောတူကြပါသည်။

၁၇။ မူလစာချုပ်၏ **လုပ်ငန်းအပ်နှံသူ၏တာဝန်များ** ခေါင်းစဉ်အောက်ရှိ အပိုဒ်(၁၉)တွင် အပိုဒ်ခွဲ (၎)အဖြစ် အောက်ပါစာပိုဒ်အား ထပ်တိုးဖြည့်စွက်ရမည် -

-၁၉(၎)။ မြေညီထပ်တွင် " အကျိုးတူရင်းနှီးမြုပ်နှံသူ " က တည်ဆောက်သော မူလဈေးဆိုင်ခန်း (၄၆၆)ခန်းအပြင် ပိုမိုထွက်ရှိလာသောဆိုင်ခန်းများကို " အကျိုးတူရင်းနှီးမြုပ်နှံသူ "

(စိုင်းထွန်းထွန်း) (ဇော်လင်း) (စိုင်းဇော်ဇော်)

ကမိမိအစီအစဉ်ဖြင့် လွတ်လပ်စွာရောင်းချခွင့်ရရှိမည်။ ရောင်းချပြီးသော ဆိုင်ခန်းများကို“ အကျိုးတူပူးပေါင်းဆောင်ရွက်သူ ” ထံသို့ လွှဲပြောင်းအပ်နှံရမည်။ လွှဲပြောင်းအပ်နှံပြီးသော ဆိုင်ခန်းများအား “ အကျိုးတူပူးပေါင်းဆောင်ရွက်သူ ”မှစျေးဆိုင်ခန်းမှတ်ပုံတင်စာရင်းတွင်ရေးသွင်း၍ လစဉ်ဆိုင်ခန်းငှားရမ်းခများ စည်းကြပ်ကောက်ခံရမည်။

၁၈။ မူလစာချုပ်၏ **လုပ်ငန်းလက်ခံသူ၏တာဝန်များ** ခေါင်းစဉ်အောက်ရှိအပိုဒ် (၂၀) အပိုဒ်ခွဲ (က) အားပယ်ဖျက်၍ အောက်ပါစာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရမည် -

- ၂၀ (က)။ မူလကုန်ခြောက်သားငါးဈေးရှိ ဈေးဆိုင်ခန်းစုစုပေါင်း(၄၆၆)ခန်းအား တောင်ကြီးရှော့ပင်းစင်တာ(**Taunggyi Shopping Center**)တည်ဆောက်ရာတွင်မူလပိုင်ရှင်များအားမြေညီထပ်၌ (၄၄၃)ခန်းနှင့် မြေအောက်ထပ်(၁)တွင် အသားရောင်းဆိုင်ခန်း(၂၃)ခန်းတို့ကို သတ်မှတ်ပုံစံအတိုင်းတည်ဆောက်ပေးပြီးအခမဲ့ ပြန်လည်ပေးအပ်ရန် သဘောတူပါသည်။

၁၉။ မူလစာချုပ်၏ **လုပ်ငန်းလက်ခံသူ၏တာဝန်များ** ခေါင်းစဉ်အောက်ရှိအပိုဒ် (၂၀) တွင် အပိုဒ်ခွဲ (၃)နှင့် (ဎ)တို့အားထပ်တိုးဖြည့်စွက်ရမည် -

- ၂၀ (၃)။ တောင်ကြီးရှော့ပင်းစင်တာ၏မြေအောက်ထပ်(၁)နှင့်(၂)ရှိကားရပ်နားရန်နေရာအသုံးပြုခွင့်နှင့် သန့်စင်ခန်းများအသုံးပြုခွင့်လုပ်ငန်းများကို “ အကျိုးတူရင်းနှီးမြှုပ်နှံသူ ”မှ လုပ်ကိုင်ခွင့်ရရှိမည်။ ထိုသို့လုပ်ကိုင်ခွင့်အတွက် “ အကျိုးတူပူးပေါင်းဆောင်ရွက်သူ ”အား နှစ်စဉ်သတ်မှတ်သည့်လိုင်စင်ကြေးပေးသွင်းရမည်။

  (ဎ) ခေါင်မိုးအထပ်(Roof Slabs)များအား ပိုင်ဆိုင်မှုနှင့်စီမံခန့်ခွဲခြင်း ၊ ပြင်ဆင်ထိန်းသိမ်းမှု ၊ ဝန်ဆောင်မှုများဆောင်ရွက်ခွင့်ရရှိမည်။

၂၀။ မူလစာချုပ်၏ **လုပ်ငန်းပြီးဆုံးရက်** ခေါင်းစဉ်အောက်ရှိအပိုဒ်(၂၆) အားပယ်ဖျက်၍ အောက်ပါစာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရမည် -

- ၂၆။ လုပ်ငန်းစတင်သည့်ရက်မှ အပိုင်း(၁)တည်ဆောက်ရေးလုပ်ငန်း(၁)နှစ်(၅)လ(၂၄)ရက်တာကာလ(၇ - ၁၀ - ၂၀၁၄ ရက်နေ့မှ ၃၁ - ၃ - ၂၀၁၆ ရက်နေ့အထိ)၊ အပိုင်း (၂)တည်ဆောက်ရေးလုပ်ငန်း (၁)နှစ်(၆)လ(၆)ရက်တာကာလ (၁ - ၄ - ၂၀၁၆

(စိုင်းထွန်းထွန်း) (ဇော်လင်း) (စိုင်းဇော်ဇော်)

အခွန်တံဆိပ်ခေါင်း
REVENUE STAMP
ငါးရာကျပ် K 500

ရက်နေ့မှ ၇ - ၁၀ - ၂၀၁၇)ရက်နေ့အထိ၊ စုစုပေါင်း(၃)နှစ်တာ ကာလအတွင်း ဤစာချုပ်၏အစိတ်အပိုင်းအဖြစ် ပူးတွဲထားသည့်နောက်ဆက်တွဲ (ဇ)(**Construction Execution Plan**) တွင်ပါဝင်သည့်(Schedule)အတိုင်း အဆောက်အဦများအားလုံး ဆောက်လုပ်ပြီးစီးစေရမည်။

၂၁။ မူလစာချုပ်၏ **အကျိုးအမြတ်ခွဲဝေမှု** ခေါင်းစဉ်အောက်ရှိအပိုဒ်(၂၈) အားပယ်ဖျက်၍ အောက်ပါစာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရမည် -

-၂၈။ အကျိုးအမြတ်ကို ကြမ်းခင်းဧရိယာများ ၊ လုပ်ငန်းများဖြင့်သတ်မှတ်ပြီး အောက်ပါအတိုင်း ခွဲဝေရရှိပါသည် -

(က) " အကျိုးတူပူးပေါင်းဆောင်ရွက်သူ " ၏ အကျိုးခံစားခွင့်

(၁) အပိုင်း(၁)တည်ဆောက်ရေးလုပ်ငန်း (ကျပ်သန်း)

(ကက)	မြေအောက်ထပ်(၂)၊ကားရပ်နားရန်နေရာ (၃၂၇၄၈ စ / ပေ × ၂၅၀၀ဝိ / - နှုန်း)	= ၈၁၈. ၇၀
(ခခ)	မြေအောက်ထပ်(၁)အသားရောင်းဆိုင်များ (၉၇၅၈ စ / ပေ × ၂၅၀၀ဝိ / - နှုန်း)	= ၂၄၃. ၉၅
(ဂဂ)	မြေညီထပ် ၊ မူလဆိုင်ခန်း(၄၆၆)ခန်း အတွက် (၃၄၉၀၆ စ / ပေ × ၂၅၀၀ဝိ / - နှုန်း)	= ၈၇၂. ၆၅
(ဃဃ)	ပင်မရေနှုတ်မြောင်း ၊ ကွန်ကရစ်လမ်း ခင်းခြင်း ၊ လူသွားစင်္ကြံများပြုလုပ်ခြင်း ၊ ယာယီဈေးဆောက်လုပ်ခြင်း ၊ ရှင်းလင်း ဆောင်နှင့်အခြားအသုံးစရိတ်များ	= ၅၉၁. ၂၁
(ငင)	ရှမ်းပြည်နယ်အစိုးရအဖွဲ့ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းခြင်း (၅%)	= ၃၆၀. ၉၃
(စစ)	**အပိုင်း(၁)တည်ဆောက်ရေးလုပ်ငန်း အတွက်ရရှိသော အကျိုးအမြတ် ရာခိုင်နှုန်း**	**= ၄၀%**

(စိုင်းထွန်းထွန်း) (ဇော်လင်း) (စိုင်းဇော်ဇော်)

အခွန်တံဆိပ်ခေါင်း
REVENUE STAMP
K 600

(ဆဆ) အပိုင်း(၁)တည်ဆောက်ရေးလုပ်ငန်း = ၂၈၈၇. ၄၄
အတွက်ရရှိသော အကျိုးအမြတ်
တန်ဖိုး

(၂) အပိုင်း(၂)တည်ဆောက်ရေးလုပ်ငန်း (ကျပ်သန်း)

(ကက) ပဉ္စမထပ် အခန်းကျယ် = ၂၆၅. ၅၅
(၁၀၆၂၂ စ / ပေ × ၂၅၀၀၀ိ / - နှုန်း)

(ခခ) ဆဋ္ဌမထပ် အခန်းကျယ် = ၂၆၃. ၁၇၅
(၁၀၅၂၇ စ / ပေ × ၂၅၀၀၀ိ / - နှုန်း)

(ဂဂ) သတ္တမထပ်အခန်းကျယ် = ၂၉၇. ၅၇၅
(၁၁၉၀၃ စ / ပေ × ၂၅၀၀၀ိ / - နှုန်း)

(ဃဃ) အဋ္ဌမထပ်အခန်းကျယ် = ၄၃. ၉၃၅
(၁၇၅၇. ၄ စ / ပေ × ၂၅၀၀၀ိ / - နှုန်း)

(ငင) အပိုင်း (၂) တည်ဆောက်ရေး = ၂၀ %
လုပ်ငန်းအတွက်ရရှိသောအကျိုး
အမြတ်ရာခိုင်နှုန်း

(စစ) အပိုင်း (၂) တည်ဆောက်ရေး = ၈၇၀. ၂၃၅
လုပ်ငန်းအတွက်ရရှိသော အကျိုး
အမြတ်တန်ဖိုး

(၃) စီမံကိန်းအပိုင်း(၁)တည်ဆောက်ရေးလုပ်ငန်းအတွက် ငွေကျပ် (၂၈၈၇. ၄၄) သန်း ၊ အပိုင်း (၂)တည်ဆောက်ရေးလုပ်ငန်းတွင် ငွေကျပ် (၈၇၀. ၂၃၅) သန်း ၊ စုစုပေါင်းငွေကျပ် (၃၇၅၇. ၆၇၅)သန်း တန်ဖိုး ရရှိမည်။ ထိုတန်ဖိုးတွင် ကြမ်းခင်းဧရိယာ(၁၁၂၂၀. ၄)စတုရန်းပေ ပါဝင်ရှိပါသည်။

(ခ) " အကျိုးတူရင်းနှီးမြှုပ်နှံသူ " ၏ အကျိုးခံစားခွင့်

(၁) အပိုင်း(၁)တည်ဆောက်ရေးလုပ်ငန်း (ကျပ်သန်း)

(ကက) မြေအောက်ထပ်(၁)ကားရပ်နားရန်နေရာ = ၇၃၅. ၅၅
(၂၉၄၂၂ စ / ပေ × ၂၅၀၀၀ိ / - နှုန်း)

(စိုင်းထွန်းထွန်း) (ဇော်လင်း) (စိုင်းဇော်ဇော်)

(ခခ) မြေညီထပ် = ၂၇၈.၃၂၅
(၁၁၁၃၃ စ / ပေ × ၂၅၀၀ဝိ / - နှုန်း)
(ဂဂ) ပထမထပ် ၊ ကုန်တိုက်များ = ၁၀၆၈.၄၅
(၄၂၇၃၈ စ / ပေ × ၂၅၀၀ဝိ / - နှုန်း)
(ဃဃ) ဒုတိယထပ် ၊ ကုန်တိုက်များ = ၁၀၅၀.၆၂၅
(၄၂၀၂၅ စ / ပေ × ၂၅၀၀ဝိ / - နှုန်း)
(ငင) တတိယထပ် ၊ ကုန်တိုက်များ = ၁၀၅၃.၈၀
(၄၂၁၅၂ စ / ပေ × ၂၅၀၀ဝိ / - နှုန်း)
(စစ) စတုတ္ထထပ် ၊ ကုန်တိုက်များ = ၁၀၉၆.၅၅
(၄၃၈၆၂ စ / ပေ × ၂၅၀၀ဝိ / - နှုန်း)
(ဆဆ) ငွေသားဖြင့်ပြန်လည်ပေးချေခြင်း =(-)၉၅၂.၁၄
(ဇဇ) **အပိုင်း(၁)တည်ဆောက်ရေးလုပ်ငန်း = ၆၀ %**
အတွက်ရရှိသော အကျိုးအမြတ်
ရာခိုင်နှုန်း
(ဈဈ) **အပိုင်း(၁)တည်ဆောက်ရေးလုပ်ငန်း** = ၄၃၃၁.၁၆
အတွက်ရရှိသော အကျိုးအမြတ်
တန်ဖိုး

(၂) **အပိုင်း(၂)တည်ဆောက်ရေးလုပ်ငန်း (ကျပ်သန်း)**

(ကက) ပဥ္စမထပ်အခန်းကျယ် = ၅၅၉.၈၅
(၂၂၃၉၄ စ/ပေ × ၂၅၀၀ဝိ/- နှုန်း)
(ခခ) ဆဋ္ဌမထပ် အခန်းကျယ် = ၃၂၃.၁၇၅
(၁၂၉၂၇ စ/ပေ × ၂၅၀၀ဝိ/- နှုန်း)
(ဂဂ) သတ္တမထပ် အခန်းကျယ် = ၃၄၅.၂၂၅
(၁၃၈၀၉ စ/ပေ × ၂၅၀၀ဝိ/- နှုန်း)
(ဃဃ) အဋ္ဌမထပ် အခန်းကျယ် = ၅၉၈.၈၆၅
(၂၃၉၅၄.၆ စ/ပေ × ၂၅၀၀ဝိ/-နှုန်း)

(စိုင်းထွန်းထွန်း) (ဇော်လင်း) (စိုင်းဇော်ဇော်)

(cc) နဝမထပ် အခန်းကျယ် = ၆၄၂. ၈၀
(၂၅၇၁၂ စ / ပေ × ၂၅၀၀၀ိ / - နှုန်း)
(စစ) ဒသမထပ် အခန်းကျယ် = ၆၄၂. ၈၀
(၂၅၇၁၂ စ / ပေ × ၂၅၀၀၀ိ / - နှုန်း)
(ဆဆ) (၁၁)ထပ် Penthouse ဧရိယာ = ၃၆၈. ၂၂၅
(၁၄၇၂၉ စ / ပေ × ၂၅၀၀၀ိ / - နှုန်း)
(ဇဇ) **အပိုင်း(၂)တည်ဆောက်ရေးလုပ်ငန်း = ၈၀ %**
အတွက်ရရှိသော အကျိုးအမြတ်
ရာခိုင်နှုန်း
(ဈဈ) **အပိုင်း(၂)တည်ဆောက်ရေးလုပ်ငန်း = ၃၄၈၀. ၉၄**
အတွက်အကျိုးအမြတ်တန်ဖိုး

(၃) အကျိုးအမြတ်ခွဲဝေမှုအရ လက်ခံရရှိသည့် အထပ်များနှင့် အခန်းများကို " အကျိုးတူပူးပေါင်းဆောင်ရွက်သူ "နှင့်" အကျိုးတူရင်းနှီးမြှုပ်နှံသူ " တို့သည် ကြိုတင်၍ ရောင်းချခြင်း၊လုပ်ငန်းပြီးစီးချိန်တွင်ရောင်းချခြင်း (သို့မဟုတ်) အငှားချထားခြင်းများဆောင်ရွက်နိုင်ခွင့်ရှိမည်။ထို့အတွက် " အကျိုးတူပူးပေါင်းဆောင်ရွက်သူ " မှ လိုအပ်သည်များပံ့ပိုးကူညီရန် သဘောတူကြပါသည် ။

(၄) စီမံကိန်းလုပ်ငန်းတည်ဆောက်ရေးကုန်ကျစရိတ်အပေါ်တွင် ခွဲဝေသောရင်းနှီးမြှုပ်နှံမှု နှင့်အကျိုးအမြတ်အရ " အကျိုးတူရင်းနှီးမြှုပ်နှံသူ " မှ ရင်းနှီးမြှုပ်နှံမှုအပေါ် အပိုင်း (၁) တည်ဆောက်ရေးလုပ်ငန်းတွင် ငွေကျပ်(၄၃၃၁. ၁၆)သန်းတန်ဖိုးရှိ ကြမ်းခင်းဧရိယာ (၂၁၃၃၂)စတုရန်းပေ ၊ အပိုင်း(၂)တည်ဆောက်ရေးလုပ်ငန်းတွင်ငွေကျပ်(၃၄၈၀. ၉၄)သန်းတန်ဖိုးရှိ ကြမ်းခင်းဧရိယာ(၁၃၉၂၃၇. ၆) စတုရန်းပေ ၊ စုစုပေါင်းငွေကျပ်(၇၈၁၂. ၁)သန်း တန်ဖိုးရှိ ကြမ်းခင်းဧရိယာ (၃၅၈၅၆၉. ၆)စတုရန်းပေအား နောက်ဆက်တွဲ (စ)ဇယားအတိုင်းရရှိမည်။

၂၂။ မူလစာချုပ်၏ လုပ်ငန်းပြီးစီး၍အပ်နှံခြင်းခေါင်းစဉ်အောက်ရှိအပိုဒ် (၃၅)အား ပယ်ဖျက်၍ အောက်ပါစာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရမည် -

(စိုင်းထွန်းထွန်း) (ဇော်လင်း) (စိုင်းဇော်ဇော်)

အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၅၀၀ကျပ်　ငွေငါးရာကျပ်　K 500

-၃၅။ Taunggyi Shopping Center အဆောက်အဦသည် သဘာဝဘေးအန္တရာယ်များဖြစ်သည့် ရေဘေး ၊ မီးဘေး ၊ လေဘေး ၊ မြေငလျင်ဘေးများကြောင့် အဆောက်အဦပြိုကျပျက်စီးပါက ပြန်လည်တည်ဆောက်နိုင်ရေးအတွက် " အကျိုးတူရင်းနှီးမြှုပ်နှံသူ " အား ဆောင်ရွက်ခွင့်ပြုရန် သဘောတူညီပါသည်။ ပြန်လည်အသစ်တည်ဆောက်သည့် အဆောက်အဦတွင် မူလဆိုင်ခန်းပိုင်ရှင်များ ၊ မူလတိုက်ခန်းပိုင်ရှင်များပြန်လည်နေရာချထားပေးရန်" အကျိုးတူပူးပေါင်းဆောင်ရွက်သူ " နှင့် " အကျိုးတူရင်းနှီးမြှုပ်နှံသူ " တို့က သဘောတူညီပါသည်။

၂၃။ မူလစာချုပ်၏ **စာချုပ်ရပ်စဲခြင်း**ခေါင်းစဉ်အောက်ရှိ အပိုဒ် (၃၉)အပိုဒ်ခွဲ (ဂ)အားပယ်ဖျက်ရမည်။

၂၄။ မူလစာချုပ်၏ **အကြောင်းကြားဆက်သွယ်ခြင်း** ခေါင်းစဉ်အောက်ရှိ အပိုဒ် (၄၂)အပိုဒ်ခွဲ (က)(ခ)အားပယ်ဖျက်၍ အောက်ပါစာပိုဒ်ဖြင့် အစားထိုးဖြည့်ဆည်းရမည် -

-၄၂။ " အကျိုးတူပူးပေါင်းဆောင်ရွက်သူ "နှင့် " အကျိုးတူရင်းနှီးမြှုပ်နှံသူ " တို့သည် စာဖြင့် အကြောင်းကြား ဆက်သွယ်ရန် အကြောင်းပေါ်ပေါက်လျှင် အောက်ပါလိပ်စာအတိုင်း အကြောင်းကြားဆက်သွယ်မှုပြုလုပ်ရမည် -

(က) အကျိုးတူပူးပေါင်းဆောင်ရွက်သူ

(၁) ဦးစိုင်းထွန်းထွန်း	ညွှန်ကြားရေးမှူး	ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန
(၂) ဦးအေးကို	ဒုတိယညွှန်ကြားရေးမှူး	တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန

(ခ) အကျိုးတူရင်းနှီးမြှုပ်နှံသူ

(၁) ဦးဇော်လင်း	မန်နေဂျင်းဒါရိုက်တာ	အမှတ်(၈/၁၁) ကမ္ဘောဇလမ်း၊ ရေအေးကွင်းရပ်ကွက် တောင်ကြီးမြို့

(စိုင်းထွန်းထွန်း)　(ဇော်လင်း)　(စိုင်းဇော်ဇော်)

အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၆၀၀ကျပ် ခြောက်ရာကျပ် K 600

(၂) ဦးစိုင်းဇော်ဇော် ဒါရိုက်တာ အမှတ်(၃၄/၅)
ရက်ကန်းကျောင်းလမ်း ၊
ရေအေးကွင်းရပ်ကွက် ၊
တောင်ကြီးမြို့

၂၅။ ဤပြင်ဆင်ချက်စာချုပ်သည် နှစ်ဦးနှစ်ဖက်လက်မှတ်ရေးထိုးသည့်နေ့မှစ၍ မူလစာချုပ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ်အတည်ဖြစ်စေရမည်။

၂၆။ ဤပြင်ဆင်ချက်စာချုပ်ပါစည်းကမ်းချက်များမှအပ ကျန်စည်းကမ်းချက်များမှာ မူလစာချုပ်ပါအတိုင်း ပြောင်းလဲခြင်းမရှိ ဆက်လက်တည်မြဲအကျိုးသက်ရောက်စေရမည်။

ဤစာချုပ်ကိုအောက်ပါအသိသက်သေများရှေ့မှောက်၌ ၂၀၁၆ခုနှစ် ၊ မတ်လ ၂၅ ရက်နေ့တွင် လက်မှတ်ရေးထိုးချုပ်ဆိုမှု ပြုကြပါသည်။

အကျိုးတူပူးပေါင်းဆောင်ရွက်သူ	အကျိုးတူရင်းနှီးမြှုပ်နှံသူ
(ကိုယ်စား)	(ကိုယ်စား)
၁။ ဦးစိုင်းထွန်းထွန်း	၁။ ဦးဇော်လင်း
အတွင်းရေးမှူး	မန်နေဂျင်းဒါရိုက်တာ
ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ	မှတ်ပုံတင်အမှတ်၊
တောင်ကြီးမြို့	၁၃/တကန(နိုင်)၀၀၃၂၃၂
	သီဟဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ
	လီမိတက် ၊ တောင်ကြီးမြို့

(စိုင်းထွန်းထွန်း) (ဇော်လင်း) (စိုင်းဇော်ဇော်)

အကျိုးတူရင်းနှီးမြှုပ်နှံသူ
(ကိုယ်စား)

၂။ ဦးစိုင်းဇော်ဇော်
ဒါရိုက်တာ
မှတ်ပုံတင်အမှတ်၊
၁၃/တကန(နိုင်)၀၁၀၂၁၆
သီဟာဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ
လီမိတက် ၊ တောင်ကြီးမြို့

အသိသက်သေများ

၁။ ဦးသန့်စင်
ခရိုင်အုပ်ချုပ်ရေးမှူး
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
တောင်ကြီးမြို့

၁။ ဦးအောင်စိန်
အထွေထွေမန်နေဂျာ
၁၃/ဥကတ(နိုင်)၁၀၆၆၆၇
သီဟာဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ
လီမိတက် ၊ တောင်ကြီးမြို့

၂။ ဦးစွန်ကြိုင်
ဥက္ကဋ္ဌ
မြို့နယ်စည်ပင်သာယာရေးကော်မတီ
တောင်ကြီးမြို့

၂။ ဒေါ်နန်းမိုဟွမ်
မန်နေဂျာ
၁၃/မဆတ(နိုင်)၁၃၁၈၂၈
သီဟာဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ
လီမိတက် ၊ တောင်ကြီးမြို့

(စိုင်းထွန်းထွန်း) (ဇော်လင်း) (စိုင်းဇော်ဇော်)

အခွန်တံဆိပ်ခေါင်း
REVENUE STAMP
ငွေငါးရာကျပ်
၅၀၀ ကျပ် K 600

အသိသက်သေများ

၃။ ဦးစိုင်းအောင်ဆာ
ဥက္ကဋ္ဌ
မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး
အထောက်အကူပြုကော်မတီ
တောင်ကြီးမြို့

၃။ ဒေါ်နန်းရွှေကြည်
လက်ထောက်မန်နေဂျာ
၁၃/ညရန(နိုင်)၀၈၉၈၉၈
သီဟာဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ
လီမိတက် ၊ တောင်ကြီးမြို့

၄။ ဦးအေးကို
အတွင်းရေးမှူး
မြို့နယ်စည်ပင်သာယာရေးကော်မတီ
တောင်ကြီးမြို့

(စိုင်းထွန်းထွန်း) (ဇော်လင်း) (စိုင်းဇော်ဇော်)

စီမံကိန်းရင်းနှီးမြှုပ်နှံမှု

အကျိုးတူပူးပေါင်းဆောင်ရွက်မှု စည်ပင်သာယာမှ ခွဲဝေရရှိသည့် ကြမ်းခင်းဧရိယာနှင့်ငွေသားပမာဏပြဇယား

အပိုင်း (၁)

စဉ်	ကြမ်းခင်းဧရိယာတန်ကျစရိတ်ပေါ် တွင်ခွဲဝေရရှိသည့်အကျိုးအမြတ်		ကျပ်(သန်း)
၁	မြေအောက်ထပ်(၂)ကားရပ်နားရန်နေရာ (၃၂၇၄၈ စတုရန်းပေ × ၂၅၀၀၀ ကျပ်နှုန်း)		၈၁၈.၇
၂	မြေအောက်ထပ်(၁) အမဲ၊ဆိတ်၊ဝက်သားရုံများ (၉၇၅၈ စတုရန်းပေ × ၂၅၀၀၀ ကျပ်နှုန်း)		၂၄၃.၉၅
၃	မြေညီထပ်(မူလဆိုင်ခန်း ၄၄၆ခန်း) (၃၄၉၀၆ စတုရန်းပေ × ၂၅၀၀၀ ကျပ်နှုန်း)		၈၇၂.၆၅
	အပိုင်း(၁)ဧရိယာ (၇၇၄၁၂ စတုရန်းပေ)အတွက် အကျိုးအမြတ်ပေါင်း (၂၆.၈၁%)		၁၉၃၅.၃
စဉ်	**ငွေသားဖြင့်ရရှိသည့်အကျိုးအမြတ်ခွဲဝေမှုပြဇယား**		**ကျပ်(သန်း)**
၄	လိုအပ်သောကြမ်းခင်းဧရိယာအတွက်ကုမ္ပဏီမှငွေသားဖြင့်ပေးချေသည့်တန်ဖိုး	၁၃.၁၉%	၉၅၂.၁၄
	(က) ရှမ်းပြည်နယ်အစိုးရဘဏ္ဍာရုံပုံငွေသို့ထည့်ဝင်ငွေ (၅%)	(၃၆၀.၉၃)	
	(ခ) စည်ပင်မှုလုပ်ငန်းများအတွက်ကုမ္ပဏီမှစိုက်ထုတ်ပေးအပ်သောငွေပမာဏ ပင်မရေနုတ်မြောင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ လူသွားစင်္ကြံ ပြုလုပ်ခြင်း၊ ယာယီဈေးတည်ဆောက်ခြင်း၊ အခြားလုပ်ငန်းများ၊ အခြားအသုံးစရိတ်များ၊	(၅၉၁.၂၁)	
	ကြမ်းခင်းဧရိယာ တန်ကျစရိတ်နှင့် ငွေသားနှစ်ရပ်ပေါင်းပေးအပ်သော ရာခိုင်နှုန်းနှင့် အကျိုးအမြတ်	၄၀%	၂၈၈၇.၄၄

အပိုင်း (၂)

စဉ်	ကြမ်းခင်းဧရိယာတန်ကျစရိတ်ပေါ် တွင် ပေးအပ်သောအကျိုးအမြတ်		ကျပ်(သန်း)
၁	ပဥ္စမထပ် (၁၀၆၂၂ စတုရန်းပေ × ၂၅၀၀၀ ကျပ်နှုန်း)		၂၆၅.၅၅
၂	ဆဋ္ဌမထပ် (၁၀၅၂၇ စတုရန်းပေ × ၂၅၀၀၀ ကျပ်နှုန်း)		၂၆၃.၁၇၅
၃	သတ္တမထပ် (၁၁၉၀၃ စတုရန်းပေ × ၂၅၀၀၀ ကျပ်နှုန်း)		၂၉၇.၅၇၅
၄	အဋ္ဌမထပ် (၁၇၅၇.၄ စတုရန်းပေ × ၂၅၀၀၀ ကျပ်နှုန်း)		၄၃.၉၃၅
	ကြမ်းခင်းဧရိယာ (၃၄၈၀၉.၄)စတုရန်းပေအတွက်စည်ပင်သာယာ၏ အကျိုးခံစားခွင့်	၂၀%	၈၇၀.၂၃၅

အကျိုးအမြတ်ခွဲဝေခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုအကျဉ်းချုပ်ပြဇယား

စဉ်	အကြောင်းအရာ	အပိုင်း (၁)	ရာခိုင်နှုန်း	အပိုင်း (၂)	ရာခိုင်နှုန်း	စုစုပေါင်း
၁	စည်ပင်သာယာ၏ကြမ်းခင်းဧရိယာနှင့်ငွေသားနှစ်ရပ်ပေါင်း	၂၅၂၆.၅၁	၃၅ %	၈၇၀.၂၃၅	၂၀%	၃၃၉၆.၇၄၅
၂	ရှမ်းပြည်နယ်အစိုးရဘဏ္ဍာရုံပုံငွေသို့ထည့်ဝင်ငွေ(၅%)	၃၆၀.၉၃	၅ %	*	*	၃၆၀.၉၃
၃	သီဟဖွံ့ဖြိုးရေးကုမ္ပဏီမှရယူသောနေရာများ၏ရင်းနှီးမြှုပ်နှံမှု	၄၃၃၁.၁၆	၆၀ %	၃၄၈၀.၉၄	၈၀%	၇၈၁၂.၁
	စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ	၇၂၁၈.၆	၁၀၀ %	၄၃၅၁.၁၇၅	၁၀၀ %	၁၁၅၆၉.၇၇၅

စုစုပေါင်းတည်ဆောက်ဧရိယာ	၄၆၂၇၉၁ စတုရန်းပေ

* အပိုင်း(၂) ရှမ်းပြည်နယ်အစိုးရဘဏ္ဍာရုံပုံငွေ (၅%) ကျပ်သန်း(၂၁၇.၅၅၈၇၅)အား စည်ပင်သာယာမှ ကျပ်သန်း(၁၀၈.၇၇၉)နှင့် သီဟဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီမှ ကျပ်သန်း(၁၀၈.၇၇၉) အား သီးခြားအစီအစဉ်ဖြင့် ပေးသွင်းကြရန်ဖြစ်သည်။

<u>အကျိုးတူခွဲဝေမှုပြဇယား</u> နောက်ဆက်တွဲ (စ)

အကျိုးတူရင်းနှီးမြှုပ်နှံသူသီဟဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီမှခွဲဝေရယူမည့်ကြမ်းခင်းဧရိယာနှင့်ရင်းနှီးမြှုပ်နှံမှုပြဇယား

စဉ်	ခွဲဝေယူမည့်နေရာများ၏ ရင်းနှီးမြှုပ်နှံမှု		ကျပ်(သန်း)
၁	မြေအောက်ထပ်(၁)ကားရပ်နားရန်နေရာ (၂၈၉၄၂ စတုရန်းပေ × ၂၅၀၀၀ ကျပ်နှုန်း)		၇၂၃. ၅၅
၂	မြေညီထပ်ဧရိယာ (၁၁၁၃၃ စတုရန်းပေ × ၂၅၀၀၀ ကျပ်နှုန်း)		၂၇၈. ၃၂၅
၃	ပထမထပ် (ကုန်တိုက်များ) (၄၂၇၃၈ စတုရန်းပေ × ၂၅၀၀၀ ကျပ်နှုန်း)		၁၀၆၈. ၄၅
၄	ဒုတိယထပ် (ကုန်တိုက်များ) (၄၂၀၂၅ စတုရန်းပေ × ၂၅၀၀၀ ကျပ်နှုန်း)		၁၀၅၀. ၆၂၅
၅	တတိယထပ် (ကုန်တိုက်များ) (၄၂၁၅၂ စတုရန်းပေ × ၂၅၀၀၀ ကျပ်နှုန်း)		၁၀၅၃. ၈
၆	စတုတ္ထထပ် (ကုန်တိုက်များ) (၄၃၈၆၂ စတုရန်းပေ × ၂၅၀၀၀ ကျပ်နှုန်း)		၁၀၉၆. ၅၅
သီဟတူမှုကာ၏ ကြမ်းခင်းဧရိယာ(၂၁၀၃၃၂ စတုရန်းပေ) အတွက်ရရှိမည့် အကျိုးအမြတ်		၇၃. ၁၉%	၃၂၈၃. ၃
စည်ပင်၏လိုအပ်သောကြမ်းခင်းဧရိယာအတွက်ကုမ္ပဏီမှပေးချေသည့်ငွေသားနှင့်ရာခိုင်နှုန်း		(၁၃. ၁၉%)	(၉၅၂. ၁၄)
အကျိုးအမြတ်ခွဲဝေရန်အသေးတွက်ထားသည့် ကြမ်းခင်းဧရိယာ ငွေသားနှင့်ရာခိုင်နှုန်း		၆၀%	၃၃၃၁. ၁၆
အပိုင်း(၁) စုစုပေါင်း (မြေအောက်ထပ်(၂)မှ စတုတ္ထထပ်ထိတည်ဆောက်မှုဧရိယာ)			၂၈၇၄၄

အပိုင်း (၂)

စဉ်	ခွဲဝေယူမည့်နေရာများ၏ ရင်းနှီးမြှုပ်နှံမှု		ကျပ်(သန်း)
၁	ပဉ္စမထပ် (၂၂၃၉၄ စတုရန်းပေ × ၂၅၀၀၀ ကျပ်နှုန်း)		၅၅၉. ၈၅
၂	ဆဋ္ဌမထပ် (၁၂၉၆၅ စတုရန်းပေ × ၂၅၀၀၀ ကျပ်နှုန်း)		၃၂၄. ၁၂၅
၃	သတ္တမထပ် (၁၅၈၀၉ စတုရန်းပေ × ၂၅၀၀၀ ကျပ်နှုန်း)		၃၉၅. ၂၂၅
၄	အဋ္ဌမထပ် (၂၃၉၅၄. ၆ စတုရန်းပေ× ၂၅၀၀၀ ကျပ်နှုန်း)		၅၉၈. ၈၆၅
၅	နဝမထပ် (၂၅၇၁၂ စတုရန်းပေ × ၂၅၀၀၀ ကျပ်နှုန်း)		၆၄၂. ၈
၆	ဒသမထပ် (၂၅၇၁၂ စတုရန်းပေ × ၂၅၀၀၀ ကျပ်နှုန်း)		၆၄၂. ၈
၇	Penthouse ဧရိယာ (၁၄၆၈၉ စတုရန်းပေ × ၂၅၀၀၀ ကျပ်နှုန်း)		၃၆၇. ၂၂၅
သီဟတူမှုကာ၏ ကြမ်းခင်းဧရိယာ(၁၄၁၂၃၅. ၆ စတုရန်းပေ) အတွက်ရရှိမည့် အကျိုးအမြတ်		၈၀%	၃၄၈၀. ၉၄
အပိုင်း(၂) စုစုပေါင်း (ပဉ္စမထပ်မှ ဒသမထပ်ထိတည်ဆောက်မှုဧရိယာ) စတုရန်းပေ			၁၇၄၀၄၇

ဖော်ပြပါ အကျိုးအမြတ်ခွဲဝေမှုအား သဘောတူညီကြောင်း အောက်တွင်လက်မှတ်ရေးထိုးပါသည်။

ပြည်နယ်စည်ပင်သာယာရေး ကော်မတီ	(စိုင်းထွန်းထွန်း) အတွင်းရေးမှူး	(ရဲခေါင်ညွန့်) အဖွဲ့ဝင်	(မောင်မောင်မြင့်) အဖွဲ့ဝင်	(သန်းမောင်) အဖွဲ့ဝင်
သီဟဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်	(ဇော်လင်း) မန်နေဂျင်းဒါရိုက်တာ	(စိုင်းဇော်ဇော်) ဒါရိုက်တာ		
မြို့နယ်စည်ပင်သာယာရေး ကော်မတီ	(စွန်ကြိုင်) ဥက္ကဋ္ဌ	(အေးကို) အတွင်းရေးမှူး	(ကြည်မြင့်) အဖွဲ့ဝင်	(ညွန့်မောင်) အဖွဲ့ဝင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်

စာအမှတ်၊၂(၅)၁၄ - ၂၁/နပတ(၄၂၉)

ရက်စွဲ၊ ၂၀၁၄ ခုနှစ် ၊ မေလ ၁၄ ရက်

အကြောင်းအရာ။ တောင်ကြီး ရှော့ပင်းစင်တာ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် ချုပ်ဆိုမည့်သဘောတူစာချုပ်(မူကြမ်း)အပေါ်သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ

ရည် ညွှန်း ချက် ။ (၁) ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး၏ ၈-၄-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၁၃/၇-၂/ဥပခ (ရှမ်း) (၄၅)

(၂) ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၏ ၄-၄-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၁၅၉၈ /၈-၄/ရပ၈(၀၂၉)

၁။ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာနနှင့် သီဟဖြိုးကုန်သွယ်ရေးကုမ္ပဏီလီမိတက် တို့အကြား ချုပ်ဆိုမည့် B.O.T စနစ်ဖြင့် တောင်ကြီးရှော့ပင်းစင်တာ (Taunggyi Shopping Center) တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန် သဘောတူစာချုပ် (မူကြမ်း)အပေါ် သဘောထားမှတ်ချက်ပေးပါရန် ရည်ညွှန်းချက်(၁)ပါစာဖြင့် မေတ္တာရပ်ခံလာသောကိစ္စဖြစ်ပါသည်။

၂။ ရှမ်းပြည်နယ်ဥပဒေချုပ်ရုံးမှ စာချုပ်(မူကြမ်း)များ အပေါ် အကြံပြုချက်ပေးပါရန် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနက ရည်ညွှန်းချက်(၂)ပါ စာဖြင့်ပေးပို့ခဲ့၍ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာချုပ်စာတမ်းဖြစ်သောကြောင့် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၁၂၊

ပုဒ်မခွဲ(၄)နှင့်အညီ ဤရုံးမှ သဘောထားမှတ်ချက်ပေးပါရန် ရှမ်းပြည်နယ်ဥပဒေချုပ်ရုံးက ဤရုံးသို့ ရည်ညွှန်းချက်(၁)ပါစာဖြင့် ဆက်လက်ပေးပို့လာခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

၃။ ရည်ညွှန်းချက်ပါစာနှင့်အတူ ပူးတွဲ ပေးပို့လာသော သဘောတူစာချုပ်(မူကြမ်း) အား ဥပဒေရှုထောင့်မှ လေ့လာစိစစ်ပြီး အောက်ပါအတိုင်းသုံးသပ် အကြံပြုအပ်ပါသည်-

(က) စာချုပ်(မူကြမ်း) အပိုဒ် ၁ တွင် ရည်ညွှန်းထားသော နောက်ဆက်တွဲ(က)(ခ)၊ အပိုဒ် ၄ ပါ နောက်ဆက်တွဲ(င)၊ အပိုဒ် ၅ တွင် ရည်ညွှန်းထားသော နောက်ဆက်တွဲ(ဂ)၊ အပိုဒ် ၁၀၊ ၁၉၊ ၂၀၊ ၂၆ တွင် ရည်ညွှန်းထားသော နောက်ဆက်တွဲများသည် စာချုပ်(မူကြမ်း)တွင် ပူးတွဲပါရှိလာခြင်းမရှိပါ။ နောက်ဆက်တွဲများသည် စာချုပ်၏အရေးကြီးသောအစိတ်အပိုင်းများဖြစ်သဖြင့် စာချုပ်ချုပ်ဆိုချိန်တွင် ပြည့်စုံစွာပူးတွဲပြီးဖြစ်ရန်နှင့် စာချုပ်ပါ စည်းကမ်းချက်များနှင့် ကိုက်ညီရန် ဌာနမှ တာဝန်ယူစိစစ်ရန်လိုအပ်ပါသည်၊

(ခ) စာချုပ်(မူကြမ်း) အပိုဒ် ၆ တွင် "စာချုပ်ကိုသက်ဆိုင်ရာမှ အတည်ပြုချက်ရရှိပြီး နှစ်ဦးနှစ်ဖက်လက်မှတ်ရေးထိုးချုပ်ဆိုပြီး အုတ်မြစ်(Foundation) တည်ဆောက်ခြင်းလုပ်ငန်းစတင်သည့်နေ့မှစ၍ သက်တမ်းကာလကို ရေတွက်ရမည်ဟု ဖော်ပြထားသည့်စည်းကမ်းချက်မှာ ရှင်းလင်းမှုမရှိပါ။ နောင် အငြင်းပွားမှုမဖြစ်စေရေးအတွက်တည်ဆောက်ရေးသက်တမ်းသည် မည်သည့်နေ့ရက် မှ မည်သည့်နေ့ရက်အထိဖြစ်ကြောင်း တိကျစွာ ထည့်သွင်းဖော်ပြရန်လိုအပ်ပါ သည်၊

(ဂ) စာချုပ်(မူကြမ်း) အပိုဒ် ၇ တွင် တည်ဆောက်ရေးလုပ်ငန်းဆောက်ရွက်ခြင်း အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ရန်ပုံငွေကျပ်(၆၉၇၀.၃၀)သိန်းပေးသွင်း

မည်ဖြစ်ပြီး ၄င်းငွေအနက် လုပ်ငန်းအာမခံငွေကျပ်(၁၀၀၀)သိန်းကို စာချုပ်ချုပ်ဆိုသောနေ့တွင်ပေးသွင်းပြီး ကျန်ငွေကိုတည်ဆောက်ရေးလုပ်ငန်းပြီးစီးချိန်တွင်ပေးသွင်းမည်ဖြစ်ကြောင်းဖော်ပြထားပါသည်။ ရန်ပုံငွေနှင့် လုပ်ငန်းအာမခံငွေအားရောထွေးဖော်ပြထားရာ လုပ်ငန်းသဘောသဘာဝအရ တူညီခြင်းမရှိပါ။ လုပ်ငန်းဆောင်ရွက်မှု အာမခံငွေ (Performance Guarantee) မှာ လုပ်ငန်းဆောင်ရွက်မှုကာလအတွင်း အဆိုပါလုပ်ငန်းကို ပြီးမြောက်စွာဆောင်ရွက်နိုင်ရန်အတွက် အာမခံစပေါ်ငွေအဖြစ်ထားရှိခြင်းဖြစ်ပြီး လုပ်ငန်းပြီးဆုံးပါက လုပ်ငန်းဆောင်ရွက်သူသို့ ပြန်လည်ထုတ်ပေးရသည့် အာမခံငွေဖြစ်ပါသည်။ သို့ဖြစ်၍ ယင်းငွေနှစ်ရပ်အား သီးခြားစီရှင်းလင်းစွာ ဖော်ပြရန်လိုအပ်ပါသည်။ ထို့ပြင် လုပ်ငန်းဆောင်ရွက်မှုအာမခံငွေနှင့် စပ်လျဉ်း၍ မြန်မာ့စီးပွားရေးဘဏ်တွင်ထားရှိသင့်ပြီး အာမခံပုံစံကို နောက်ဆက်တွဲဖြင့် ဖော်ပြရန်နှင့် ယင်းပုံစံသည် စာချုပ်ပါစည်းကမ်းချက်များနှင့် ညီညွတ်ရန် လိုအပ်ပါသည်၊

(ဃ) စာချုပ်(မူကြမ်း) အပိုဒ် ၁၆ လျှပ်စစ်ဓာတ်အားနှင့် မီတာရရှိရေးတွင် အဆိုပါ လုပ်ငန်းစဉ်များအတွက် ကုန်ကျမည့်ကုန်ကျစရိတ်များအား လုပ်ငန်းလက်ခံသူက ဦးစွာစိုက်ထုတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး နောက်ပိုင်းကာလတွင် ယင်းကုန်ကျစရိတ်များအား လုပ်ငန်းအပ်နှံသူသို့ ပေးအပ်သွားမည်” ဟု ဖော်ပြထားရာ ရှင်းလင်းမှုမရှိသဖြင့် ဌာနမှပြန်လည်စိစစ်ရန်ဖြစ်ပါသည်၊

(င) စာချုပ်(မူကြမ်း) အပိုဒ် ၁၇ တွင် ဈေး၊ အဆောက်အဦများအဆင့်မြင့်တည်ဆောက်ရေးကော်မတီဟုလည်းကောင်း၊ အပိုဒ် ၂၂ တွင် လုပ်ငန်းကြီးကြပ်ရေး

ကော်မတီ၊ လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဟုလည်းကောင်း၊ အပိုဒ် ၂၄ တွင် ကြီးကြပ်ရေးအဖွဲ့ဟုလည်းကောင်း၊ အပိုဒ် ၂၈ တွင် လုပ်ငန်းကြီးကြပ်ရေး ကော်မတီဟုလည်းကောင်းဖော်ပြထားပါသည်။ သို့ရာတွင် စာချုပ် (မူကြမ်း) တွင် အဆိုပါအဖွဲ့များဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းသောစည်းကမ်းချက်များမပါရှိ၍ ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်၊

(စ) စာချုပ်(မူကြမ်း)အပိုဒ် ၂၁ နောက်ဆုံးစာကြောင်းတွင် "ကြိုတင်ရောင်းချခြင်း လုပ်ငန်းစဉ်တွင်လုပ်ငန်းအပ်နှံသူဘက်မှတစ်စုံတစ်ရာဝင်ရောက် စွက်ဖက်ပိုင်ခွင့်မရှိစေရ" ဟုဖော်ပြထားသည့်စည်းကမ်းချက်အား လက်ခံရန်သင့် မသင့် ဌာနမှပြန်လည်စိစစ်သင့်ပါသည်၊

(ဆ) စာချုပ်(မူကြမ်း) အပိုဒ် ၂၂ တွင် "အထက်အပိုဒ် ၁၇ ပါ ဖွဲ့စည်းထားသည့် လုပ်ငန်းကြီးကြပ်ရေးကော်မတီ" ဟုလည်းကောင်း၊ အပိုဒ် ၂၄ တွင် "အပိုဒ် ၁၇ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းခံရသည့်ကြီးကြပ်ရေးအဖွဲ့ "ဟု လည်း ကောင်း ရည်ညွှန်းဖော်ပြထားပါသည်။ စာချုပ်(မူကြမ်း)အပိုဒ် ၁၇ တွင်ဖော်ပြပါရှိသည့် ကော်မတီမှာ ဈေး၊ အဆောက်အဦများအဆင့်မြင့်တည်ဆောက်ရေး ကော်မတီ ဖြစ်၍ အပိုဒ် ၂၂ နှင့် အပိုဒ် ၂၄ ပါ ကော်မတီနှင့် အဖွဲ့များသည် အပိုဒ် ၁၇ ပါ ကော်မတီနှင့်တူညီခြင်းရှိ မရှိ ဌာနမှပြန်လည်စိစစ်ရန်ဖြစ်ပါသည်။ တူညီခြင်း ရှိပါက ကော်မတီအမည်အား တစ်မျိုးတည်းသာသုံးစွဲ ဖော်ပြသင့်ပါသည်၊

(ဇ) စာချုပ်(မူကြမ်း) အပိုဒ် ၂၆ တွင် အပိုင်း(၁) တည်ဆောက်ရေးလုပ်ငန်း(၂)နှစ် တာကာလ၊ အပိုင်း(၂)တည်ဆောက်ရေးလုပ်ငန်း(၁)နှစ်တာကာလစုစုပေါင်း (၃)နှစ်တာကာလ-----------ဆောက်လုပ်ပြီးစီးရမည်ဟု ဖော်ပြထားပါသည်။

စာချုပ်(မူကြမ်း) အပိုဒ် ၂၇ စာချုပ်သက်တမ်းတွင် အထက်အပိုဒ်(၂၆) ပါ သတ်မှတ်လုပ်ငန်းပြီးဆုံးရက်မှ နောက်အနှစ်(၅၀) ------------ ဟု လည်းကောင်း၊ သက်တမ်းတိုး(၅)နှစ်ကို (၃)ကြိမ်ဆက်တိုက်တိုးမြှင့်သတ်မှတ်နိုင်ရေး ------------ ထပ်မံညှိနှိုင်းဆောင်ရွက်နိုင်ပါသည်ဟုလည်းကောင်း ဖော်ပြထားရာ စာချုပ်ပါစည်းကမ်းချက်များအရ စာချုပ်ပါလုပ်ငန်းသည် မြေငှားရမ်းခြင်းမဟုတ်ဘဲ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဟု ပေါ်ပေါက်နေပါသည်။ စာချုပ်ဝင်နှစ်ဖက်အမှန်တကယ်အကျိုးတူပူးပေါင်းဆောင်ရွက်မည့်ကာလကိုသာ တိကျစွာဖော်ပြရန်ဖြစ်ပါသည်။ မြေငှားရမ်းခြင်းဖြစ်ပါက မြေငှားရမ်းခရယူရန် စည်းကမ်းချက်ပါရှိရမည်ဖြစ်ပြီး မြေငှားသက်တမ်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသတ္တုများရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၂၄ ပုဒ်မ ၂၅ နှင့် အညီ သက်တမ်းကိုသတ်မှတ်ရန်ဖြစ်ပါသည်၊

(ချ) စာချုပ်(မူကြမ်း) အပိုဒ် ၂၈ စာကြောင်းရေ ၁၀ တွင် "သို့သော် အကယ်၍ ထိုသို့သောအခြေအနေများ ------------ အလုံးစုံအာမခံထားရှိခြင်း အတွက် လုပ်ငန်းအပ်နှံသူဘက်မှ လိုအပ်သလိုပါဝင်ကူညီသောက်ဆောင်ရွက်ပေးရမည်" ဟု ဖော်ပြထားရာ အာမခံထားရှိခြင်းနှင့် စပ်လျဉ်း၍ စာချုပ်(မူကြမ်း) အပိုဒ် ၂၈ မလွန်ဆန်နိုင်သောဖြစ်ရပ်တွင် ထည့်သွင်းခြင်း မပြုဘဲ "လုပ်ငန်းအာမခံ" ထားရှိခြင်းခေါင်းစဉ်ဖြင့် သီးခြားဖော်ပြသင့်ပါသည်။ ထို့ပြင် ယင်းအပိုဒ်၏ နောက်ဆုံးစာကြောင်းတွင် "မည်သို့ပင်ဖြစ်စေ စီမံကိန်းလုပ်ငန်းကို ------------ အခွင့်အရေးအပြည့်အဝရှိစေရမည်" ဟူသော စည်းကမ်းချက်အားဌာနမှလက်ခံနိုင်ခြင်းရှိ မရှိ ပြန်လည်စိစစ်ရန်ဖြစ်ပါသည်၊

(ည) စာချုပ်(မူကြမ်း) အပိုဒ် ၃၄ တွင် "လုပ်ငန်းလက်ခံသူ၏ ချွတ်ယွင်းပျက်ကွက်မှုကြောင့် လုပ်ငန်းကိုဆက်လက်ဆောင်ရွက်နိုင်စွမ်းမရှိခဲ့သော် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့က ကျိုးကြောင်းမျှတစွာတောင်းဆိုလျက် ပြင်ဆင်ဖြည့်စွက်ညွှန်ကြားပေးရန်သဘောတူညီပါသည်" ဟု ဖော်ပြထားရာ လုပ်ငန်းအား ဆက်လက်ဆောင်ရွက်နိုင်စွမ်းမရှိသော လုပ်ငန်းလက်ခံသူ အနေဖြင့် ကြီးကြပ်ရေးအဖွဲ့၏ညွှန်ကြားချက်ကိုပါ လိုက်နာဆောင်ရွက်ခြင်း မရှိပါက မည်သို့ဆက်လက်ဆောင်ရွက်မည်ကို ဌာနအနေဖြင့် စဉ်းစားသင့်ပြီး စည်းကမ်းချက်အဖြစ် ထည့်သွင်းဖော်ပြသင့်ပါသည်၊

(ဋ) စာချုပ်(မူကြမ်း) အပိုဒ် ၃၄ တတိယစာကြောင်းတွင် "လုပ်ငန်းအပ်နှံသူနှင့် လုပ်ငန်းလက်ခံသူတို့သည် အကြောင်းထူးကိစ္စရပ်မရှိဘဲ လုပ်ငန်းရပ်စဲခြင်း မပြုရန် နှစ်ဦးနှစ်ဖက်သဘောတူညီကြပါသည်" ဟု ဖော်ပြထားသည့် စည်းကမ်းချက်မှာ စာချုပ်ရပ်စဲခြင်းနှင့်သက်ဆိုင်၍ သီးခြားခေါင်းစဉ်ဖြင့် ဖော်ပြရန်ဖြစ်ပါသည်။ ထို့ပြင် "အကြောင်းထူးကိစ္စရပ်" ဆိုသည်မှာ မည်သို့သောကိစ္စရပ်ဖြစ်ကြောင်း နောင်တွင် အငြင်းပွားမှုမဖြစ်စေရန်အတွက် ကြိုတင်သတ်မှတ်ထားသင့်ပါသည်၊

(ဌ) စာချုပ်(မူကြမ်း) အပိုဒ် ၃၄ တွင် ဆက်လက်ဖော်ပြထားသော "အကယ်၍ --- --------- နစ်နာဆုံးရှုံးစေသည့်ဖက်အား ဆုံးရှုံးမှုအတွက် နစ်နာကြေးပေးရမည်ဖြစ်ကြောင်း နှစ်ဦးနှစ်ဖက်သိရှိနားလည်သဘောတူကြပါသည်" နှင့် စပ်လျဉ်း၍ လုပ်ငန်းလက်ခံသူ၏ချွတ်ယွင်းပျက်ကွက်မှုကြောင့် စာချုပ်ပါ လုပ်ငန်းကိုဆက်လက်ဆောင်ရွက်နိုင်မှုမရှိ၍ စာချုပ်(မူကြမ်း)ကို ရပ်စဲရပါက

လုပ်ငန်းအပ်နှံသူမှ ဆုံးရှုံးမှုအတွက် နစ်နာကြေးပေးရန် မသင့်ဟုယူဆပါသည်။ ဌာနမှ လက်ခံရန်သင့် မသင့် စဉ်းစားသင့်ပါသည်၊

(ဍ) စာချုပ်(မူကြမ်း) အပိုဒ် ၃၅ တွင် ဖော်ပြပါရှိသည့် "လုပ်ငန်းအပ်နှံသူတို့ ပေးရန်တာဝန်ရှိသည်များ" ဆိုသည့် စကားရပ်မှာ မည်သည်ကိုဆိုလိုကြောင်း ရှင်းလင်းမှုမရှိသဖြင့်ရှင်းလင်းစွာဖော်ပြရန်လိုအပ်ပါသည်။ ထို့ပြင်ယင်း အပိုဒ်တွင် "လုပ်ငန်းလက်ခံသူက ------------ သတ်မှတ်ကာလအတွင်း မပေးနိုင်လျှင် အချိန်ကာလအပေါ် နောက်ကျကြေးညှိနှိုင်းသတ်မှတ်လျက်" ဟု ဖော်ပြထားရာ လုပ်ငန်းလက်ခံသူမှ လုပ်ငန်းအပ်နှံသူသို့ ပေးသွင်းရမည့်ကာလကို တိကျစွာသတ်မှတ်ဖော်ပြသင့်ပါသည်။ ထို့ပြင် နောက်ကျကြေးကို အာမခံငွေမှနုတ်ယူရန်ဖော်ပြထားရာ နောက်ကျဒဏ်ကြေးမှာအာမခံစပေါ်ငွေထက် ကျော်လွန်သွားပါက မည်သို့ဆက်လက်ဆောင်ရွက်မည်ဆိုသည့် နည်းလမ်းချက်ကို ထည့်သွင်းရန်သင့် မသင့် ဌာနအနေဖြင့် ပြန်လည်စိစစ်သင့်ပါသည်၊

(ပ) စာချုပ်(မူကြမ်း) အပိုဒ် ၃၆ တွင် "လုပ်ငန်းအပ်နှံသူ၏ကိုယ်စားလှယ်နှင့် လုပ်ငန်းလက်ခံသူ၏ကိုယ်စားလှယ်" ဟု ဖော်ပြပါရှိပါသည်။ စာချုပ်(မူကြမ်း)တွင် ယင်းကိုယ်စားလှယ်များနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာဖော်ပြထားခြင်းမရှိသဖြင့် ၎င်းတို့နှင့်စပ်လျဉ်းသည့် စည်းကမ်းချက်အားထည့်သွင်းဖော်ပြရန်ဖြစ်ပါသည်၊

(ဏ) စာချုပ်(မူကြမ်း) အပိုဒ် ၄၆ တွင် လုပ်ငန်းတွင်လုပ်ငန်းဆောင်ရွက်လုပ်ကိုင်ကြမည့်အလုပ်သမားများ၏ အခွင့်အရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကိစ္စ

ရပ်များကို လုပ်ငန်းလက်ခံသူ သို့မဟုတ် လုပ်ငန်းလက်ခံသူမှတစ်ဆင့် တာဝန်ပေးအပ်ခံရသူများမှ တာဝန်ယူရမည်” ဟုဖော်ပြထားရာ ဤ စာချုပ်(မူကြမ်း)မှာ လုပ်ငန်းအပ်နှံသူနှင့် လုပ်ငန်းလက်ခံသူတို့အကြား ချုပ်ဆိုသောစာချုပ်ဖြစ်၍ လုပ်ငန်းလက်ခံသူမှတစ်ဆင့် တာဝန်ပေးအပ်ခံသူအပေါ် ဥပဒေအရစည်းနှောင်အားမရှိသောကြောင့် “လုပ်ငန်းလက်ခံသူမှတစ်ဆင့်တာဝန်ပေးအပ်ခံရသူများ” ဆိုသည့်စကားရပ်အား ထည့်သွင်းရန်မသင့်ဟု သဘောရရှိပါသည်၊

(တ) စာချုပ်(မူကြမ်း) ခေါင်းစဉ်တွင် တောင်ကြီးရှော့ပင်းစင်တာအား B.O.T စနစ်ဖြင့် ဆောင်ရွက်ခွင့်သဘောတူစာချုပ်ဟု သုံးနှုန်းဖော်ပြထားသော်လည်း စာချုပ်ပါစည်းကမ်းချက်များအရ တည်ဆောက်ရေးလုပ်ငန်းအတွက် ကုန်ကျစရိတ်များကို စာချုပ်ဝင်နှစ်ဖက်အချိုးကျ ကျခံရမည်ဖြစ်ပြီး ရရှိလာသည့်အကျိုးအမြတ်များကိုလည်း အချိုးကျခံစားမည်ဖြစ်ကြောင်းတွေ့ရှိရပါသည်။ စာချုပ်(မူကြမ်း)အားပြုစုထားသည့်ပုံစံနှင့် သဘောသဘာဝများအရ ယခုစာချုပ်(မူကြမ်း)သည် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် စာချုပ် ပုံစံဖြစ်ကြောင်းတွေ့ရှိရ၍ စာချုပ်ခေါင်းစဉ်အား အဆင့်မြင့်ဈေးသစ်၊ ကုန်တိုက်၊ ကွန်ဒိုနှင့် လူနေအိမ်ခန်းများပါဝင်သည့် တောင်ကြီးရှော့ပင်းစင်တာတည်ဆောက်ခြင်းဆိုင်ရာလုပ်ငန်းအကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းသဘောတူစာချုပ်ဟု ပြောင်းလဲဖော်ပြပါက ပိုမိုသင့်လျော်မည်ဖြစ်ပါသည်၊

(ထ) စာချုပ်(မူကြမ်း) တွင် ဥပဒေရေးရာစာပိုဒ်ဖြစ်သော စာချုပ်ရပ်စဲခြင်းမပါရှိသဖြင့် အခြားအလားတူ စာချုပ်များတွင် အသုံးပြုလေ့ရှိသောစည်းကမ်းချက်

အား မင်နီဖြင့် နမူနာရေးသားပေး လိုက်ပါသည်။ စာချုပ်ဝင်နှစ်ဖက်ညှိနှိုင်း၍ ဖော်ပြရန်ဖြစ်ပါသည်၊

(ဒ) စာချုပ်(မူကြမ်း) ပါ စည်းကမ်းချက်များတွင် လုပ်ငန်းလက်ခံသူ၏တာဝန်များလုပ်ငန်းအပ်နှံသူ၏ တာဝန်များအား ရောထွေးဖော်ပြထားရာ လုပ်ငန်းလက်ခံသူ၏တာဝန်၊ လုပ်ငန်းအပ်နှံသူ၏ တာဝန်များကိုလည်း သီးခြားခေါင်းစဉ်ဖြင့်ဖော်ပြသင့်ပါသည်၊

(ဓ) စာချုပ်(မူကြမ်း)တွင် ရည်ရွယ်ချက်အပိုဒ်မပါရှိသဖြင့် စာချုပ်ချုပ်ဆိုချိန် တွင် ရည်ရွယ်ချက်အား ထည့်သွင်းဖော်ပြသင့်ပါသည်၊

(န) လိုအပ်သောနေရာများတွင် မင်နီဖြင့် ပြင်ဆင်ဖြည့်စွက်ပေးလိုက်ပါသည်။

၄။ စာချုပ်(မူကြမ်း)ပါကိစ္စရပ်များမှာ လုပ်ငန်းပိုင်းဆိုင်ရာ၊ ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များအဓိကပါရှိပါသည်။ အကျိုးအမြတ်ခွဲဝေမှုတွင် ဌာနအနေဖြင့် သတိပြုစိစစ်ပြီးမှသာ လက်မှတ်ရေးထိုးသင့်ပါသည်။

၅။ ဤ စာချုပ်(မူကြမ်း)များကို ပြည်ထောင်စုရှေ့နေချုပ်ဥပဒေနှင့် အညီဥပဒေကြောင်းအရ သာ ဥပဒေအကြံဉာဏ်ပေးခြင်းဖြစ်ပါသည်။ ဥပဒေရေးရာမဟုတ်သည့် စီမံရေးရာ၊ ဘဏ္ဍာရေးရာ၊ ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များကို ဤရုံးအနေဖြင့်မှတ်ချက်ပေးရန်မရှိပါကြောင်းနှင့် ယင်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် ဆွေးနွေးညှိနှိုင်းရန်အကြံပြုပါသည်။

၆။ သီဟဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်သည် ဥပဒေအရ တရားဝင်ဖွဲ့စည်းထားသည့် ကုမ္ပဏီဟုတ် မဟုတ်၊ စာချုပ်ပါလုပ်ငန်းကို လုပ်ကိုင်နိုင်ခွင့်နှင့် လုပ်ကိုင်နိုင်စွမ်းရှိ မရှိ၊ ငွေကြေး အင်အားပြည့်စုံမှုရှိ မရှိ၊ စာချုပ်တွင် လက်မှတ်ရေးထိုးမည့်သူသည် တရားဝင်လွှဲအပ်ခြင်း

ခံရသူ ဟုတ် မဟုတ်၊ လက်မှတ်ရေးထိုးပိုင်ခွင့်ရှိ မရှိ စသည်တို့အတွက် သက်ဆိုင်ရာ စာရွက်စာတမ်းများအားတောင်းယူ စိစစ်သင့်ပါသည်။

၇။ စာချုပ် (မူကြမ်း) ကို လက်မှတ်ရေးထိုးချုပ်ဆိုပြီးပါက မှတ်တမ်းတင်ထားနိုင်ရန်အတွက် ဤရုံး သို့ မိတ္တူ(၃)စောင်ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၂၄/၇/၂၀၁၄

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(မေသီလင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး
တောင်ကြီးမြို့

[illegible]

LAND REVENUE II [illegible]
Lease I

Entered in Land Register 3 (Volume) Page

Revenue Proceedings No. [illegible] *of 19* [illegible] *-19* [illegible] *District Office*

FORM OF LEASE OF TOWN LANDS WITH POWER OF RENEWAL UP TO NINETY YEARS

(Rule 51A of the Rules under the U.B. Land and Revenue Regulation, 1889)
(Rule 29 of the Rules under the L.B. Town and Village Lands Act, 1896)

THIS LEASE made the ________ day of ________ one thousand nine hundred and ________ BETWEEN THE GOVERNMENT OF THE UNION OF BURMA (hereinafter called "the Lessor" which expression shall be taken to mean and include the said Government of the Union of Burma and his successors in office and assigns except when the context requires another and different meaning) of the one part : AND ________ [illegible] ________ of ________ son of ________ (hereinafter called "the Lessee" which expression shall be taken to mean and include the said ________ his heirs executors administrators representatives and assigns except when the context requires another and different meaning) of the other part : WITNESSETH that in consideration of [illegible] reserved and of the covenants by the Lessee hereinafter contained the Lessor doth hereby lease unto the Lessee all that piece of land described in the schedule hereto together with all rights easements and [illegible] belonging save and except all mines and minerals [illegible] coal petroleum oil and [illegible] liberty for the [illegible]

[illegible] account of any disturbance or damage that may be caused thereby to the surface of the said land and that such compensation shall in case of dispute be determined by the Deputy Commissioner of ________ [illegible] ________ [illegible] in accordance with the provisions of the Land Acquisition Acts or Regulations for the time being in force TO HOLD the said land unto the Lessee for the term of thirty years from the date of this lease * with the option for the Lessee to renew this lease for † two successive terms of thirty years † as hereinafter provided * YIELDING and PAYING therefor the clear yearly rent Kyat [illegible] payable in advance on the third day of January of each year and the Lessee doth hereby to the intent that the burden of the covenants may run with the said land and may bind the owners thereof for the time being covenant with the Lessor :

1. To pay the said rent on the days and in the manner hereinbefore appointed for payment thereof and also to pay all taxes rates and assessments that now are or may hereafter during the said term be imposed upon the said land or any buildings that may be erected thereon or upon the Lessee in respect thereof.

* — * The words "with the option .... hereinafter provided" should be omitted in the second renewal.
† — † The words "a further term of thirty years" should be substituted at the first renewal.

[illegible]

2. To commence to erect upon the said land within [illegible] months from the date hereof the buildings the measurements elevation and materials of which shall receive the previous approval * in writing of the Deputy Commissioner and to complete such buildings within [illegible] months from the date hereof and during the currency of this lease to keep such buildings in good repair to the satisfaction of the said Deputy Commissioner.

† Alternative

2. To erect upon the land within months from the date hereof and thereafter at all times during the said term to maintain thereon a good and substantial as described in his application according to the rules and bye-laws which now are in force or hereafter may be in force under any Act governing the administration of urban areas in respect to materials to be used in and method of construction of buildings.

* Strike out alternative not required.

3. Not to erect buildings on more than ______ of the area of the said land.

4. Not to alter the position mode of construction or materials of the said building or of any other buildings that may hereafter be erected on the said land without the consent in writing of the said Deputy Commissioner and not to erect any other building upon the said land without first obtaining such consent.

† Alternative

4. Not to erect any other building on the said land without first obtaining the consent in writing of the said Deputy Commissioner

† Strike out alternative not required.

5. Not to use the said land and buildings that may be erected thereon during the said term [illegible] other purpose than [illegible] without the consent in writing of the said Deputy Commissioner.

In the event of the lessee obtaining subject to any further restrictions and conditions or subject to enhanced rent the consent of the Deputy Commissioner to erect maintain keep or use buildings on the land for the purpose of a lodging-house or a cooly-barrack to comply with all such restrictions and conditions and to pay on the dates aforesaid such enhanced rent as if they were part of this indenture.

6. Without first obtaining such consent not to subdivide the said land or to part with the possession of transfer or sublease a part only of the said land.

7. To register all changes in the possession of the whole of the said land whether by transfer otherwise than by registered document succession or otherwise in the register of the said Deputy Commissioner within one calendar month from the respective dates of such changes and if the Lessee shall without sufficient cause neglect to register such changes the said Deputy Commissioner may impose on him for each such case of neglect a penalty not exceeding K 100 and a further monthly penalty not exceeding K 50 for each month that such

* In Municipal areas the building plans should also be submitted to the Municipal Committee (See Section 115, Burma Municipal Act, 1898).

breach shall continue and the said Deputy Commissioner may enforce the payment of such penalties in the same manner as arrears of revenue on land may be recovered.

8. That the said Deputy Commissioner and all persons acting under his orders shall be at liberty at all reasonable times in the day time during the said term to enter upon the said land or any buildings that may be erected thereon for any purpose connected with this lease.

9. At the expiration of the said term hereby granted quietly to surrender and deliver up possession of the said land but not the buildings or fixtures that may then be thereon to the Lessor provided that if the Lessor shall re-enter upon the said land and determine this lease under clause 10 hereof the Lessee shall thereupon quietly deliver up possession of the said land and buildings and fixtures that may then be thereon to the Lessor :

10. PROVIDED always that if the said rent or any part thereof shall be in arrear and unpaid for one calendar month after the same shall have become due whether the same shall have been demanded or not or if the Lessee shall not observe and perform the covenants hereinbefore contained the said Deputy Commissioner may immediately and notwithstanding the waiver of any previous breach or right of re-entry cancel this lease and take possession of the land and the buildings and fixtures that may then be thereon.

And the Lessor doth hereby covenant with the Lessee—

11. That the Lessee may at the expiration of the said term hereby granted if this lease shall not have been previously cancelled under clause 10 hereof and if the Lessee shall have paid the said rent and duly observed and performed the covenants [illegible] the said term take away and dispose of all buildings and fixtures that may then be erected and fixed to the said land provided that the Lessee makes good and repairs any damage that may be caused to the said land by such removal

12. That if the Lessee shall be desirous of taking a renewed lease of the said piece of land for the further term of thirty years from the expiration of the said term hereby granted and of such desire shall prior to the expiration of such last-mentioned term give to the Lessor three calendar months' previous notice in writing and shall pay the rent hereby reserved and observe and perform the several covenants and conditions herein contained and on the part of the Lessee to be observed and performed up to the expiration of the said term hereby granted the Lessor will upon the request and at the expense of the Lessee and upon his signing and delivering to the Lessor a counterpart thereof sign and deliver to the Lessee a renewed lease of the said piece of land for a further term of thirty years at a rent to be fixed by the Lessor and under and subject to similar covenants and provisions or such of them as shall be then subsisting or capable of taking effect provided that a lease for a third term of thirty years shall not contain this present covenant or renewal :

13. PROVIDED also and it is hereby agreed that the Lessor his successors or assigns may at the expiration of the said term hereby granted if the Lessee shall not have obtained a renewal of this lease under clause 12 hereof elect to purchase the said buildings and fixtures that may then be in or upon the said land on giving to the Lessee one calendar month's previous notice in writing of such his intention and the price shall in case of dispute be determined by the Executive Engineer of the said district according to the actual value of such buildings and fixtures and his decision shall be final and conclusive and altogether binding upon the Lessee :

IN WITNESS WHEREOF ______ acting for and on behalf of the GOVERNMENT OF THE UNION OF BURMA and ______ have hereunto set their hands.

THE SCHEDULE ABOVE REFERRED TO

ALL that piece of land situate in the ______ ward of the town of တောင်ကြီး ______ known as lot No. ______ in block No. ______ containing ______ or thereabouts bounded as follows :—

North ______

East ______

South ______

West ______

and shown in the annexed plan marked red.

Signed by the said ______ in the presence of ______

Witnesses.

Deputy Commissioner,

______ District.

Signed by the said ______

in the presence of ______

Witness.

Signature of Lessee.

TRANSLATION OF LEASE

(To be attached to Original)

နှစ်ပေါင်း ၉၀ ထိ အသစ်လဲလှယ်ချုပ်ဆိုခွင့်ရသည့် မြို့မြေအငှါးစာချုပ်ပုံစံ

၁၈၉၈ ခုနှစ်၊ မြန်မာနိုင်ငံအထက်ပိုင်းဆိုင်ရာမြေမှုပ်၍အခွန်ရက်ဝယူလေရှိဥပဒေအရနည်းဥပဒေများအ နက်နည်းဥပဒေ ၅၁-၈၊
၁၈၉၈ ခုနှစ်၊ မြန်မာနိုင်ငံအောက်ပိုင်းမြို့ ရွာနှင့်မြေရာအက်ဥပဒေအရ နည်းဥပဒေများအနက်နည်းဥပဒေ ၂၉၊

၁၉ ခုနှစ်၊ လ ရက် (၁၃ ခုနှစ်၊ လ ရက်) နေ့၊ အောက်၌ "အငှါးချသူ" ခေါ်တွင်စေမည့်၊ ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရနှင့် အောက်၌ "အငှါးရသူ" ခေါ်တွင်စေမည့်၊ ရပ်နေ ခောင် ၏သား၊မောင် တို့ချုပ်ဆိုကြသည့်စာချုပ်။ (အငှါးချသူဆိုသည့် စကားမှာ၊ ရှေ့နောက်စကားစဉ်ကိုထောက်၍၊ ကွဲလွဲသည့်အနက်အဓိပ္ပါယ်သမ္ဘန်ရန်မလိုသည့်အခါ၊ ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရနှင့်တကွ၊ ၎င်းရာထူးတွင်ဆက်ခံသူ၊ လွှဲအပ်ခံသူတို့ပါဆိုလိုသည်မှတ်ယူရမည်။ အငှါးရသူ ဆိုသည့်စကားမှာ၊ ဆိုခဲ့သည့် မောင် နှင့်တကွ၊ ၎င်း၏အမွေခံအမွေစား၊ သေတမ်းစာအရစီရင်ပိုင်သူ၊အမွေအုပ်အမွေထိန်း၊ ကိုယ်စားလှယ်၊ လွှဲအပ်ခံသူတို့ပါဆိုသည်မှတ်ယူရမည်။) အောက်တွင်ပြဋ္ဌာန်းသတ်မှတ်ပါရှိသည့် အခွန်ငွေနှင့်တကွ၊ အငှါးရသူ ခံဝန်ချက်များ[illegible] ဆောက်မြော်၍၊ အောက်စာရင်းတွင်သတ်မှတ်ဖော်ပြရာပါမြေနှင့်၊ အရပ်ရပ်ဆိုင်ရာဆိုင်ခွင့်များမှစ၍၊ ၎င်းမြေနှင့်[illegible] ဆိုင်သည်များကိုအငှါးချသူက အငှါးရသူသို့ပေးအပ်ချထားသည်။ သို့သော်လည်းဆိုခဲ့သည့် မြေအတွင်းမြေအောက်[illegible] ရှိအရပ်ရပ်ဓါတ်သတ္တုတွင်း၊ ဓါတ်ရည်ဓါတ်ခဲ၊ ဓါတ်သတ္တုများ၊ မြေထဲရှိဝတ္ထုအရပ်ရပ်၊ ကျောက်မီးသွေး၊ ရေနံ၊ ကျောက်တွင်းစသည်များကို အငှါးချသူမှစ၍၊ ၎င်းထံအငှါးရသူ၊ လိုင်စင်ရသူ ကိုယ်စားလှယ်လုပ်သားများနှင့် ၎င်း[illegible] အတွက်ဆောင်ရွက်ရှာပ်ကိုင်သူအရပ်ရပ်တို့လွတ်လွတ်တူးဖော်ရှာဖွေဆောင်ယူခွင့်နှင့်တကွ၊ ဆိုခဲ့သည့်ဝတ္ထု များ[illegible] အငှါးချသူအတွက်ခြွင်းချန်ထားရမည်။သည်ကဲ့သို့တူးဖော်ရှာဖွေဆောင်ယူရာတွင်အနှောင့်အရှက် ဖြစ်သည့်အတွက် ဖြစ်စေ၊မြေမှုက်နှာပြင်ပျက်စီးယိုယွင်းစေသည့်အတွက်ဖြစ်စေ၊သင့်လျော်နဲ့လျော်ကြေးငွေကိုလည်း၊အငှါးရသူသို့ပေးလျော် ရမည်။ လျော်ကြေးငွေပမာဏမှုပေးလျော်သင့်သည့် အငြင်းအခုံရှိလျှင် တည်ဆဲမြေသိမ်းအက်ဥပဒေရယ်ယူလေ[illegible] ဥပဒေများပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်နိုင်သမျှညီညွတ်အောင် ဆုံးဖြတ်[illegible] ရမည်။ ဆိုခဲ့သည့်မြေကို၊ ယခုစာချုပ်ချုပ်ဆိုသည့်နေ့ရက်က နှစ်ပေါင်း ၃၀ ထိအငှါးရသူလက်၌ပိုင်ဆိုင်ခွင့် ရစေမည့်ပြင်၊ * နေ့သို့ † တကြိမ်လျှင် နှစ်ပေါင်း ၃၀ ကျ၊နှစ်ကြိမ် † ဆက်လက်၍ လက်၌ပိုင်ဆိုင်ခွင့်ရရန်ပြဋ္ဌာန်း [illegible] အတိုင်းစာချုပ်အသစ် လဲလှယ်ချုပ်ဆိုလိုလျှင်လည်း ချုပ်ဆိုခွင့်ရသည်။ * ၎င်းမြေအတွက် နှစ်စဉ်ဆ[illegible] [illegible] ကို နှစ်စဉ်[illegible] ၃ ရက်နေ့တွင် [illegible]

[illegible]

၁။ အခွန်ငွေကိုထမ်းဆောင်ရန် အထက်သတ်မှတ်သည့်နည်းလမ်းအတိုင်း သတ်မှတ်သည့် နေ့ ရက်များတွင်ထမ်းဆောင်ရမည့်ပြင်၊ ၎င်းမြေတွင်ဖြစ်စေ၊မြေတွင်ဆောက်လုပ်မည့်အဆောက်အဦများတွင်ဖြစ်စေ၊၎င်း မြေနှင့်ယှဉ်လျှင်း၍ အငှါးရသူအပေါ်တွင်ဖြစ်စေ၊ အငှါးချထားသည့် ကာလအပိုင်း အ ခြား အ တွင်း ချမှတ် ကြ[illegible] ကောက်ခံဆဲ ကောက်ခံလတ္တံ့သောအခွန်အတုတ်အကောက်အခွန်အရပ်ရပ်ကိုလည်းထမ်းဆောင်ရမည်။

၂။ ယခုစာချုပ်ပါနေ့ရက်မှ လအတွင်းမျိုးဝန်သဘောတူချက် * အမိန့်စာ ကိုတင်ရင်ရှိရမည့် အကျယ်အဝန်း အနိမ့်အမြင့်အတိုင်းအတွာ၊ ဆောက်လုပ်ရန်ဝတ္ထု ကိရိယာများနှင့်အညီ အဆောက်အဦကိုစတင် ဆောက်လုပ်၍စာချုပ်ပါနေ့ရက်မှ လအတွင်းပြီးစီးစေရမည့်ပြင်၊ယခု အငှါးစာချုပ်အတည်ဖြစ်သည့်ကာလ အပိုင်းအခြားအတွင်းလည်း၊ ၎င်းအဆောက်အဦများကို ခိုင်ခံ့သဘော၊ ကောင်းမွန်ရှုပ္ပပြင်ထားရမည်။

— ဒုတိယအကြိမ် စာချုပ်အသစ်လဲလှယ်ရာတွင်၊ "ရှေ့သို့တကြိမ်လျှင်......ချုပ်ဆိုခွင့်ရသည်။" ဆိုသည့်စကားရပ် ချန်လှပ်ရမည်။

†—† ပဉ္စမအကြိမ်စာချုပ်အသစ်လဲလှယ်ရာတွင်၊ "နှစ်ပေါင်း ၃၀ ကျတကြိမ်" ဆိုသည့်စကားရပ်ကို အစားထည့် သွင်းရမည်။

*မြူနီစီပါယ်နယ်ရာကွက်များတွင်၊ အဆောက်အဦပုံများကိုလည်းမြူနီစီပါယ်ကော်မီတီထံတင်သွင်းရမည်။(၁၉၉၀ ခုနှစ်၊ မြန်မာနိုင်ငံမြူနီစီပါယ်အက်ဥပဒေ ပုဒ်မ ၁၁၅)။

* သို့မဟုတ်

၂။ ယခုစာချုပ်ပါမြေရက်မှ လအတွင်းမြေပေါ်တွင်ကောင်းမွန်မှိုင်းနေသော တခုကို အဆောက်အဦများဆောက်လုပ်ရာ၌အသုံးပြုသည့်ပစ္စည်းကိရိယာများ၊ ငုပ်မြင်ဆောက်၊ မှပ်သည့်နည်းလမ်းနှင့် ပယ်ယူနည်းမှတ်မှတ်ကွက်များနှင့်ကြိုးကြပ်အုပ်ချုပ်မှုဆိုင်ရာ အကျံပြုပဒေသတစ်ရပ်ရာအရ ယခုတည်ဆဲရှိသည့် သို့မဟုတ် နောင်အခါပြင်ဆင်တည်ပြုပြည်နည်းဥပဒေများနှင့်မြင်ပြင်စည်းကမ်းဥပဒေများနှင့်အညီ၊ သိလျော်သည်တွင်ပေါ်ပြပါ သည့်အတိုင်း ဆောက်လုပ်၍နောင်ကိုလည်း ဆိုခဲ့သည့်ကာလအပိုင်းအခြားအတွင်း အခါခါ သိမ်းကောင်းမွန်စွာ ပြုပြင်ထားရမည်။

* စည်းကမ်းအချက် ၂ ရပ်အနက်မလိုသောစည်းကမ်းအချက်တို့ကိုခြစ်ရမည်။

၃။ ငှင်းပြင်မြေရှိယာ၏ ပုံထက်တိုးချဲ့၍ အဆောက်အဦများ မဆောက်မလုပ်ရ။

၄။ ဆိုခဲ့သည့်အဆောက်အဦများမှစ၍၊ ငှင်းမြေတွင်ရှေ့အဘို့ဆောက်လုပ်မည့်အဆောက်အဦအနေ အထားဆောက်လုပ်ပုံနည်းလမ်း ဆောက်လုပ်သည့်ပစ္စည်းကိရိယာများကိုဆိုခဲ့သည့် ခရိုင်ဝန်သဘောတူချက်အမိန့် စာမရလျှင်ပြောင်းလဲပြင်ဆင်ခြင်းမရှိစေရ။ ဆိုခဲ့သည့်အတိုင်းအမိန့်စာမရမှိုဘဲ၊ ငှင်းမြေတွင် အခြားအဆောက်အဦ တစ်ခုတရာမဆောက်မလုပ်ရ။

